အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.131(2118-2132) ညဏ်အလင်းပွင့်

ဓားစိတ်ဆန္ဒ

.May Be:

၂၁၁၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၁၈ - ပြန်ပို့ပေးလိုက်ကြ

အခြေအနေသည်

သူမျှော်လင့်ထားသလိုမဟုတ်ခဲ့ချေ။

သူ့အမြင်အရတော့ ယင်ကလန်၏

ဘိုးဘေးက သူ့စိန်ခေါ်ချက်ကို

လက်ခံသင့်သည်မဟုတ်ပါလား။

နောက်ဆုံးတွင်

၎င်းသည်အုပ်စိုးသူအင်အားစု၏

ဘိုးဘေး ပါ။

သူ၏ စိန်ခေါ်မှုကို လက်မခံခဲ့လျှင်

သတင်းပြန့်သွားသည်နှင့် တပြိုင်နက်

ယင်ကလန် သည် သေချာပေါက်

သောက်ရှက်ကွဲပါပြီ။

ထိုအချက်ကို ကျိန်းသေ

တွက်ဆထားသောကြောင့် ယန်ယဲ့ သည်

ယုံကြည်ချက်ရှိရှိ

အပြင်ထွက်လာခြင်းပင်။

ဘိုးဘေးယင်ချင်း က သူ၏စိန်ခေါ်မှုကို

သေချာပေါက် လက်ခံမည်ဟု

ခံစားမိလို့ပါ။

တစ်ယောက်ချင်းတိုက်ပွဲ

ဖြစ်နေသရွေ့တော့

စစ်နတ်ဘုရား၏လက်မောင်းတော်နှင့်

သစ်သားဓားကိုသုံးပြီး

ဘိုးဘေးယင်ချင်းကို
ချက်ချင်းသတ်ပစ်နိုင်ပါသည်။

ယင်ကလန်၏ ဘိုးဘေး
အသတ်ခံလိုက်ရသည်နှင့် တပြိုင်နက်
သူ့ရှေ့က မဟာမိတ်တပ်ဖွဲ့ဟာ
ပရမ်းပတာဖြစ်မည်မှာ သေချာပါသည်။

ထိုအခြေအနေက သူကြိုတွေးထားသည့်
အစီအစဉ်ပါ။

သို့သော် အစီအစဉ်ကောင်းသော်လည်း

လက်တွေ့ကတော့

အတော်လေးကိုဆိုးရွားလှသည်။

ဘိုးဘေးယင်ချင်း က သူ့ကို

အခွင့်အရေးမပေးလိုဘဲ

တစ်ခါတည်းအဆုံးသတ်ချင်နေမည်ဟု

မထင်ထားခဲ့ပေ။

မှန်သည်၊ ဘိုးဘေးယင်ချင်း က

သဘာဝအားဖြင့် ယန်ယဲ့ကို

တစ်ယောက်ချင်းတိုက်ခိုက်ရန်

ရွေးချယ်မည်မဟုတ်ပေ။

သူ၏အဖိုးဖြစ်သူနှင့် ယန်ယဲ့ကြားက

တိုက်ပွဲကို မတွေ့ခဲ့ရင်တော့

စိန်ခေါ်ချက်ကို သေချာပေါက်

လက်ခံလိုက်ပေမည်။ သို့သော် ယန်ယဲ့က

ယင်ကလန်၏ဘိုးဘေးဟောင်းကို

ထိပ်တိုက်ရင်ဆိုင်နိုင်ရုံသာမကဘဲ

ဒဏ်ရာပါရသွားစေခဲ့သည်။

ထိုအဖြစ်အပျက်ပြီးနောက်တွင် သူသည်

ယန်ယဲ့ကို မယှဉ်နိုင်မှန်း သိလိုက်သည်။

အမှန်တော့ သူသည် ယန်ယဲ့ကို

အနိုင်ရခဲ့လျှင်ပင်

သာမန်အခြေအနေတစ်ခုသာ။

အကြောင်းမှာ သူသည်

မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူ

ဖြစ်နေလို့ပါ။ ထို့ကြောင့်

ထာဝရတန်ခိုးရှင် ကို အနိုင်ယူနိုင်သည်မှာ

ပုံမှန်ပင်။ သို့သော်လည်း သူသည်

ယန်ယဲ့ကို ရှုံးနိမ့်သွားလျှင်တော့

ဘာဆက်ဖြစ်မည်နည်း။ ရှုံးနိမ့်သည်ကို

ထည့်မပြောဘဲ

လက်ရည်တူတိုက်ခိုက်နိုင်လျှင်ပင်

သူ့အနေဖြင့် သောက်ရှက်ကွဲပေပြီ။

မည်သို့ပင်ဖြစ်စေ သူသည် ယန်ယဲ့ကို တစ်ယောက်ချင်းတိုက်ခိုက်မည်မဟုတ်ပါ။

ယန်ယဲ့၏ စိန်ခေါ်ချက်ကို
လက်မခံလိုက်ပါက
အရှက်ရစရာဖြစ်သော်လည်း
၎င်းကိုသတ်နိုင်သရွေ့တော့
ဘာပြဿနာမှမရှိတော့ပေ။

သို့သော် ယန်ယဲ့ သည်လည်း

သဘာဝအတိုင်း မတိုက်ခိုက်ပါ။

နောက်ပြန်လှည့်ပြီး နေရာမှာပင်

ပျောက်သွားသည်။

သူထွက်ပြေးသွားသော အရှိန်က

မူလနတ်ဘုရားအဆင့် ၅

ကျင့်ကြံသူများပင်

လိုက်မမှီနိုင်လောက်သည်အထိကို

မြန်ဆန်ပါသည်။ လူတိုင်း
အချိန်မှီတုံ့ပြန်နိုင်ကြခြင်းမရှိပေ။

လူတိုင်း အကြည့်ချင်းဖလှယ်ကြသည်။
အဘိုးအိုတစ်ယောက်က
လူသတ်ချင်စိတ်အပြည့်ဖြင့်
ပြောလိုက်သည် "သူက
မြန်မြန်ထွက်ပြေးသွားပြီ"

ဘိုးဘေးယင်ချင်း က
အသက်ပြင်းပြင်းရှူပြီး
ရုတ်တရက်ပြောလိုက်၏ "လူတိုင်း
မြင်ကြလား"

အားလုံးက ဘိုးဘေးယင်ချင်း ကို
စိုက်ကြည့်နေကြသည်။

ဘိုးဘေးယင်ချင်း က
ဆက်ပြောလိုက်သည် "ယန်ယွဲ့က

စားသမားတစ်ယောက်ပါ။ ဒါပေမဲ့ သူနဲ့ပတ်သက်ရင် ကြောက်စရာကောင်းတာတစ်ခုရှိတယ်။ သူက တခြားသာမန်စားသမားတွေလို ခေါင်းမမာတတ်ဘူး။ ဒါ့အပြင် သူက အရူးတစ်ယောက်၊ ဦးနှောက်မရှိတဲ့ အရူးတစ်ယောက်လို့ ငါတို့တွေ ယူဆခဲ့ကြတယ်။ ဒါပေမဲ့ ဒါတကယ်မှန်ရဲ့လား"

အားလုံးတိတ်ဆိတ်သွားကြသည်။

ဘိုးဘေးယင်ချင်း က ဆက်ပြောသည်

"သူက ညဏ်ရှိတာထက် ရဲရင့်တဲ့

အရူးတစ်ယောက်လို ထင်ရပေမယ့် ဒါက

လုံးဝမဖြစ်နိုင်သေးဘူး။ သူက

ငါတို့ထင်ထားတာထက် အများကြီး

ညဏ်ကောင်းတယ်"

လူတိုင်း သဘောတူဟန်ဖြင့်
ခေါင်းညိတ်ကြသည်။

ဘိုးဘေးယင်ချင်းက
စကားပြောရန်ပြင်လိုက်ပြီးမှ
ခပ်ဝေးဝေးကို
အမှတ်တမဲ့လှမ်းကြည့်လိုက်ရာ ယန်ယဲ့
ပြန်ပေါ်လာသည်ကို မြင်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ က ဘိုးဘေးယင်ချင်း နှင့်အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး ပြုံးကာ "ငါ တစ်ခုခု မေ့နေလို့ပြန်လာခဲ့တာ" ဟု ပြောလိုက်သည်။

ထို့နောက် သူ့ရှေ့မှာ အနက်ရောင်သက်စောင့်ဓား တစ်ချောင်း ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ

အပြုံးမပျက်ဘဲ ပြုံးပြလိုက်သည်။

လူတိုင်း ဤအချိန်ထိ

အံ့သြနေကြတုန်းပါ။ ထိုခဏလေးမှာပဲ

သက်စောင့်ဓား ကနေ ဓားအလင်းတန်း ၆

စင်း ပြေးထွက်လာသည်။

ဓား ၆ ချောင်း ပေါ်လာသည်နှင့်

တပြိုင်နက်

ဘိုးဘေးယင်ချင်း အပါအဝင် လူတိုင်း၏

အမူအရာများသည်

ပြောင်းလဲသွားသည်။

ဆူး... ဆူး... ဆူး... ဆူး...

ရေိယာ ၃ ကီလိုမီတာပတ်လည်ရှိ

အာကာသပြင်ကို အပိုင်းပိုင်း

ဖြတ်တောက်ပစ်လိုက်သည် ။

အသက်ရှူ ၂ ရှိုက်စာအကြာတွင်တော့

ပတ်ဝန်းကျင် သည် ပုံမှန်ပြန်ဖြစ်သွား၏။

ယန်ယဲ့ လည်း ပျောက်သွားခဲ့သည်။

ဘိုးဘေးယင်ချင်း နှင့်အဖွဲ့၏

မျက်နှာပေါ်တွင် အတော်လေးကို

ဆိုးဆိုးရွားရွား အမူအရာများ

ရှိနေကြသည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၅

ယောက် အသတ်ခံလိုက်ရလို့ပါ။

ထို့အပြင် အခြားလူ ၂၀ ကျော်ပါ
ဒဏ်ရာရခဲ့၏။ အချို့က
ဒုက္ခိတဖြစ်လုနီးပါးပင်။

လုယွန်ထျန်း က ရုတ်တရက်
လေးနက်စွာပြောလိုက်သည် "ဒီဓားက
တကယ်ကို ကြောက်စရာကောင်းတယ်"

စကားပြောနေရင်း ဘိုးဘေးယင်ချင်း၏
ပါးစပ်ထောင့်မှ ပြင်းထန်သော

အပြိုးတစ်ခုပေါ်လာသည်။ သူက ရက်စက်မှုအပြည့်လေသံဖြင့် ဆက်ပြောလိုက်သည် "ယန်ယဲ့က တကယ်ကို ရက်စက်တာမဟုတ်ဘူးလား။ အားလုံးကို ခေါင်းဖြတ်ပြီး ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးဆီ ပို့ပေးလိုက်"

သဘာဝအတိုင်း သူသည် ယန်ယဲ့ကို အရိုးထဲထိအောင် မုန်းတီးခဲ့သည်။

အကြောင်းမှာ

ကောင်းကင်ဘုံပျက်သုဉ်းခြင်းမြို့တော်

ဟာ ယန်ယဲ့၏လက်ချက်ဖြင့် နှစ်

ကြိမ်တိတိ

ဖျက်ဆီးခံခဲ့ရလို့ပါ။ ၎င်းသည်

ယင်ကလန်အတွက်

လုံးဝအရှက်ကွဲခြင်းပင်။

ကျန်သူများက ဘိုးဘေးယင်ချင်း၏

အကြံပြုချက်ကို ကန့်ကွက်ခြင်းမရှိပေ။

ထိုအချိန်တွင် လီကလန်၏ဘိုးဘေး

လီနန်ရှန်းက ထပ်ပြောပါသည် "လူတိုင်း၊

ငါတို့ရဲ့ အရင်အစီအစဉ်က

အလုပ်မဖြစ်ဘူးလို့ ငါထင်ပါတယ်။

ယန်ကလန် စိတ်ဓာတ်တွေပြိုလဲတဲ့အထိ

တိုက်ခိုက်ဖို့မလုပ်သေးဘဲ

ဒီအတိုင်းဝိုင်းထားရုံပဲလား။

ဒီလိုလုပ်တာက သိပ်ကလေးဆန်တဲ့

အတွေးတစ်ခုပဲလို့ငါထင်တယ်။

ဘာကြောင့်လဲဆိုတော့ ယန်ကလန်

မပြိုလဲခင်မှာ ငါတို့တစ်ဖွဲ့လုံး

ပြုတ်ပြုတ်ပြုန်းသွားနိုင်တယ်"

လူတိုင်းက

လေးနက်သောအမူအရာများဖြင့်

ကိုယ်စီခေါင်းညိတ်ကြသည်။

ယန်ယဲ့ကသော နေ့တိုင်း ထိုနည်းလမ်းဖြင့်

တိုက်ခိုက်နေလျှင် သူတို့အဖွဲ့ဟာ

အမှန်ပင်ပြိုကွဲသွားပေမည်။

ဘိုးဘေးယင်ချင်း က ခဏမျှ

တိတ်ဆိတ်သွားပြီး အခြားသူများကို

စိုက်ကြည့်ကာ ပြန်ပြောသည် "အစ်ကိုလီ

ပြောတာ မှန်ပါတယ်။ ငါတို့ နှောင့်နှေးလို့

မရတော့ဘူးထင်တယ်။ အမြန်ဆုံး

အဆုံးသတ်ရမယ်။ ဒါပေမဲ့

ငါတို့ရင်ဆိုင်ရမယ့်
ပြဿနာတစ်ခုရှိတယ်၊ အဲဒါက
ယုံကြည်မှုပဲ”

လူတိုင်း တိတ်တိတ်နေကြ၏။

လက်ရှိအဖွဲ့ဟာ အရေးကြီးချိန်ရောက်မှ
ချက်ချင်း ထဖွဲ့လိုက်သော
မဟာမိတ်အဖွဲ့တစ်ခုသာ။ သို့ဖြစ်ရာ
ယုံကြည်မှုမရှိသည်မှာ ပုံမှန်ပင်။

ထို့အပြင် ယန်ကလန် ကို ဖျက်ဆီးပြီးသည်နှင့် မဟာမိတ်အဖွဲ့က အလိုလိုကွဲသွားမည်ကို လူတိုင်း ကြိုသိထားကြသည်။ အကြောင်းမှာ ထိုသို့မဟုတ်လျှင် ကူကလန် နှင့် ဝူကလန် က မဟာမိတ်ဖွဲ့သွားနိုင်လို့ပါ။

ထိုအချိန်တွင် မဟာကလန်ကြီး အားလုံး စစ်ပွဲမီးတောက် လောင်ကျွမ်းသွားနိုင်၏။

သို့သော်လည်း စစ်ပွဲ၏အကျိုးဆက်ကို မည်သူမျှ မခံနိုင်ကြပေ။

ထိုအချိန်တွင် ဘိုးဘေးယင်ချင်း က ထပ်ပြောလိုက်သည် "လူတိုင်း၊ ငါ့မှာ အကြံတစ်ခုရှိတယ်။ နောက်ထပ် မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၅ ယောက်စီ ထပ် စေလွှတ်ပြီး ယန်ကလန် ကို အပြီးတိုင်ဖျက်ဆီးလိုက်ရအောင်။

ငါဒီအခြေအနေကို

ဆက်ပြီးသည်းမခံနိုင်တော့ဘူး"

နောက်ထပ်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၅

ယောက်စီလား။

လက်ရဖို

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၄၅

ယောက်ကို ထပ်ပေါင်းလျှင် တပ်ဖွဲ့

အရေအတွက်က ၇၀ ခန့် ရှိပါလိမ့်မည်။

ယန်ကလန်၏

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အရေအတွက်ထက် ၇ ဆနီးပါး

ပိုပါသည်။

မျိုးနွယ်စုကြီး ၅ ခု၏

တပ်ဖွဲ့များအားလုံးကို

စေလွှတ်လိုက်ခြင်းမဟုတ်သော်လည်း

လုံးဝအားလျှော့ထားခြင်းမဟုတ်ပေ။

သို့သော်

အားလုံးတိတ်ဆိတ်သွားကြသည်။

အခြေအနေက ဤအမျှအထိ

မြင့်တက်လာမည်ဟု

မမျှော်လင့်ထားကြပေ။

အတွင်းပိုင်းပဋိပက္ခကြောင့်

အင်အားကျဆင်းသွားသော

မျိုးနွယ်စုတစ်ခုအား

သိမ်းပိုက်ရန်အတွက် မဟာကာလန်ကြီး ၅

ခု၏ပူးပေါင်းအားကို သုံးနေရသည်။

မျိုးနွယ်စုတိုင်းအတွက်

ကျင့်ကြံသူအများအပြား

ဆက်တိုက်စေလွှတ်ခြင်းက

အန္တရာယ်များလှသည်။

ယန်ကလန် နှင့် ထိပ်တိုက်စစ်ပွဲအပြင်

ကူကလန်၊ ဝူကလန် ကဲ့သို့

အင်အားအပြည့်ရှိနေသော

ပြိုင်ဖက်များလည်း ရှိနေသေး၏။

နောက်ထပ် အရေးကြီးဆုံးကတော့

တံလျှပ်တောင်တန်းမှ

လျှို့ဝှက်ဆန်းကြယ်တည်ရှိမှုပင်။

တစ်ချိန်တည်းမှာပဲ ဘိုးဘေးယင်ချင်း က ဆက်ပြောလိုက်၏ "မင်းတို့က ယန်ယဲ့နဲ့ ယန်လျန်ရှမ်း အင်အားအပြည့်ကြီးထွားလာတာကို မြင်ချင်နေသလား"

ဘိုးဘေးယင်ချင်း ပြောလိုက်သည့်စကားကို ကြားသောအခါ လူတိုင်း၏

အမှုအရာများသည်

ပြောင်းလဲသွားသည်။

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း သာ

အင်အားအပြည့်ဖြစ်လာသည်နှင့်

နှစ်ယောက်ပေါင်းထားလျှင်

သူတို့အားလုံး

တားဆီးနိုင်မည်မဟုတ်ပေ။ မဟုတ်ပါ၊

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း သာ

အသက်ရှင်လျက်လွတ်မြောက်သွားလို့မ

ရပေ။ အကယ်၍

အသက်ရှင်ခွင့်ပေးလိုက်ပါက

နှစ်အနည်းငယ်ကြာသည်နှင့်

သူတို့နှစ်ယောက်၏ပူးပေါင်းအားဟာ

အလယ်စကြာဝဠာတစ်ခုလုံးကိုပင်

သိမ်းပိုက်ထားနိုင်ပေမည်။

လုယွန်ထျန်း က ရုတ်တရက်

ပြောလိုက်သည် "ငါ သဘောတူတယ်"

အားလုံးက လုယွန်ထျန်း ကို

စိုက်ကြည့်နေသည်။ လုယွန်ထျန်း က

အသံတိုးတိုးဖြင့် ပြန်ပြောခဲ့သည်

“အစ်ကိုယင်ချင်း ပြောတာ မှန်ပါတယ်။

ငါတို့တွေက ချီတုံချတုံနဲ့ အရမ်းကြီး

စိုးရိမ်နေလို့မရပါဘူး။ ယန်ကလန် နဲ့

ငါတို့ရဲ့ ဆက်ဆံရေးက

ဒီလိုအခြေအနေတောင်ရောက်နေပြီလေ။

ဒါကြောင့် ငါတော့ ယန်ကလန်ကို

အပြီးတိုင်ဖျက်ဆီးဖို့ပဲဆန္ဒရှိတယ်။
အထူးသဖြင့်တော့ ယန်ယဲ့ နဲ့
ယန်လျန်ရှမ်း ပဲ။ သူတို့ကို
အင်အားအပြည့်ကြီးလာခွင့်ပေးလို့မရ
ဘူး။ မဟုတ်ရင် ငါတို့အတွက်
အိပ်မက်ဆိုးတွေ ဖြစ်လာလိမ့်မယ်”

ထိုအချိန်တွင် ဝမ်ကလန်၏
ဘိုးဘေးဝမ်ဂူ ကလည်း ခေါင်းညိတ်ကာ

ထပ်ပြောလိုက်သည် "ငါ့ဝမ်ကလန်က

သဘောတူပါတယ်"

"ငါ့ရဲ့ ချင်းမျိုးနွယ်စုက

သဘောတူပါတယ်...."

ဘိုးဘေးအသီးသီးက ခေါင်းညိတ်ပြီး

သဘောတူကြောင်း ပြကြသည်။

ဘိုးဘေးယင်ချင်း က ပြုံးလိုက်သည်။သူက ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး ကို ငုံ့ကြည့်ပြီး အေးစက်စက်ပြောလိုက်သည် "မနက်ဖြန် တိုက်ခိုက်မယ်"

ထိုအချိန်တွင် လုယွန်ထျန်း က ရုတ်တရက်ပြောသည် "မှန်ပါတယ်၊ တော်တော်များများက ယန်ကလန် က

နှုတ်ထွက်သွားတယ်လို့

ငါသတင်းရထားတယ်။ သူတို့နဲ့

ပတ်သက်ပြီး ငါတို့ ဘာလုပ်သင့်လဲ”

"သူတို့ကို သတ်လိုက်တာပေါ့"

ဘိုးဘေးယင်ချင်း က

ရက်စက်မှုအပြည့်နှင့် ပြန်ပြောပါသည်

"ပေါင်းပင်တွေကို အမြစ်ကနေ

ဆွဲနှုတ်သင့်တယ်။ ဒါကြောင့်

ယန်ကလန်ရဲ့ အဖွဲ့ဝင်တွေအကုန်လုံး

ဒီအလယ်စကြာဝဠာကနေ

ပျောက်ကွယ်သွားသင့်တယ်”

May Be:

၂၁၁၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၁၉ - ဘိုးဘေးတို့

နေကောင်းကြလား

၆ နာရီခန့်အကြာတွင်
ငြိမ်သက်ခြင်းမြို့ထဲသို့ ခေါင်းပေါင်း
၂၀၀ ကျော် ပြုတ်ကျလာသည်။

အားလုံးက ယန်ကာလန် မှ
နှုတ်ထွက်သွားသော အဖွဲ့ဝင်များပင်။
ထိုနေ့တွင်
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ
အများစုနုတ်ထွက်သွား၏။ သို့သော်
တစ်ယောက်တည်းထွက်သွားကြခြင်းမ

ဟုတ်ပေ။ မိသားစုဝင်များကိုပါ

ခေါ်ထုတ်သွားကြသည်။

ဤအခိုက်အတန့်တွင် အားလုံး

အသတ်ခံလိုက်ရလေပြီ။

ခေါင်းပြတ်ပေါင်း ၂၀၀ ကျော်က

ငြိမ်သက်ခြင်းမြို့ ကို

အတော်လေးတုန်လှုပ်သွားစေသည်။

ဤအချိန်တွင် ယန်ကလန်၏

မရေမတွက်နိုင်သော အဖွဲ့ဝင်များသည်

ငြိမ်သက်ခြင်းခန်းမ အပြင်ဖပ်၌

ရပ်နေကြသည်။

အားလုံးက ခေါင်းပြတ်များ

ကိုကြည့်နေကြတယ်။ ထိုခေါင်းများထဲမှ

အချို့သည်

မျက်လုံးများဖွင့်ထားဆဲဖြစ်သည်။

မျက်လုံးများကလည်း

ထိတ်လန့်မှုများနှင့် ပြည့်နှက်နေပါသည်။
မသေခင်မှာ ကြောက်စရာကောင်းသော
အရာတစ်ခုကို ကြုံတွေ့ခဲ့မှန်း
သိသာပါသည်။

ယန်လျန်ရှမ်း က လက်နှစ်ဖက်ကို
နောက်ပစ်လျက် ခန်းမအဝင်ဝ၌
ရပ်နေသည်။ သူမ၏ မျက်လုံးများကို
မှိတ်ထားကာ တိတ်ဆိတ်နေ၏။

နံဘေးတွင် ရပ်နေသည့် ယန်ယဲ့ လည်း
အလားတူပင် တိတ်ဆိတ်နေသည်။

ဤနေရာ၌လူတိုင်း
တိတ်ဆိတ်နေခဲ့သည်။

ယန်လျန်ရှမ်း က ရုတ်တရက်
မျက်လုံးဖွင့်လာကာ ကောင်းကင်ကို
မော့ကြည့်လိုက်ပြီး

အေးစက်စက်ပြောခဲ့သည် "သွေးကြွေးကို သွေးနဲ့ ပြန်ဆပ်ရမယ်"

သွေးကြွေးကို သွေးနဲ့ပြန်ဆပ်ရမယ်။

ယင်ကလန် နှင့် အခြားသော မျိုးနွယ်စုကြီး ၄ ခုသည် ယန်ကလန် ကို မည်သည့်ကြောင့်တိုက်ခိုက်သနည်း။ ယန်ကလန် က အရင်ဦးဆုံး စစ်ကြေညာလိုက်ခြင်းပေလား။

မဟုတ်ပေ၊ နောက်ကွယ်မှ

အကြောင်းပြချက်မှာ

ကိုယ်ပိုင်အကျိုးစီးပွားပင်။

ယန်ကလန် သည်

အတွင်းရေးပဋိပက္ခအပြီး

အင်အားကျဆင်းသွားခဲ့လို့ပါ။

ဤအခိုက်အတန့်က ယန်ကလန် ကို

တိုက်ခိုက်ရ အလွယ်ဆုံးဖြစ်ပင်။

မှန်သည်၊

အခြားအကြောင်းပြချက်တစ်ခုလည်း

ရှိခဲ့၏။

ယန်ကလန် သည်

အင်အားကျဆင်းသွားသည့်တိုင်

ထူးခြားသော ပါရမီရှင် နှစ်ဦးရှိနေလို့ပါ။

အကယ်၍ ထိုပါရမီရှင် ၂ ယောက်သာ

အချင်းချင်းတိုက်ခိုက်နေလျှင်တော့

ယန်ကလန် ကို

တိုက်ခိုက်ဦးမှာမဟုတ်ပေ။

ပြဿနာမှာ ထိုပါရမီရှင် ၂ ယောက်ဟာ

တိုက်ခိုက်နေခြင်းမဟုတ်ဘဲ

အတူတူပေါင်းစည်းထား၏။

ထိုအခြေအနေက ယင်ကလန် နှင့်

မဟာမိတ်တပ်ဖွဲ့များ ကြောက်ရွံ့နေသော

အဓိကအအကြောင်းပြချက်ပါ။

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း

အင်အားကြီးလာမည်ကို

ကြောက်ရွံ့ကြသည်။ အထူးသဖြင့်

ယင်ကလန် ပင်။ ယန်ယဲ့ နှင့်

ယန်လျန်ရှမ်း သာ

အင်အားအပြည့်ဖြစ်လာသည်နှင့်

ယင်ကလန် သည် အလယ်စကြာဝဠာ၏

အုပ်စိုးသူနေရာကို

ဆက်ထိန်းထားနိုင်မှာမဟုတ်တော့ပေ။

ငြိမ်သက်ခြင်းခန်းမ ။

ဤအခိုက်အတန့်တွင် ခန်းမထဲ၌ ယန်ယဲ့နှင့် ယန်လျန်ရှမ်း သာရှိနေသည်။

နှစ်ယောက်သား အချိန်အတော်ကြာနှုတ်ဆိတ်နေကြသည်။ ထို့နောက် ယန်လျန်ရှမ်း က ရုတ်တရက် ပြောခဲ့သည်
"မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၇၀ မနက်ဖြန်မှာ

ရောက်လာမယ်လို့ သတင်းရထားတယ်။

ငါတို့တွေ

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး ကို

ကာကွယ်နိုင်မှာ မဟုတ်ဘူး”

ယန်ယဲ့က သူမကို ကြည့်ပြီး

ပြန်ပြောလိုက်သည် "ဒါဆို ငါတို့က

ကြိုးစားတိုက်ခိုက်ပြီး အသေခံရမှာလား"

ယန်လျန်ရှမ်း က ခေါင်းခါသည်  "ငါတို့ မလုပ်နိုင်ဘူး။
ဘာမှထူးခြားလာမှာလည်းမဟုတ်ဘူး။
ဘာကြောင့်လဲဆိုတော့ ငါတို့ရဲ့
အင်အားက သူတို့နဲ့ မယှဉ်နိုင်လို့ပဲ"

ယန်ယဲ့ လည်း
ခေါင်းညိတ်လိုက်သည်။ယန်ကလန်
သည် လက်ရှိအခြေအနေတွင်
ဘာမှကိုမတတ်နိုင်တော့ပေ။

အတိတ်ကအင်အားအပြည့်ရှိနေလျှင်ပင် မျိုးနွယ်စုကြီး ၅ ခုပေါင်းထားသော မဟာမိတ်တပ်ပေါင်းစုကို ရင်ဆိုင်နိုင်မည်မဟုတ်ပါ။

ယန်ယဲ့က ယန်လျန်ရှမ်း ကို စိုက်ကြည့်ရင်းမေးလိုက်၏ "ဒါဆို ငါတို့ဘာလုပ်သင့်တယ်ထင်လဲ ငါ့ကိုပြောပါ"

ယန်လျန်ရှမ်း က တိုက်ကြီးအား ကာကွယ်နိုင်မည် မဟုတ်မှန်း သိနေသောကြောင့် အခြားထွက်လမ်းတစ်ခု ရှိနေသည်မှာ သေချာ၏။

“ပြန်ဆုတ်ကြတာပေါ့” ယန်လျန်ရှမ်းက လေးနက်စွာ ပြန်ဖြေသည်။

ယန်ယဲ့ က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
ပြောပါသည် "ငါတို့
လွတ်မြောက်နိုင်ပေမယ့်
တခြားသူတွေတော့ ဘယ်လိုလုပ်မလဲ"

ယန်လျန်ရှမ်းက ခေါင်းခါကာ
ဆက်ပြောလိုက်သည် “ငါတို့
တတ်နိုင်တယ်”

ယန်ယဲ့ က သိချင်သွားမိသည်

“ဘယ်လိုမျိုးလဲ”

ယန်လျန်ရှမ်း က ခြေတစ်ဖက်

မြှောက်ကာ ခန်းမကြမ်းပြင်ကို ပုတ်ပြီး

ပြောလိုက်သည်

“အဲဒီမှာ ပေါ်တယ်စနစ် ရှိတယ်။ ဒါဟာ

လျှို့ဝှက်နေရာတစ်ခုနဲ့

ချိတ်ဆက်ထားတယ်။ ဘာလဲဆိုတော့

ငါတို့မျိုးနွယ်စု အရေးကြုံလာတဲ့အခါ
ကာကွယ်ဖို့အတွက်
ကြိုပြီးပြင်ဆင်ထားတဲ့နေရာတစ်ခုပဲ"

သူမက ခဏရပ်ပြီး “ငါတို့ယန်ကလန်
တင်မဟုတ်ဘူး။
တခြားမျိုးနွယ်စုတွေလည်း အတူတူပဲ။
သာမန်ကာလတွေမှာ
ကြိုပြီးပြင်ဆင်ထားကြပြီးသား။
ဘာလို့လဲဆိုတော့ ဘယ်မျိုးနွယ်စုမှ

ထာဝရမရှင်သန်နိုင်လို့။

ကပ်ဘေးကျလာတဲ့အခါ ဒီလိုလွတ်

မြောက်ရေးအစီအစဉ်တွေက

မျိုးနွယ်စုတစ်ခုရဲ့

နောက်ဆုံးမျှော်လင့်ချက်ပါ”

ထို့နောက် သူမက ယန်ယဲ့ ကို

စိုက်ကြည့်ရင်း ရုတ်တရက်

မေးလိုက်သည် "နင့်ကို

တစ်ခုလောက်မေးပါရစေ။

မျိုးနွယ်စုကြီး ၈ ခုက
အလယ်စကြာဝဠာမှာ အသန်မာဆုံးလို့
ထင်သလား”

ယန်ယဲ့ က အနည်းငယ်
မျက်မှောင်ကြုတ်ကာ "မင်းဘာပြောဖို့
ကြိုးစားနေတာလဲ"

ယန်လျန်ရှမ်း က တခစ်ခစ်ရယ်ပြီး
ဆက်ပြောလိုက်၏ “မျိုးနွယ်စုကြီး ၈

ခုက အလယ်စကြာဝဠာမှာ

အပြင်းထန်ဆုံးလို့ လူတိုင်း

ထင်နေကြတာပဲ။ ဒါပေမဲ့ တကယ်တော့

မမှန်ပါဘူး။ ဒီလောကမှာ

လျှို့ဝှက်ဆန်းကြယ်တဲ့

အင်အားစုတွေအများကြီးပဲ။ ဒါဟာ

မျိုးနွယ်စုကြီး ၈ ခုထက်တောင်

ပိုသန်မာနိုင်သေးတယ်။ ဥပမာအနေနဲ့

တံလျှပ်တောင်တန်း ဒါမှမဟုတ်

လျှို့ဝှက်ဂိုဏ်း....”

"လျှို့ဝှက်ဂိုဏ်း လား" ယန်ယဲ့၏

အမူအရာက

အနည်းငယ်ပြောင်းသွားသည်

"လျှို့ဝှက်ဂိုဏ်းအကြောင်း မင်းသိလား"

ယန်လျန်ရှမ်း၏ မျက်လုံးထဲ၌လည်း

အံ့အားသင့်မှု တစ်ချက်

ထွက်ပေါ်လာသည်။ သူမက

ယန်ယွဲ့ကိုကြည့်ကာ "နင်လည်း

လျှို့ဝှက်ဂိုဏ်းအကြောင်း

သိနေတာလား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်

"သူတို့က ငါ့ကိုလိုက်ရှာနေတာ"

ယန်လျန်ရှမ်း က

အနည်းငယ်အံ့သြသွားပုံပါ “သူတို့က

နင့်ကို သူတို့နဲ့

ပူးပေါင်းခိုင်းချင်နေတာလား” သူမက

မေးလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

ပြန်မေးလိုက်၏ "မင်းကို သူတို့နဲ့

ပူးပေါင်းစေချင်တာမဟုတ်လား"

ယန်လျန်ရှမ်း က အနည်းငယ်

ခေါင်းညိတ်ပြသည် “ငါ့အသိအရ

ငါတစ်ယောက်တည်းတော့

မဟုတ်ပါဘူး။ နင့်မှာ ခွန်အားနဲ့

သဘာဝအတိုင်း

အရည်အချင်းရှိနေသရွေ့ လျှို့ဝှက်ဂိုဏ်း

ကို ဖိတ်ခေါ်ဖို့ ရောက်လာလိမ့်မယ်။

ဒါပေမဲ့ သူတို့က

ထူးခြားတဲ့သဘာဝစွမ်းရည်နဲ့

အလားအလာရှိသူတွေကိုပဲ

ရွေးချယ်ကြတယ်"

ယန်ယဲ့က ထပ်ပြောလိုက်သည်

"တစ်နည်းပြောရရင်

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

ပါရမီရှင်အများစုက လျှို့ဝှက်ဂိုဏ်းရဲ့

အဖွဲ့ဝင်တွေဖြစ်နေလောက်ပြီ"

"နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်လား

" ယန်လျန်ရှမ်းက ပါးစပ်ထောင့်တွင်

လှောင်ပြောင်သရော်မှုတစ်ခုပေါ်လာသ

ည်။

“နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်က

ကလေးတွေအတွက်ပဲလေ။

စစ်မှန်တဲ့ကျင့်ကြံသူတွေက

ကိုယ့်ကိုယ်ကို

သက်သေပြစရာမလိုဘူးလေ။

ဥပမာအနေနဲ့ နင်က

အဆင့်သတ်မှတ်ချက်မှာ မပါဝင်ဘူး။

ဒါပေမဲ့ နင်အားနည်းတယ်လို့

ဘယ်သူကမှ မပြောရဲဘူးမဟုတ်လား"

ယန်ယဲ့က တဟားဟား

ရယ်မောလိုက်သည်

“ကလေးတွေအတွက်.... အဲဒီ

ပါရမီရှင်တွေသာ

မင်းခုနကပြောတဲ့စကားကို ကြားရင်

သွေးတွေ အန်ထွက်လာတဲ့အထိ

ဒေါသဖြစ်လိမ့်မယ်"

"ဒါဟာ အမှန်ပဲ" ယန်လျန်ရှမ်း က

ဆက်ပြောပါသည် "ဒါပေမဲ့

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့ နံပါတ်တစ်ကျင့်ကြံသူ ကတော့ အဲဒီလူမှာ စွမ်းရည်တချို့ရှိတယ်"

ယန်ယဲ့က စိတ်ဝင်စားသွားသည် "နံပါတ်တစ် လား။ သူက ဘယ်သူလဲ မင်းသိလား"

ယန်လျန်ရှမ်း က ခေါင်းညိတ်လိုက်သည် "အဲဒီလူကို ငါတွေ့ဖူးတယ်။ သူက အခု

လှျို့ဝှက်ဂိုဏ်းထဲ ကို ဝင်နေလောက်ပြီ"

ထို့နောက် ခေါင်းကို ခါယမ်းရင်း

ပြောလိုက်သည်  “ဒီမှာပဲ

ရပ်လိုက်ရအောင်။ ဒီအချိန်မှာ ငါတို့က

ငြိမ်သက်ခြင်းမြို့က လူတိုင်းကို

အဝေးရောက်အောင်ပို့ဖို့လုပ်ရမယ်”

ယန်ယဲ့ က လေးနက်စွာပြောလိုက်သည်

"ဒါက အရမ်းသိသာနေမှာပဲ။

ငါတို့လုပ်နေတာတွေကို သူတို့
သတိထားမိလိမ့်မယ်”

ယန်လျန်ရှမ်း က ခေါင်းညိတ်ကာ
ပြန်ပြောပါသည် “ငါ သိပါတယ်။ ဒါဆို
နင့်အကူအညီလိုနေတယ်"

ယန်ယဲ့က "မင်းဘာကိုဆိုလိုတာလဲ"

ယန်လျန်ရှမ်း က ကောင်းကင်ကို

မော့ကြည့်ကာ ပြောလိုက်သည်

“ပရမ်းပတာဖြစ်အောင်လုပ်ပါ။

ကြီးလေလေ ပိုကောင်းလေပါပဲ။

မဟာမိတ်တပ်ဖွဲ့က နင့်အပေါ်မှာပဲ

အာရုံရောက်နေအောင်အချိန်ဆွဲပေးထား

ပါ။ အကြာကြီးလုပ်စရာမလိုပါဘူး။ ၄

နာရီလောက်ဆို လုံလောက်တယ်။ ၄

နာရီပြည့်တာနဲ့

နင်ပါထွက်သွားလို့ရတယ်"

ယန်ယဲ့ သည် အကြာကြီး

တိတ်တိတ်ဆိတ်ဆိတ်နေပြီးမှ ပြန်

ပြောလိုက်သည် "ထွက်သွားတာက

ယန်ကလန် မှာရှိတဲ့ အရာအားလုံးကို

စွန့်လွှတ်လိုက်တာပဲ။ မင်း အဲဒါကို

တကယ်လုပ်ဖို့ ဆန္ဒရှိသလား"

"လူတိုင်းကို သေစေတာထက် ပိုကောင်းတယ်" ယန်လျန်ရှမ်း က ဆက်ပြောလိုက်သည် “ငါတို့ အသက်ရှင်နေတဲ့အချိန်မှာ မျှော်လင့်ချက်ရှိပါသေးတယ်။ ဒါပေမဲ့ ငါတို့သေသွားရင် အရာအားလုံးက အဓိပ္ပါယ်မဲ့သွားလိမ့်မယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

“နားလည်ပါတယ်။

ကျန်တာငါ့ဆီထားခဲ့ပါ"

ထိုစကားပြောပြီးသည်နှင့်

နောက်ပြန်လှည့်ကာ

ထွက်သွားရန်ပြင်လိုက်၏။ ထိုအချိန်တွင်

ယန်လျန်ရှမ်း က ရုတ်တရက်

ပြောခဲ့သည် "ကျေးဇူးတင်ပါတယ်"

ယန်ယဲ့ က သူမကို လှည့်ကြည့်လိုက်ရင်း

အပြုံးဖြင့် ပြန်မေးလိုက်သည်

"မင်းဘယ်တုန်းက

အရမ်းယဥ်ကျေးလာတာလဲ"

ယန်လျန်ရှမ်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

"နင်မရှိရင် မျိုးနွယ်စုတစ်ခုလုံးကို

ငါစီမံခန့်ခွဲနိုင်မှာ မဟုတ်ဘူး"

ယန်ယဲ့က ပြုံးပြီး ထပ်မေးလိုက်သည်
"ဒါဆို မင်းက ငါ့ကို ဘယ်လို
ကျေးဇူးဆပ်မှာလဲ"

ယန်လျန်ရှမ်း က တခစ်ခစ်ရယ်ရင်း
ပြန်ပြောပါသည် “ဒီလို အတွေးမျိုး
တစ်ခါမှ မတွေးဖူးဘူး။
ဘာလို့လဲဆိုတော့ နင်လိုချင်တာမျိုး
ယန်ကလန်မှာ ဘာမှမရှိဘူးလို့ထင်လို့"

ယန်ယဲ့ က ရယ်မောရင်း ပြောလိုက်၏

“တကယ်တော့ ငါ့ကို ကျေးဇူးတင်နေစရာ

မလိုပါဘူး။ ဘာလို့လဲဆိုတော့ ငါက အခု

ယန်ကလန်ရဲ့ အစိတ်အပိုင်း

ဖြစ်နေလို့ပါ။ ဒါ့ထက် ငါက ယန်ကလန်

မှာ မပါဝင်ဘူးဆိုရင်တောင် ငါတို့က

မိတ်ဆွေတွေလေ။

မိတ်ဆွေတွေကြားထဲမှာ

ကျေးဇူးတင်စကား ပြောနေစရာ
မလိုပါဘူး။ ဟုတ်တယ်မလား"

ယန်လျန်ရှမ်းက ယန်ယဲ့အား
အချိန်အတော်ကြာ စိုက်ကြည့်ရင်း
ပြီးကာ "နင်နဲ့ဆက်ဆံရတာ တကယ်ကို
လွယ်တယ်ဆိုတာ ရုတ်တရက်
သိလိုက်ရတယ်"ဟုပြောပါသည်။

ယန်ယဲ့ က ပြုံးလိုက်သည်။ ထို့နောက်

စကားတစ်ခွန်းမှ မပြောဘဲ ခန်းမထဲက

ထွက်လာခဲ့သည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့်

ငြိမ်သက်ခြင်းမြို့တော်၏

မြို့အကာအကွယ်အစီအရင်သည်

ချက်ချင်းပင် အသက်ဝင်လာခဲ့သည်။

မရေမတွက်နိုင်သော

ဝိညာဉ်စွမ်းအင်ကြိုးများ လေထဲသို့

လွင့်ပျံသွားသည်။ အဆုံးတွင်တော့

အားလုံးသည် ကောင်းကင်ယံအထက်၌

ပေါ်လာသော အလင်းအတားအဆီးထဲကို

ဝင်ရောက်သွားသည်။တစ်ချိန်တည်းမှာပ

င် ငြိမ်သက်ခြင်းမြို့ထဲမှ

မရေမတွက်နိုင်သော အသံများ

ထွက်ပေါ်လာသည်။

"အသေအကြေတိုက်ခိုက်ကြ."

ထိုအချိန်တွင်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၇၀ ပါ တပ်ဖွဲ့ကြီးက

တိုက်ကြီးအား ငုံ့ကြည့်နေကြသည်။

ဘိုးဘေးယင်ချင်း၏

နောက်မှာရပ်နေသော လုယွန်ထျန်းက

ရှတ်တရက် မေးခဲ့သည် "ငါတို့

အခုတိုက်ခိုက်ရမှာလား"

ဘိုးဘေးယင်ချင်း က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။

စကားပြန်ပြောရန်ပြင်လိုက်ရင်းဖြင့်

ခပ်ဝေးဝေးကို

ရှတ်တရက်လှမ်းကြည့်လိုက်သည်။

ထိုနေရာက အနည်းငယ်

တုန်ခါသွားပြီးနောက်

သူတို့အုပ်စုရှေ့တွင် ယန်ယဲ့
ပေါ်လာသည်ကို သတိပြုမိကြသည်။

ယန်ယဲ့ လား။

လူတိုင်း၏ အမူအရာများသည်
အနည်းငယ်ပြောင်းလဲသွားသည်။
ထို့အပြင် အားလုံးက မျက်နှာပေါ်တွင်
သတိအပြည့်ထားနေဟန်များ
ပေါ်လာကြသည်။

သူတို့က

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၇၀

ပါတပ်ဖွဲ့ကြီးဖြစ်သော်လည်း ယန်ယဲ့ကို

လျှော့မတွက်ဝံ့ခြင်းမရှိပေ။

အကြောင်းကတော့ သူတို့ရှေ့မလူငယ်က

ညကျော်များလို့ပါ။

ဘိုးဘေးယင်ချင်း၏

မျက်လုံးထဲမှာလည်း

သတိထားနေမိသည်။ ယန်ယဲ့က

တစ်ယောက်တည်း

ပေါ်လာဝံ့သောကြောင့်

ဝှက်ဖဲတစ်ခုခုရှိရပေမည်။ သို့မဟုတ်

ယန်ယဲ့ သည် နောက်ထပ်

အကြံအစည်တစ်ခုရှိနေပေမည်။

ယန်ယဲ့က သူ့ရှေ့မှ တပ်ဖွဲ့ကြီးကို မော့ကြည့်လိုက်သည်။

ပြောစရာပင်မလိုချေ။ ဤအင်အားစုကို ရင်ဆိုင်နိုင်စွမ်းအပေါ် သူ့ကိုယ်သူ လုံးလုံးယုံကြည်မှုမရှိပေ။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ အယောက် ၇၀ ။

တိုက်ခိုက်ရန်အသာထား၊ ၎င်းမှ

ထွက်ပေါ်လာသော အော်ရာပင်

သူ့အားသတ်ပစ်ရန်လုံလောက်ပါသည်။

သို့သော် မည်သို့ပင်ဖြစ်စေ သူသည်

နောက်ပြန်မဆုတ်နိုင်ပါ။

အကြောင်းကတော့ ယန်လျန်ရှမ်း၊

ယန်ကလန်၏ အဖွဲ့ဝင်များ နှင့်

သူ့မိသားစုအတွက်

အချိန်ဆွဲပေးထားလို့ပါ။

သူသည် လူတိုင်း တစ်ယောက်မကျန်
ထွက်သွားနိုင်သည်အထိ
အချိန်ဆွဲထားရပေမည်။

ယန်ယဲ့က
အသက်ပြင်းပြင်းရှူလိုက်သည်။
ထို့နောက် ဘိုးဘေးယင်ချင်း ကို
စိုက်ကြည့်ကာ အပြုံးတစ်ခုနှင့်
"ယင်ကလန်ရဲ့ဘိုးဘေးကြီး၊

တွေ့ရတာဝမ်းသာပါတယ်။

မျိုးနွယ်စုအသီးသီးကဘိုးဘေးတွေ၊အား

လုံးပဲ နေကောင်းကြလား"🤣🤣🤣

အားလုံးက ပြောစရာစကားမဲ့သွားသလို

ခံစားလိုက်ရလေသည်။

ဘိုးဘေးယင်ချင်း အပါအဝင် လူတိုင်း

အံ့အားသင့်သွားပါပြီ။

ဘိုးဘေးယင်ချင်း က ယန်ယွဲ့ ကို
စိုက်ကြည့်ရင်း အေးတိအေးစက်
ပြောလိုက်သည် "ယန်ယွဲ့၊ အခု
မင်းဘာဖြစ်ချင်နေတာလဲ"

ယန်ယွဲ့က ရှက်ကိုးရှက်ကန်းနဲ့
ရယ်မောပြီး “မင်းတို့အားလုံးနဲ့ တစ်ခုခု
ဆွေးနွေးဖို့ ငါဒီကို ရောက်လာတာပါ။
တကယ်တော့ ရန်ငြိုးဖွဲ့တိုင်းသာ
ကလဲ့စားချေနေရင် ရန်ငြိုးက

ဘယ်တော့မှ မဆုံးနိုင်ဘူးလို့

ထင်ပါတယ်။ ဒါဆို ငါတို့ဘာလို့ထိုင်ပြီး

လက်ဖက်ရည်သောက်ရင်း

မဆွေးနွေးကြတာလဲ။

ငါတို့ကြားကဖြစ်ခဲ့တဲ့ ပဋိပက္ခတွေကို

မေ့ပစ်လိုက်ကြတာပေါ့"

ထိုစကားကြားသောအခါ

လူတိုင်း၏မျက်နှာက

ထူးဆန်းသောအမူအရာများ

ရှိနေကြသည်

"ဒီကောင်ဘာလုပ်ဖို့ကြိုးစားနေတာလဲ"

ထိုအချိန်တွင် ဘိုးဘေးယင်ချင်း က

အေးစက်စက်ပြန်ပြောလိုက်သည်

"ယန်ယဲ့၊ အဲဒါ ဖြစ်နိုင်တယ်လို့

မင်းထင်လား"

"ဘာလို့မဖြစ်နိုင်ရမှာလဲ" ယန်ယဲ့က

ကမန်းကတန်းပြောလိုက်သည်

“သွားမရတဲ့ လျှိုမြောင်တွေဆိုတာ မရှိပါဘူး။ ငါတို့နှစ်ယောက်ကြားက ရန်ငြိုးတွေကို ဖယ်ပြီး ရယ်မောလိုက်ရုံပါပဲ”

ဘိုးဘေးယင်ချင်း က ယန်ယွဲ့ကို စိုက်ကြည့်နေသည် "မင်းက ဘာလိုချင်လို့လဲ"

ထိုအချိန်တွင် လုယွန်ထျန်း က

ရုတ်တရက်ဝင်ပြောလိုက်သည်

"အစ်ကိုယင်၊ သူက

အချိန်ဆွဲနေတာထင်တယ်"

ထိုစကားကြားသောအခါ လူတိုင်း၏

အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

ထို့နောက်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး ကို

ငုံ့ကြည့်ကြသည်။ ဖြစ်နိုင်ခြေတစ်ခုခုကို တွေးမိလိုက်ချိန်တွင်တော့ ယန်ယဲ့ထံမှ ဓားအူသံ ထွက်လာသဖြင့် လူတိုင်း အာရုံပြန်ဝင်လာခဲ့သည်။

ယန်ယဲ့ က ဘိုးဘေးယင်ချင်း ကို ဓားဖြင့်ထိုးချိန်ကာ အေးစက်စက်ပြောလိုက်သည်

"မင်းတို့က ငါတို့အားလုံးကိုအသက်ရှင်ဖို့ အခွင့်အရေးမပေးဘူးဆိုတော့ ငါ့ယန်ကလန်က မင်းတို့အားလုံးကိုတစ်ခါတည်းဆွဲချတာပေါ့"

"ငါတို့ကို မင်းနဲ့အတူ ဆွဲချမှာလား" ဘိုးဘေးယင်ချင်း က အေးစက်စွာ ရယ်မောလိုက်သည် "ယန်ယွဲ့၊

မင်းတို့ယန်ကလန်ရဲ့ လက်ရှိအင်အားက
ဒီလိုမျိုး လုပ်နိုင်တယ်လို့ မင်းထင်လား"

ယန်ယဲ့ က ခဏမျှ ငြိမ်သွားပြီးနောက်
“ငါတို့ လက်မြှောက်ရင် ဖြစ်နိုင်မလား”
ဟူ၍ ပြန်ဖြေလိုက်သည်။

အားလုံး အံ့အားသင့်သွားပြန်သည်။

ဒီကောင်က လက်နက်ချချင်သလား။

ငါတို့များ နားကြားမှားနေတာလား။

မောက်မာလွန်းတဲ့ ယန်ယဲ့က

တကယ်လက်မြှောက်ချင်နေတာလား။

ထိုအချိန်တွင် လုယွန်ထျန်း က

အလျင်စလိုပြောလိုက်သည် "သူက

တမင်အချိန်ဆွဲနေတာ သေချာတယ်။

ဟိုဖက်မှာ တစ်ခုခုဖြစ်နေပြီ"

လုယွန်ထျန်း၏ နောက်တစ်ကြိမ်
သတိပေးသံကြောင့် ဘိုးဘေးယင်ချင်း
က မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူက ယန်ယွဲ့ကို
ဂရုမစိုက်တော့ဘဲ ညာလက်ကို
ဝှေ့ယမ်းပြီး ပြောလိုက်သည်
“တိုက်ခိုက်ကြ။ ဘိုးဘေးတွေက
ငါနဲ့ပေါင်းပြီး ယန်ယွဲ့ကိုတိုက်ခိုက်မယ်။
တခြားသူတွေက အောက်ကိုဆင်းကြ”

ထိုအချိန်တွင် ယန်ယဲ့ သည်

သူ၏ညာလက်မောင်းရှိ ခြသေ့်တံဆိပ်ကို

ဆွဲဖြုတ်ကာ သစ်သားဓားကို

လဲကိုင်လိုက်သည်။ ထို့နောက် သူက

ဘိုးဘေးယင်ချင်း နှင့် တပ်ဖွဲ့ကို

စိုက်ကြည့်ရင်း

အေးစက်စက်ပြောလိုက်၏ "မင်းတို့

အောက်ကို မဆင်းရင် အကောင်းဆုံးပဲ"

ဘိုးဘေးယင်ချင်း က ယန်ယဲ့ ကို

စိုက်ကြည့်နေသည် "ငါတို့

အတင်းလုပ်ရင် ဘာဖြစ်မလဲ"

ထိုအချိန်တွင် ဘိုးဘေးယင်ချင်း နှင့်

အခြားဘိုးဘေးများ၏

အမူအရာများသည်

ပြောင်းလဲသွားသည်။ ထို့နောက် သူတို့

အနီးနားရှိ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ၏
ခေါင်းက လေထဲသို့ ပျံတက်သွားသည်။

ထိုရုတ်တရက် အဖြစ်အပျက်ကြောင့်
လူတိုင်း အံ့သြတုန်လှုပ်သွားကြသည်။

ထိုအချိန်တွင် ယန်ယဲ့က
အေးစက်စက်အသံဖြင့် ထပ်ပြောခဲ့သည်
"မင်းဘာလို့မစမ်းကြည့်တာလဲ"

May Be:

၂၁၂၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၀ - ယန်ကလန်၏

တည်ထောင်သူဘိုးဘေး

ဘာလို့ မစမ်းကြည့်တာလဲ။

ယန်ယဲ့၏အသံက

အနည်းငယ်တိုးလျှသော် လည်း

မမြင်နိုင်သော ဖိအားများကို

သယ်ဆောင်လာပုံရသည်။

သို့သော် ဤနေရာရှိလူတိုင်းသည် ဘဝနှင့်

သေရေးရှင်ရေးတိုက်ပွဲ

အတွေ့အကြုံများစွာရှိကြသည်။

ယန်ယဲ့၏ စကားလေးတစ်ခွန်းကြောင့်

မည်သည့်ကြောက်ရွံ့နိုင်သနည်း။

ဘိုးဘေးယင်ချင်း က

ရုတ်တရက်ပြောလိုက်သည် “အစ်ကိုလု၊

အစ်ကိုဝမ်၊ အစ်ကိုလီ နဲ့ အစ်ကိုချင်၊

မင်းတို့လေးယောက်လုံး ငါနဲ့လိုက်လာပြီး

ဒီကောင်ကို

သတ်လိုက်။ကျန်တဲ့သူတွေက

အခုချက်ချင်း အောက်ကိုဆင်းသွားကြ။

မှတ်ထားပါ၊

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးက

ဘယ်သူ့ကိုမှ အသက်မရှင်စေနဲ့"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ ဆီကို

ခုန်ဝင်သွားသည်။

တစ်ချိန်တည်းမှာပင် အခြားသော

ဘိုးဘေး ၄ ယောက်ကလည်း ယန်ယဲ့ကို

တိုက်ခိုက်လိုက်သည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၇၀ ကတော့

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး

ပေါ်သို့ ခုန်ဆင်းသွားကြသည်။

အဆုံးသတ်တိုက်ပွဲ စတင်ခဲ့လေပြီ။

ယန်ယဲ့ သည်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး

ဆီသို့ ခုန်ဆင်းသွားသော တပ်ဖွဲ့ကြီးကို

တစ်ချက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် သူသည် မတားဆီးနိုင်တော့ပေ။ ဘိုးဘေး ၅ ယောက်ကို တားဆီးထားရုံသာ တတ်နိုင်၏။

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးနှင့်ပတ်သက်၍တော့ ယန်လျန်ရှမ်း က အရန်အစီအစဉ်တစ်ခုရှိနေဖို့သာ မျှော်လင့်နိုင်ပါသည်။ သို့သော် သူသည် ယန်လျန်ရှမ်းအပေါ် ယုံကြည်မှု

အပြည့်ရှိနေ၏။ သူမက

စေ့စပ်သေချာသော

အမျိုးသမီးတစ်ဦးဖြစ်လို့ပါ။

ဤအခြေအနေအတွက် ဖြစ်နိုင်ချေကို

ကြိုတွက်ထားမည်မှာသေချာပါသည်။

ထိုအချက်ကို စဉ်းစားမိလိုက်သည်နှင့်

ယန်ယွဲ့ သည်

သိပ်ပြီးစိုးရိမ်မနေတော့ပေ။

ထို့နောက် သူ၏အတွေးများကို
ထိန်းလိုက်ပြီး ဘိုးဘေး ၅ ယောက်ကို
ရင်ဆိုင်လိုက်သည်။ သူသည်
ရှေ့ဆုံးကနေ ခုန်ဝင်လာသော
ဘိုးဘေးယင်ချင်း ကို
စိုက်ကြည့်နေသည်။ တစ်ချိန်တည်းတွင်
တွေဝေမနေဘဲ သစ်သားဓားကို
မြှောက်ကာပိုင်းချလိုက်တော့သည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

ဘိုးဘေးယင်ချင်း က

နောက်ပြန်လွင့်ထွက်သွားသည်။

သို့သော် ထိုခဏလေးမှာပဲ

ဘိုးဘေးလုယွန်န်ထျန်း

နှင့်အခြားဘိုးဘေးများက ယန်ယဲ့အား

ဝိုင်းရံထားခဲ့သည်။ ထို့နောက်တွင်တော့

ယန်ယဲ့ သည် ၃

ကီလိုမီတာကျော်အကွာထိ

လွင့်ထွက်သွားခဲ့သည်။

ဘိုးဘေးယင်ချင်း က

မတိုက်ခိုက်သေးဘဲ သူ့လက်ဝါးကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

လက်ဝါးအလယ်က

နှစ်ခြမ်းကွဲထွက်နေ၏။

အမြန်ပြန်မဆုတ်နိုင်ရင် သူ့တစ်ကိုယ်လုံး

နှစ်ခြမ်းကွဲသွားနိုင်လေသည်။

ဒီကောင်လေးက တကယ်သန်မာတာပဲ။

ထိုအတွေးက ယန်ယွဲ့အပေါ် သူ့အမြင်ပါ။

ဘိုးဘေးယင်ချင်း က
ခဏမျှငြိမ်သက်နေပြီးနောက်
အသက်ပြင်းပြင်းရှူကာ ယန်ယွဲ့ဆီ
ထပ်မံခုန်ဝင်လိုက်သည်။ ယန်ယွဲ့သာ
အသက်ရှင်နေလျှင် သူ၏ယင်ကလန်

အရင်ဆုံးဖျက်ဆီးခံရမှာသေချာနေလို့ပါ

။

လီကလန်၏ ဘိုးဘေးအပြင်

အခြားသောဘိုးဘေးအားလုံးက

မူလနတ်ဘုရားအဆင့် ၅

ကျင့်ကြံသူများချည်းပါ။

ယန်ယွဲ့ သည်

စစ်နတ်ဘုရား၏ညာဖက်လက်မောင်း

တော် နှင့် သစ်သားဓား ကို

သုံးနေသည့်တိုင် ဘိုးဘေး ၅ ယောက်နဲ့

မယှဥ်နိုင်ပေ။ သူသည်

တဖြည်းဖြည်းဖိနှိပ်ခံနေရသည်။

သို့သော် ထိုအခြေအနေသည် ပုံမှန်ပင်။

ဘိုးဘေး ၅ ယောက်စလုံးက

အလယ်စကြာဝဠာ၏

နာမည်ကျော်ပုဂ္ဂိုလ်များဖြစ်လို့ပါ။

အကယ်၍ သူသည်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

မဟုတ်လျှင်

စစ်နတ်ဘုရား၏ညာဖက်လက်မောင်း

တော် ရှိနေသည့်တိုင် လုံးလုံးလျားလျား

တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

သို့တိုင် ဘိုးဘေး ၅ ယောက်က ယန်ယဲ့ ကို

ဘာမှမလုပ်နိုင်သေးပေ။

အနည်းဆုံးတော့ အချိန်တိုတိုအတွင်း

မသတ်နိုင်ကြပေ။

အကြောင်းကတော့

ယန့်ယဲ့၏တိုက်ခိုက်မှုတိုင်းဟာ

ရက်စက်ကြမ်းကြုတ်မှုအပြည့်ဖြစ်နေလို့

ပါ။ ဘိုးဘေး ၅ ယောက်စလုံး

တစ်ယောက်မှ

ထိပ်တိုက်ရင်မဆိုင်ဝံ့ကြပေ။

ထို့ကြောင့် ဘိုးဘေး ၅ ယောက်က

အချိန်ဆွဲတိုက်ခိုက်ရုံသာတတ်နိုင်သည်။

သို့သော်လည်း ယန်ယွဲ့ သည်

အချိန်ဆွဲထားလို့မရပေ။

သူသည်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

ဖြစ်နေသော်လည်း

စစ်နတ်ဘုရား၏ညာဖက်လက်မောင်း

တော် ကို အကြာကြီး

ထိန်းချုပ်ထားနိုင်စွမ်းမရှိပေ။

တစ်ချိန်တည်းတွင်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၆၀ ကျော်က

ကောင်းကင်ဟင်းလင်းပြင်အစီအရင်

ရှေ့သို့ ရောက်လာခဲ့ကြလေပြီ။

အစီအရင်သည်

အစွမအားထက်သည်မှန်သော်လည်း

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ အ
ယောက် ၆၀ ကျော်၏
ပူးပေါင်းတိုက်ခိုက်မှုကိုတော့
တားဆီးထားနိုင်ခြင်းမရှိခဲ့ပေ။

အချိန် ၁၀ မိနစ်မပြည့်ခင်မှာပဲ
ကောင်းကင်ဟင်းလင်းပြင်အစီအရင်
သည် အပိုင်းပိုင်းကွဲအက်သွားခဲ့သည်။

အစီအရင် ကျိုးပျက်သည့်အခိုက်

မြို့ထဲကနေ မရေမတွက်နိုင်သော

အဖြူရောင်အလင်းတန်းများ လေထဲသို့

လွင့်ပျံလာသည်။

အဖြူရောင်အလင်းမြောက်များစွာက

ကောင်းကင်ယံအထက်ရှိ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၆၀ ကျော်ကို ချက်ချင်း

ဖုံးလွှမ်းသွားခဲ့သည်။

သို့သော် သိပ်မကြာလိုက်ဘဲ
အလင်းတန်းများအားလုံး
ပြန့်ကျဲသွား၏။

အစီအရင်အားလုံးက အကြွင်းမဲ့
ခွန်အားရှေ့မှာ အသုံးမဝင်ပေ။

“တည်ထောင်သူဘိုးဘေးကို ဆင့်ခေါ်ပါ”
ထိုအချိန်တွင် မြို့ထဲကနေ အသံတစ်သံ
ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်လျှန်ရှမ်း၏ အမိန့်ပေးသံ ပါ။

ထို့နောက်တွင်တော့

ငြိမ်သက်ခြင်းမြို့အထက်

ကောင်းကင်ယံရှိ အာကာသပြင်သည်

ဖြည်းညှင်းစွာတုန်ခါလာပါတော့သည်။

အာကာသပြင်သည်

တစ်ကြိမ်ထက်တစ်ကြိမ်

ပို၍ပြန်ဆန်စွာတုန်ခါလာသည်။

ထိုအချိန်တွင်

ငြိမ်သက်ခြင်းမြို့အထက်ကောင်းကင်ယံ

ကနေ စွမ်းအင်ပေါါတယ်ကြီးတစ်ခု

ရုတ်တရက်

ပေါါလာသည်။တစ်ချိန်တည်းမှာပင်

မရေမတွက်နိုင်သော

ဝိညာဉ်စွမ်းအင်တိုင်လုံးများ လေထဲသို့

လွင့်ပျံသွားပြီး စွမ်းအင်ပေါါတယ်ထဲသို့

စီးဝင်သွားသည်။

သိပ်ပြီးမကြာလိုက်ပေ၊

စွမ်းအင်ပေါ်တယ်မှ အလွန်တရာ

ကြောက်မက်ဖွယ်ကောင်းလှသော

စွမ်းအားလှိုင်းများ တဖြည်းဖြည်း

ဖြာထွက်လာသည်။

ယန်ကလန်ရဲ့ တည်ထောင်သူဘိုးဘေး

ရောက်လာပြီလား။

ဘိုးဘေးယင်ချင်း နှင့်
အခြားသောဘိုးဘေးများ အပါအဝင်
တိုက်ခိုက်နေသူတိုင်း
ရပ်တန့်သွားကြသည်။ အားလုံးက
လေထဲမှာ လွင့်မျောနေသည့်
ဧရာမစွမ်းအင်ပေါ်တယ်ကြီး ကို
စိုက်ကြည့်နေသည်။ သူတို့၏
မျက်နှာထက်တွင်တော့ လေးနက်သော
အမူအရာများ ရှိနေကြသည်။

တည်ထောင်သူဘိုးဘေး ကို
ဆင့်ခေါ်ခြင်းသည် မျိုးနွယ်စုတိုင်း၏
နောက်ဆုံး ဝှက်ဖဲဟု ယူဆနိုင်ပါသည်။
၎င်းသည် သက်ဆိုင်ရာမျိုးနွယ်စု၏
အစွမ်းထက်ဆုံးဝှက်ဖဲတစ်ခုပင်။

မျိုးနွယ်စုတိုင်း၏
တည်ထောင်သူဘိုးဘေးသည်
ထူးခြားသော ပါရမီရှင်တစ်ဦးပါ။

ထိုအဆင့်ပါရမီရှင်များ သေဆုံးဖို့က

သဘာဝအားဖြင့်

မလွယ်ကူလှပေ။သို့မဟုတ် အများစုက

မူလနတ်ဘုရားအဆင့် ၆

ထက်ကျော်လွန်ပြီး

အထက်ဆင့်ကျင့်ကြံသူများ

ဖြစ်သွားပြီဟု ဆိုရပေမည်။

တည်ထောင်သူဘိုးဘေးတိုင်း

အလယ်စကြာဝဠာမှ

ထွက်ခွာသွားသည်နှင့်
သက်ဆိုင်ရာမျိုးနွယ်စုအတွက်
အကာအကွယ်အစီအရင်တစ်ခုစီချန်ထား
ခဲ့ကြသည်။ ဝိညာဉ်ကိုယ်ပွား သို့မဟုတ်
ဝိညာဉ်ကြိုးမျှင် တစ်ခုပါ...

သို့သော်လည်း မည်သူမျှ
အထင်အမြင်မသေးဝံ့ကြပေ။
အကြောင်းကတော့
တည်ထောင်သူဘိုးဘေးတိုင်းက

မူလနတ်ဘုရားအဆင့်၏

အထက်ဆင့်ကျင့်ကြံသူများ

ဖြစ်နေလို့ပါ။ ထို့အပြင်

တစ်ယောက်စီတိုင်းဟာ အတိတ်ခေတ်က

ထိပ်ဆုံးရောက်ပါရမီရှင်များပင်။

သာမန်အမြင်ဖြင့် ကြည့်လို့မရပေ။

ဤအတောအတွင်း

စွမ်းအင်ပေါ်တယ်ထက်၌ ပုံရိပ်တစ်ခု

တဖြည်းဖြည်း ပေါ်လာသည်။

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီး
တစ်ယောက်ပါ။

အဘိုးအို၏ဆံပင်က
ကြက်သွေးရောင်ဖြစ်သည်။
သူ၏မျက်ခုံးနှစ်ခုကြားတွင်
ထူးဆန်းသောအနီရောင်သင်္ကေတတစ်ခု
ရှိနေသည်။

ယန်ကလန်၏တည်ထောင်သူဘိုးဘေး။

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီး
ပေါ်လာပြီးသည်နှင့် ဤနေရာတစ်ခုလုံး
တုန်လှုပ်စပြုလာကြောင်း
လူတိုင်းသတိထားမိခဲ့သည်။ ၎င်းသည်
အဘိုးကြီး၏ခွန်အားကို
တောင့်မခံနိုင်သည့်အခြေအနေပါ။
အလွန်ထိတ်လန့်စရာကောင်းသော
မြင်ကွင်းတစ်ခုပင်တည်း။

ဘိုးဘေးယင်ချင်း နှင့်

အခြားသောဘိုးဘေးများ၏အမူအရာ

များသည်

သိသိသာသာပင်လေးနက်လာသည်။

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးက

ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

သူ့မျက်လုံးထဲ၌ ထူးဆန်းသော

အမူအရာတစ်ခု ရှိနေသည်။

သို့သော်လည်း ခဏအကြာတွင် သူ့အကြည့်များက ယန်ကလန်ဖက်သို့ ကျရောက်လာသည် "လက်ရှိ ဘိုးဘေး ဘယ်သူလဲ"

ထိုအချိန်တွင် ယန်လျန်ရှမ်း က အနီရောင်ဝတ်ရုံအဘိုးအို၏ရှေ့တွင် ရပ်နေသည်။သူမက အနီရောင်ဝတ်ရုံအဘိုးကြီးအား အနည်းငယ် ဦးညွှတ်ကာ

“တည်ထောင်သူဘိုးဘေး ကို
ဂါရဝပြုပါတယ်”

အနီရောင်ဝတ်ရုံအဘိုးကြီးက
အနည်းငယ် မျက်နှာပျက်သွားသည်
"မင်းက ငါ့ယန်ကလန်ရဲ့
လက်ရှိဘိုးဘေးလား"

ယန်လျန်ရှမ်း က ခေါင်းညိတ်ပြသည်
“မှန်ပါတယ်”

အဘိုးကြီးက

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

ပြောလိုက်သည်

“အမျိုးသမီးတစ်ယောက်က

ဘိုးဘေးမဖြစ်နိုင်ဘူးလို့ ငါပြောခဲ့တာ။

မင်းကို ဒီရာထူး ဘယ်သူက

ပေးထားတာလဲ”

ယန်လျန်ရှမ်းက တုံ့ဆိုင်းမနေဘဲ
ပြန်ဖြေလိုက်သည် "ငါလုပ်ခဲ့တယ်"

အဘိုးကြီးက “ဘယ်သူက ခွင့်ပြုဝံ့သလဲ”
ဟု ထပ်မေးခဲ့သည်။

ယန်လျန်ရှမ်း က
အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးကို
ပြန်ကြည့်ကာ "ကန့်ကွက်သူတွေ
အကုန်သေပြီ"

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးက ယန်လျန်ရှမ်းကို အချိန်အတော်ကြာ စိုက်ကြည့်နေသည်။ အဆုံးတွင် သူက ခေါင်းညိတ်ကာပြောလိုက်ပါသည် "မင်းက ထူးထူးခြားခြား ပါရမီရှင်တစ်ယောက်ပဲ"

ယန်လျန်ရှမ်း က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး အလျင်စလို

ပြောလိုက်သည် "ဘိုးဘေး၊ အခု ဒီကိစ္စနဲ့

ပတ်သက်ပြီး

သဘောထားကွဲလွဲနေတာက

အဓိပ္ပါယ်မရှိတော့ဘူး။ လက်ရှိမှာ

ယန်ကလန် က မျှော်လင့်ချက်မဲ့နေပြီ။

ဒါပေမဲ့ ယန်ယဲ့ နဲ့

ငါအသက်ရှင်သေးရင်တော့

လုံးဝကျရှုံးသွားမှာမဟုတ်ဘူး။ နောင်မှာ

အလယ်စကြာဝဠာရဲ့ မဟာကာလန်ကြီး ပြန်ဖြစ်လာလိမ့်မယ်"

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးက မျက်မှောင်ကြုတ်လိုက်သည် "ယန်ယွဲ့ လား"

ယန်လျန်ရှမ်း က ယန်ယွဲ့ ကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည် "သူပဲ"

အဘိုးကြီး၏ အကြည့်က ယန်ယဲ့ ပေါ်သို့ ကျဆင်းသွားသည်။ ထို့နောက် ယန်ယဲ့ကို မြင်လိုက်သောအခါ ချက်ချင်း မျက်မှောင်ကြုတ်သွားခဲ့သည်။

သူက ယန်ယဲ့ ကို အချိန်အကြာကြီး စိုက်ကြည့်နေသည်။ အဆုံးတွင် သူက ခေါင်းယမ်းကာ "အခုမြင်လိုက်တယ်...."

ယန်ယဲ့ က အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး မေးလိုက်သည်

"ဘာကိုဆိုလိုတာလဲ"

အဘိုးအိုကြီးက ယန်ယဲ့ကို

လေးလေးနက်နက်ဖြင့်

စိုက်ကြည့်နေသော်လည်း

ဘာမှထပ်မပြောခဲ့ပေ။ သူက

ယန်လျန်ရှမ်း ကို လှည့်ကြည့်လိုက်ပြီး

ပြောပါသည်

"ငါ့ယန်ကလန်က

အမျိုးသမီးတစ်ယောက်အတွက်နဲ့

ကပ်ဘေးသင့်မယ်ဆိုတာ ငါသိတယ်။

ဒါကြောင့် အမျိုးသမီးတွေကို ဘိုးဘေး

ဖြစ်ခွင့်မပေးဘူးလို့ တားမြစ်ခဲ့တာပဲ။

ဒါပေမဲ့ ဒီဒုက္ခတွေ

ထပ်ရောက်လာမယ်ဆိုတာတော့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး”

စကားပြောနေရင်းဖြင့် သူက

ဘိုးဘေးယင်ချင်း နှင့် အခြားလူများကို

ကြည့်ကာ မထူးခြားဟန်ဖြင့်

ပြောလိုက်၏

"မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၇၀ ။ ဒီလိုမျိုး လွန်လွန်ကဲကဲ ”

စကားပြောပြီးသည်နှင့်

သူ့ညာလက်ကိုရုတ်တရက် ဆန့်ကာ

ဝှေ့ယမ်းလိုက်သည်။

ဆူး... ဆူး.... ဆူး.... ဆူး....

ထိုခဏလေးမှာပဲ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၁၀

ယောက် ရုတ်တရက်

နှစ်ပိုင်းကွဲသွားသည်။

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း အပါအဝင်

ဤနေရာမှ လူတိုင်း၏

အမှုအရာများသည် သိသိသာသာ
ပြောင်းလဲသွားသည်။
အကြောင်းကတော့
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၁၀
ယောက် ဘယ်လိုသေသွားမှန်းပင်
မမြင်နိုင်ကြလို့ပါ။

ဤအချိန်တွင် ဘိုးဘေးယင်ချင်းနှင့်
အခြားဘိုးဘေးများ၏ စိတ်ထဲ၌လည်း

နောက်ပြန်ဆုတ်လိုသော ရည်ရွယ်ချက်ပေါ်လာသည်။

ထိုအချိန်တွင်
ယင်ကလန်၏ဘိုးဘေးဟောင်း
ယင်ယုက ရုတ်တရက်ပေါ်လာသည်။
သူက အနီရောင်ဝတ်ရုံအဘိုးကြီးအား
စိုက်ကြည့်ကာ ပြောလိုက်သည် "သူက
နောက်ထပ် တိုက်ခိုက်မှုတွေ အများကြီး
ထပ်လုပ်နိုင်တော့မှာ မဟုတ်ဘူး"

တစ်ချိန်တည်းမှာပင်

အနီရောင်ဝတ်ရုံအဘိုးကြီးက သူ့လက်ကို

ထပ်ဝှေ့ယမ်းလိုက်ပြန်သည်။

ဘမ်း…ဘမ်း…ဘမ်း……

နောက်ထပ်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၁၀

ယောက် ခန္ဓာကိုယ်များ

ထက်ပိုင်းကွဲသွားပြန်သည်။ သို့သော်
အနီရောင်ဝတ်ရုံအဘိုးကြီး၏ ပုံရိပ်က
အနည်းငယ်ကြည်လင်လာသည်။

ဘိုးဘေးဟောင်းယင်ယု က အဘိုးကြီးကို
စိုက်ကြည့်ရင်း ပြောလိုက်သည်
“ဆက်သတ်လို့ရတယ်”

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးက
အနည်းငယ် ခေါင်းညိတ်ပြပြီး

ညာလက်ကို ထပ်ခါယမ်းလိုက်သည်။
တစ်ချိန်တည်းတွင်
ဘိုးဘေးဟောင်းယင်ယု ၏နံဘေးမှ
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၁၀
ယောက်ဟာ ခန္ဓာကိုယ်များ
နှစ်ပိုင်းကွဲထွက်သွားသည်။

ဤအခိုက်အတန့်တွင် လူတိုင်း
ကြောက်ရွံ့ထိတ်လန့်သွားကြသည်။

မဟုတ်ပေ၊

အလွန်အမင်းကြောက်စရာကောင်းလှသ

ည်ဟုပြောရပါမည်။

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီး၏

ခွန်အားက သူတို့

ခုခံနိုင်သောအရာမဟုတ်လို့ပါ။

ဤအခိုက်အတန့်တွင် အားလုံး

တပ်ပြန်ဆုတ်ဖို့ပင် တွေးနေကြသည်။

ဘိုးဘေးဟောင်းယင်ယု က ရုတ်တရက်မေးလိုက်သည် "မင်း ထပ်တိုက်ခိုက်လို့ရမလား"

သူသည် အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးကို မတားလိုသောကြောင့်မဟုတ်ပါ။ တားဆီးနိုင်စွမ်းမရှိတာပါ။ ထို့အပြင် သူကိုယ်တိုင်ပါ ထွက်မပြေးနိုင်ပေ။

အကြောင်းမှာ ထွက်ပြေးလျှင်

ကိုယ့်သေတွင်းကို တူးသလိုဖြစ်မှာပါ။

ထို့အပြင် သူသည် အခြေအနေကို

ကောင်းကောင်းသိထား၏။

လွန်ခဲ့သောနှစ်များက

ကူကလန်၏တည်ထောင်သူဘိုးဘေး

ဆင်းလာသည့်အခါတွင်လည်း

ထိုအတိုင်းပင်။အနည်းငယ်ကြာအောင်

သာ တိုက်ခိုက်နိုင်၏။

နောက်ဆုံးတွင် မူလခန္ဓာကိုယ်နှင့်
ဆင်းလာခြင်းမဟုတ်ပေ။

အနီရောင်ဝတ်ရုံအဘိုးကြီးက
နောက်ထပ်တိုက်ခိုက်မှုကို မပြုလုပ်ခဲ့ဘဲ
ယန်လျန်ရှမ်း အား စူးစိုက်ကြည့်ကာ
ပြောလိုက်သည် “ဒါကို သတိရပါ။
ယန်ကလန်ရဲ့သားစဉ်မြေးဆက်တွေက
သေနိုင်ပေမယ့်
ဂုဏ်သိက္ခာတော့အကျမခံနိုင်ဘူး "

ယန်လျန်ရှမ်းက အဘိုးကြီးအား ရိုသေစွာ

ဦးညွှတ်လိုက်ပါသည်

"တည်ထောင်သူဘိုးဘေး ကို

နှုတ်ဆက်ပါတယ်"

ဘိုးဘေးဟောင်းယင်ယု နှင့်

အခြားဘိုးဘေးများလည်း

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ

သက်ပြင်းချမိကြသည်။

အကြောင်းကတော့

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီးသာ

ထပ်ပြီးတိုက်ခိုက်နိုင်သေးလျှင်

အားလုံးက

ထွက်ပြေးဖို့ရည်ရွယ်ထားကြလို့ပါ။

ကံကောင်းစွာဖြင့် ယန်ကာလန်၏

တည်ထောင်သူဘိုးဘေး က

နောက်တစ်ကြိမ်

တိုက်ခိုက်နိုင်ခြင်းမရှိတော့ပေ။

ဤအခိုက်အတန့်တွင်

အနီရောင်ဝတ်ရုံအဘိုးကြီး၏

ခန္ဓာကိုယ်သည် ပို၍ပါးလွှလာသည်။

လုံးလုံးလျားလျား

ပျောက်ကွယ်ခါနီးတွင်တော့ ယန်ယဲ့ကို

ရှုတ်တရက် စိုက်ကြည့်လိုက်သည်။

သို့သော်လည်း စကားမပြောပေ။

သူ့လုံးများက မယုံနိုင်စရာ

အရိပ်အယောင်များဖြင့်သာ

စိုက်ကြည့်နေသည်။

May Be:

၂၁၂၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၁ - ထွက်ပြေးခြင်း

ယန်ယဲ့ သည်

အနီရောင်ဝတ်ရုံဝတ်အဘိုးကြီး၏

အကြည့်ကို သတိပြုမိသောအခါ

သူ့နှလုံးသားက

အေးစက်သွားသလိုပင်ခံစားလိုက်ရသည်

။

ယန်ကလန်၏

တည်ထောင်သူဘိုးဘေးက

ပျောက်ကွယ်မသွားခင်အထိ သူ့အား

စိုက်ကြည့်နေသည်မှာ

တော်တော်ကိုထူးဆန်းလို့ပါ။

ယန်ယဲ့၏ပင်ကိုယ်အသိစိတ်က

တည်ထောင်သူဘိုးဘေးဟာ

သူ့ကိုမှတ်မိနေသလိုပင်။ သို့သော်

တည်ထောင်သူဘိုးဘေး က သူ့အား

မည်သို့မှတ်မိနိုင်မည်နည်း။

"ယန်ယဲ့" ထိုအချိန်တွင်

ဘိုးဘေးယင်ချင်း က

ရုတ်တရက်ပြောခဲ့သည် "မင်းမှာ

တခြားလှည့်ကွက်တွေ ကျန်သေးလား"

ယန်ကလန် သည်

တည်ထောင်သူဘိုးဘေးကို ဆင့်ခေါ်ပြီး

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၃၀ ကို သတ်ပစ်ခဲ့သည်။

၎င်းသည် မျိုးနွယ်စုကြီး ၅ ခုအတွက်ပင်

အတော်လေးနာကျင်စရာပါ။ ထို့အပြင်
ယန်ကလန် သည်
ဝှက်ဖဲများကုန်ဆုံးသင့်နေပါပြီ။

ယန်ယဲ့က ဘိုးဘေးယင်ချင်း ကို
ဂရုမစိုက်ပေ။ သူက ယန်လျန်ရှမ်း ကို
စိုက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။
ယန်လျန်ရှမ်းက “သူတို့တွေ
အကုန်ထွက်သွားကြပြီ။ ဒါဆို
ငါတို့လည်း သွားရအောင်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ထို့နောက် ဘိုးဘေးယင်ချင်း ကို

လှည့်ကြည့်လိုက်ပြီး ပြောလိုက်သည်

"နောက်တစ်ခါကျမှ ထပ်ကစားရအောင်။

အခုတော့ နှုတ်ဆက်ပါတယ်"

ထိုအချိန်တွင် ယန်လျန်ရှမ်းက

အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်သို့

ပြောင်းလဲသွားသည်။ ယန်ယဲ့

သည်လည်း နေရာမှာပင်
ပျောက်သွားခဲ့သည်။

နှစ်ယောက်စလုံးက အတူမပြေးဘဲ
လူခွဲပြေးကြသည်။ အတူထွက်ပြေးလျှင်
သူတို့နှစ်ယောက်စလုံး
လွတ်မြောက်နိုင်ချေနည်းလို့ပါ။ သို့သော်
လူခွဲပြေးရင်တော့ ရန်သူ့အင်အားကို
ခွဲထုတ်နိုင်ပါသည် ။
တစ်ယောက်ချင်းစီက

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၂၀ လောက်ကိုတော့

ရင်ဆိုင်ရပေမည်။ ထိုအခြေအနေက

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း အတွက်

သိပ်တော့မခက်ခဲပေ။ သို့သော်လည်း

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ ကို

တပြိုင်တည်းရင်ဆိုင်ရလျှင်တော့

အတော်ခက်ခဲပါလိမ့်မည်။

ယန်ယဲ့ နှင့် ယန်လျန်ရှမ်းတို့

ထွက်ပြေးသည်ကို မြင်သောအခါ

ဘိုးဘေးယင်ချင်း အပါအဝင် လူတိုင်း

အံ့အားသင့်သွားကြသည်။

သူတို့က

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး ကို

စွန့်ပစ်လိုက်ပြီလား။

သို့သော် လူတိုင်းက စိတ်အာရုံအသိကို

ချက်ချင်း ဖြန့်ကျက်ကာ

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး ကို

စစ်ဆေးလိုက်သည်။ ထိုအချိန်တွင်

လူတိုင်း၏ မျက်နှာက

အတော်လေးဆိုးရွားသွားသည်။

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးတစ်

ခုလုံး ဗလာဖြစ်နေလို့ပါ။

ယန်ကလန်တစ်ခုလုံး
ထွက်ပြေးသွားကြလေပြီ။

ဘိုးဘေးယင်ချင်း နှင့် အခြားလူများ၏
မျက်နှာပေါ်တွင် အလွန်ဆိုးရွားသော
အမူအရာများ ရှိနေကြသည်။ သူတို့၏
နဂိုရည်ရွယ်ချက်ဟာ
ယန်ကလန်၏နယ်မြေကိုသိမ်းယူဖို့မဟု
တ်ပေ။ ယန်ကလန်ကို
အပြီးတိုင်ဖျက်ဆီးပစ်ဖို့ပါ။

အကြောင်းမှာ ထိုမှသာ
အနာဂတ်ပြဿနာအားလုံးကို
ဖြေရှင်းပြီးဖြစ်မှာပါ။

ဤအခိုက်အတန့်တွင် ယန်ကလန်သည်
ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး
ကိုစွန့်ခွာကာ ထွက်ပြေးသွားခဲ့ပါပြီ။

ထွက်ပြေးသွားတာလား ။

ဘိုးဘေးယင်ချင်း က

အသက်ပြင်းပြင်းရှူပြီး အဝေးကို

လှမ်းကြည့်ကာ

အေးစက်စက်ပြောလိုက်၏

"သူတို့နောက်ကို လိုက်မယ်။

မဟုတ်သေးဘူး၊ ယန်ယွဲ့

နောက်ကိုပဲလိုက်ကြ"

လုယွှန့်ထျန်း က ပြန်မေးသည် "ဒါဆို

ယန်လျန်ရှမ်း က ဘယ်လိုလဲ"

ဘိုးဘေးယင်ချင်း က ခေါင်းခါလိုက်သည် "သူမကို လစ်လျူရှုပြီး ယန်ယွဲ့ နောက်ကိုပဲလိုက်ဖမ်းကြမယ်"

စကားပြောပြီးနောက် အာကာသပြင်ထဲသို့ ပျောက်ကွယ်သွားသည်။

သူသည် ယန်ယဲ့ နှင့် ယန်လျန်ရှမ်း တို့

စီစဉ်နေသောအရာကို သဘာဝကျကျ

နားလည်ထားသည်။ အကယ်၍

သူတို့အင်အားကိုခွဲထုတ်လိုက်သည်နှင့်

ယန်ယဲ့ နှင့် ယန်လျန်ရှမ်း ကို

မသတ်နိုင်ဘဲ

သူတို့သာပြန်ပြီးအသတ်ခံရပေမည်။

ဘိုးဘေးယင်ချင်း က ထိုအချက်ကို

ကောင်းကောင်းသိထားသဖြင့်

လူခွဲလိုက်ရန် မပြောခဲ့ပေ။

အဖွဲ့လိုက်ဖြင့်သာ ယန်ယဲ့ သို့မဟုတ်

ယန်လျန်ရှမ်း နောက်ကို လိုက်ရန်

ဆုံးဖြတ်လိုက်သည်။ ထိုမှသာ

နှစ်ယောက်ထဲကတစ်ယောက်ကို

သတ်နိုင်ပေမည်။

ထို့ကြောင့် ယန်ယဲ့ကိုသာ ပစ်မှတ်အဖြစ်

ရွေးချယ်ခဲ့သည်။

အကြောင်းအရင်းမှာ ယန်ယဲ့ သည် သူ၏

ကောင်းကင်ဘုံပျက်သုဉ်းခြင်းတိုက်ကြီး

ကို ဖြိုချလိုက်လို့ပါ။

ထို့နောက်တွင်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ ဟာ ယန်ယဲ့

ထွက်ပြေးသွားသည့်နောက်ကို

လိုက်ပါသွားကြသည်။

အားလုံး ထွက်သွားပြီးသည်နှင့်

တိုက်ကြီးအထက် ကောင်းကင်ယံ၌

အဘိုးကြီးယင်ယု နှင့် အဘိုးကြီးယန်ရှု

တို့ ပေါ်လာကြသည်။

အဘိုးကြီးယင်ယု က ရုတ်တရက်

ပြောလိုက်သည်

"မင်းတို့ယန်ကလန်ရဲ့တတိယမျိုးဆပ်

ဘိုးဘေးက တော်တော်ပြတ်သားတာပဲ။

ငါတောင် သူက

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးနဲ့

ယန်ကလန်ပိုင်တဲ့

တခြားကမ္ဘာတွေကို အကုန်စွန့်လွှတ်ဖို့

မမျှော်လင့်ထားဘူး"

အဘိုးကြီးယန်ရှူ ကလည်း အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး ပြောသည်

"ငါလည်း ဒီလိုမျိုးမမျှော်လင့်ထားဘူး။

ဒါပေမဲ့ သူမက ယန်ရှောင် ထက်

အများကြီး

ပိုစွမ်းဆောင်နိုင်တယ်ဆိုတာတော့

ပြောစရာမလိုပါဘူး”

အဘိုးကြီးယင်ယု က

ခေါင်းညိတ်လိုက်သည် “တကယ်ပါပဲ။

သူမ ဘိုးဘေးဖြစ်လာတဲ့နောက်မှာ

ယန်ကလန်တစ်ခုလုံးကို

စုစည်းနိုင်ခဲ့တယ်။ ဒါ့အပြင်

ယန်ယဲ့လိုလူကိုပါ

သူ့ဘေးနားခေါ်ထားနိုင်ခဲ့တယ်။

ကောင်းကင်ဘုံက မင်းရဲ့ယန်ကလန်

အပေါ်မှာ တော်တော်ကြွင်နာတာပဲ”

သူသည် ယန်ယဲ့ နှင့် ယန်လျန်ရှမ်း ကို

မတားလိုခြင်းမဟုတ်ပေ။

အဘိုးကြီးယန်ရှူ

ရှိနေလို့ပါ။

သူသာ တားရန်ကြိုးစားပါက
အဘိုးကြီးယန်ရှု နှင့်
တိုက်ခိုက်ဖို့သာရှိတော့သည်။

နောက်ဆုံးတွင် မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူများကြားမှ တိုက်ပွဲဟာ
တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်း
မဆုံးဖြတ်နိုင်ပါ။

အခိပ္ပါယ်မရှိသောကြောင့်

နှစ်ယောက်စလုံး ဘာမှမလုပ်ခဲ့ပေ။

အဘိုးကြီးယန်ရှူ က ပြုံးလိုက်သည်။

ထို့နောက် စကားဆက်ပြောသည်

"ကောင်းကင်ဘုံက ငါ့ယန်ကလန်ကို

ဘယ်လောက်ပဲ ကောင်းနေပါစေ

ဘာမှမထူးပါဘူး။ ဘာလို့လဲဆိုတော့

မင်းတို့နှစ်ယောက်က

ဒီကလေးငယ်နှစ်ယောက်ကို

ကြီးထွားလာခွင့်ပေးမှာမဟုတ်ဘူးလေ”

"လူအိုကြီးယန်၊

မင်းကိုယ်မင်းပြန်စဉ်းစားကြည့်စမ်း"

အဘိုးကြီးယင်ယု က

ဆက်ပြောလိုက်သည် "ငါ့ယင်ကလန် မှာ

သူတို့လို ပါရမီရှင်နှစ်ယောက် ပေါ်လာရင်

တခြား မျိုးနွယ်တွေပေါင်းပြီး

ငါ့ယင်မျိုးနွယ်ကို

တိုက်ခိုက်ကြလိမ့်မယ်။

ဟုတ်တယ်မလား"

“မင်းမှန်ပါတယ်” အဘိုးကြီးယန်ရှူ က

တဟားဟားရယ်ရင်း ပြန်ပြောသည်

"ကောင်းပြီ။ အစ်ကိုယင်ယု၊ ဒီကို

ပြန်ရောက်နေပြီဆိုတော့ ငါတို့က

အချိန်မဖြုန်းဘဲ

အနားယူလိုက်ကြတာပေါ့။ အခွင့်အ

ရေးရှိရင် ပြန်ဆုံမယ်"

စကားပြောပြီးနောက် အဘိုးကြီးယန်ရှု၏
ပုံရိပ်က တစ်ချက်တုန်ခါပြီး နေရာမှာပင်
ပျောက်ကွယ်သွားသည်။

အဘိုးကြီးယင်ယု က ယန်ယဲ့
ထွက်ပြေးသွားသည့် လမ်းကြောင်းဆီသို့
လှမ်းကြည့်လိုက်သည်။ သူသည်
ယန်ယဲ့နောက်ကို  လိုက်ချင်သော်လည်း
မတတ်နိုင်ပေ။ အကြောင်းကတော့

အဘိုးကြီးယန်ရှူက ခွင့်မပြုလို့ပါ။

အလားတူပင် အဘိုးကြီးယန်ရှူသာ

ယန်ယဲ့ကို ကယ်တင်ခဲ့လျှင်

သူကတားဆီးရပေမည်။

နှစ်ယောက်စလုံးက

တစ်ယောက်နဲ့တစ်ယောက်

အကြောင်းပြချက်ကိုယ်စီဖြင့်

ထောက်ထားကြသည်။

......

အချိန်တော်တော်ကြာပြီးနောက်တွင် အလယ်စကြာဝဠာအနှံ့ သတင်းတစ်ခု ပြန့်နှံ့လာသည်။

မျိုးနွယ်စုကြီး (၈) ခုအနက်မှ ယန်ကလန်သည် အလယ်စကြာဝဠာမှ ပျောက်ကွယ်သွားခဲ့သည်။ ဤအခိုက်အတန့်တွင်

အလယ်စကြာဝဠာ၌ မျိုးနွယ်စုကြီး ၇ ခုသာ ရှိတော့သည်။

သို့သော် ယန်ယဲ့ နှင့် ယန်လျန်ရှမ်း အသက်ရှင်နေသေးကြောင်း လူတိုင်းသိရှိထားကြသည်။

တစ်နည်းအားဖြင့် ယန်ကလန် သည် နောက်တစ်ကြိမ်ပြန်ထလာရန် မျှော်လင့်ချက်ရှိနေသေးသည်။ မှန်သည်၊

ကြိုတင်သတ်မှတ်ချက်ကတော့

ယင်ကလန် နှင့် မဟာမိတ်တပ်ပေါင်းစု

နောက်ပြန်ဆုတ်သွားမှသာ။

သို့သော် ယင်ကလန် နှင့် အခြားသော

မျိုးနွယ်စုများက ယန်ယွဲ့ နှင့်

ယန်လျုန်ရှမ်း အား

အသက်ရှင်ခွင့်ပေးမည်လား။

မဖြစ်နိုင်သည်မှာ သေချာပါသည်။

ဤအချိန်တွင် ယန်ယဲ့ နှင့် ယန်လျန်ရှမ်း ကို မသတ်နိုင်ပါက နောင်နှစ်အနည်းငယ်အကြာတွင် အလယ်စကြာဝဠာ၏မျိုးနွယ်စုကြီး ၅ ခုလုံး ပျောက်ကွယ်သွားပေမည်။

ယင်ကလန် နှင့် မဟာမိတ်အင်အားစုက တိုက်ပွဲကိုအနိုင်ရခဲ့သည်ဆိုသော်ငြား ယန်ယဲ့ သို့မဟုတ် ယန်လျန်ရှမ်း

အသက်ရှင်နေသရွေ့တော့

စားဝင်အိပ်ပျော်နိုင်မည်မဟုတ်ပေ။

......

အမည်မသိနိုင်သော

အာကာသပြင်ကျယ်ကြီးထဲ၌

အလင်းတန်းတစ်ခု လျင်မြန်စွာ

ဖြတ်ပြေးသွားသည်။

အလင်းတန်းဖြတ်သွားရာ

အာကာသပြင်တစ်လျှောက်ဟာ
ချက်ချင်းပွင့်ထွက်သွားသည်။

အလင်းတန်းက အခြားမဟုတ်ပေ၊
ယန်လျန်ရှမ်း နှင့် လမ်းခွဲပြေးလာသော
ယန်ယဲ့ပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
သူ၏အရှိန်ကို အကန့်အသတ်ထိ
မြှင့်တင်ထားသည်။

တစ်ချိန်တည်းတွင် သူ့စိတ်ထဲ

အတော်လေး မကျေမနပ်ဖြစ်နေ၏။

ယင်ကလန် နှင့်

မဟာမိတ်အင်အားစုများကို

ခွဲထုတ်လိုသောကြောင့်သာ ယန်လျန်ရှမ်း

နှင့် လမ်းခွဲထွက်ပြေးလာခြင်းပါ။

ထိုနည်းအားဖြင့် သူတို့ထွက်ပြေးနေရင်း

တန်ပြန်တိုက်ခိုက်နိုင်သည်။

မူလနတ်လုရားအဆင့်ကျင့်ကြံသူ အ

ယောက် ၂၀ စီရင်ဆိုင်ရသည့်တိုင်
သိပ်ပြီးမခက်ခဲပေ။

သို့သော်လည်း ယင်ကလန်သည်
ယန်လျန်ရှမ်းကို လစ်လျူရှုကာ
သူ့နောက်လိုက်လာမည်ဟု
မမျှော်လင့်ထားခဲ့ပေ။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ
အယောက် ၄၀ ။ ယန်ယွဲ့ သည်

အလယ်စကြာဝဠာတစ်ခုလုံးအား

ကျိန်ဆဲချင်သလို ခံစားလိုက်ရသည်။

ဤအချိန်တွင် သူသည်

မကျေမနပ်ဖြစ်နေသည့်တိုင်

အစွမ်းကုန်ထွက်ပြေးနေရသည်။

ယင်ကလန် နှင့် မဟာမိတ်အဖွဲ့သာ

သူ့အား ဖမ်းမိသွားသည်နှင့်

အသက်ဘယ်လိုထွက်သွားမှန်းပင်

မသိနိုင်ပေ။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ ဟူသော အဖွဲ့က

သူရင်ဆိုင်နိုင်သောအရာမဟုတ်လို့ပါ။

ဘာလုပ်မလဲ ။

ယန်ယွဲ့ သည်

အတော်လေးဒေါသထွက်လာ၏။

အကြောင်းမှာ သူသည်

လက်တလောအခြေအနေကို
ဖြေရှင်းနိုင်သောနည်းလမ်းမရှိလို့ပါ။

ဘိုးဘေးယင်ချင်း နှင့် မဟာမိတ်အဖွဲ့က
သူ့အား ကမ္ဘာအဆုံးအထိ
လိုက်ဖမ်းနေကြောင်း သိသာပါသည်။
ထို့အပြင် သူသည်
စစ်နတ်ဘုရား၏ညာဖက်လက်မောင်းကို
အသက်သွင်းထားလေရာ

အကြာကြီးဆက်မထိန်းနိုင်တော့ပေ။

ထိုအတိုင်းသာ

ဆက်ပြီးထွက်ပြေးနေပါက ယင်ကလန်

နှင့်မဟာမိတ်အဖွဲ့၏ လက်ထဲမှ

လွတ်မြောက်ဖို့က မဖြစ်နိုင်တော့ပေ။

ဘုန်း....

၁၅ မိနစ်ခန့်အကြာတွင်တော့

အာကာသပြင်ထဲမှ

အစွမ်းထက်အရှိန်အဝါတစ်ခု

ပေါ်လာ၏။ ထို့နောက်တွင် ချုန်းချီ က

ယန်ယွဲ့ရှေ့သို့ ပေါ်လာသည်။

ချုန်းချီက "တက်လိုက်"

ယန်ယွဲ့ သည် ခဏ

အံ့အားသင့်သွားပြီးနောက်

တို့ဆိုင်းမနေဘဲ ချုန်းချီ၏

နောက်ကျောပေါ် ခုန်တက်လိုက်သည်။

ထို့နောက်တွင် ချုန်းချီက

အနက်ရောင်အတောင်ပံကြီးတစ်စုံကို

တဖြန်းဖြန်းခတ်ကာ

အာကာသပြက်အနက်ပိုင်းထဲကို

တဟုန်ထိုးပြေးဝင်သွားတော့သည်။

ဘိုးဘေးယင်ချင်း

နှင့်မဟာမိတ်အဖွဲ့ကလည်း

မရပ်တန့်ကြပေ။

ဆက်ပြီး လိုက်လာကြသည်။

လုယွန်ထျန်း က ဘိုးဘေးယင်ချင်း

အနားသို့ ကပ်လာရင်း ပြောလိုက်သည်

"ဒီနတ်ဆိုးကောင်က အရမ်းမြန်တယ်"

"ဘာပဲဖြစ်ဖြစ် ငါတို့က သူတို့ကို

လိုက်ဖမ်းရမယ်" ဘိုးဘေးယင်ချင်း က

ပြန်ပြောလိုက်သည် “လူတိုင်း၊

မင်းတို့မျိုးနွယ်စုရဲ့

အဆင့်မြင့်ကျင့်ကြံသူတွေအားလုံး

စေလွှတ်ဖို့ မျိုးနွယ်အားလုံးကို

အမိန့်ပေးလိုက်ပါ။ ဒါ့အပြင်

အလယ်စကြာဝဠာကို

ဆုလာဘ်ထုတ်ပြန်လိုက်ကြ။

ယန်ယဲ့ကိုသတ်နိုင်တာပဲဖြစ်ဖြစ်
ယန်လျန်ရှမ်းကိုသတ်နိုင်ရင်ပဲဖြစ်ဖြစ်
ဘယ်သူမဆို အဆင့်နိမ့်ကမ္ဘာ ၂၀ နဲ့
အလယ်အလတ်အဆင့်ကမ္ဘာ ၅
ခုပေးမယ်။ ပြီးတော့ မူလအဆင့် ရတနာ
၁၀ ခုနဲ့ မူလအဆင့် နည်းစနစ် ၁၀ ခု
အပြင် အဲဒီလူရဲ့ တောင်းဆိုချက်တစ်ခုပါ
ဖြည့်ဆည်းပေးဦးမယ်”

အားလုံး

ထိတ်လန့်တုန်လှုပ်သွားကြသည်။

လုယွန်ထျန်းက ပြန်ပြောလိုက်သည်

"အစ်ကိုယင်၊ ဒါက

နည်းနည်းတော့များတယ်မဟုတ်ဘူးလား

"

အဆင့်နိမ့်ကမ္ဘာ ၂၀ က

သိပ်ပြီးအရေးမပါလှပေ။ သို့သော်လည်း

အလယ်အလတ်အဆင့်ကမ္ဘာ ၅ ခု၊

မူလအဆင့် ရတနာများ နှင့် မူလအဆင့်

နည်းစနစ်များဟာ

မျိုးနွယ်စုကြီးများအတွက်ပင်

အတော်လေးနာကျင်စရာပါ။

ဘိုးဘေးယင်ချင်း က လူအုပ်ကို

တစ်ချက်ကြည့်လိုက်ပြီး ပြန်ပြောခဲ့သည်

"သူတို့ အသက်ရှင်နေသေးရင် ငါတို့က

ဒီထက်ပိုကြီးမားတဲ့ တန်ကြေး

ပေးရလိမ့်မယ်"

ထိုစကားကြားသောအခါ လုယွန်ထျန်း

အပါအဝင် အခြားသော

ဘိုးဘေးများအားလုံး

တုံ့ဆိုင်းသွားကြသည်။

ဘိုးဘေးယင်ချင်း ပြောသည့်စကားက

အမှန်ဖြစ်နေလို့ပါ။ ယန်ယဲ့ သာ မသေဘဲ

လွတ်မြောက်သွားခဲ့ရင် မျိုးနွယ်စုကြီး ၅

ခုဟာ ယခုထုတ်ပြန်လိုက်သော

ဆုလာဘ်ထက် ၁၀ ဆမက ပေးဆပ်ရပေမည်။

ထို့နောက်တွင်တော့ မျိုးနွယ်စုကြီး ၅ ခုဟာ ဆုလာဘ်ထုတ်ပြန်ချက်အပြင် နောက်ထပ် အဆင့်မြင့်ကျင့်ကြံသူ အများအပြား ထပ်မံစေလွှတ်ခဲ့သည်။

မျိုးနွယ်စုကြီး ၅ ခုမှ ကတိပေးထားသော ဆုလာဘ်များသည်

အလွန်ဆွဲဆောင်မှုရှိသည်မှာ
ပြောစရာပင်မလိုချေ။ ယန်ယွဲ့ ကို
သတ်ဖို့က ခက်ခဲကြောင်း
သိထားသော်လည်း အများစုက
ကြိုးစားနေဆဲပါ။ နောက်ဆုံးတွင်
ယခုအချိန် ဝင်ပါလာပါက မျိုးနွယ်စုကြီး
၅ ခု၏ ကျင့်ကြံသူများနှင့်
ပူးပေါင်းထားနိုင်လို့ပါ။

သူတို့ကိုယ်တိုင် ကြိုးစားရင်တော့

ယန်ယဲ့ကို မသတ်နိုင်ဘဲ ယန်ယဲ့ကသာ

ပြန်သတ်သွားပေမည်။

ထို့အပြင် အရေအတွက်များလာပါက

ခွန်အားရှိလာသလို

အရေအတွက်ကလည်း

ကြောက်ရွံ့စိတ်ကင်းမဲ့သွားစေသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

စိတ်အနှောက်အယှက်ဖြစ်ရုံမျှမကဘဲ

အတော်ကို ဒေါသထွက်နေခဲ့သည်။

အကြောင်းမှာ သူ့နောက်ကို

လိုက်ရှာနေသူများလာသောကြောင့်ပင်။

အဓိကကတော့ မျိုးနွယ်စုကြီး ၅ ခု၏

သတင်းကွန်ယက်ထဲမှ

လွတ်မြောက်နိုင်စွမ်းမရှိတာပါ။

တစ်နည်းဆိုရသော်

ဤအခိုက်အတန့်တွင် သူသည်

ခဏမျှအနားယူဖို့ပင် အချိန်မရှိတော့ပေ။

ချုန်းချီ က ရုတ်တရက်ပြောခဲ့သည်

"ကလေး၊ မြန်မြန်.... ဒီအခြေအနေက

လွတ်မြောက်ဖို့ နည်းလမ်းကိုစဉ်းစားပါ။

ဒီအတိုင်းဆက်သွားရင် ငါတောင်

အားကုန်နေလိမ့်မယ်”

ဒီအခြေအနေက လွတ်ဖို့

နည်းလမ်းတစ်ခု။

ယန်ယဲ့ သည်

အချိန်အနည်းငယ်ကြာသည်အထိ

လေးလေးနက်နက် စဉ်းစားနေမိသည်။

သူ့မျက်လုံးအစုံက ရုတ်တရက် အရောင်

တောက်ပလာသည် "ရပြီ"

စကားပြောနေစဉ် စာလိပ်တစ်လိပ်ကို

ထုတ်ယူလိုက်သည်။ ထိုစာလိပ်က

လျှို့ဝှက်ဂိုဏ်းမှ

လျှို့ဝှက်ဆန်းကြယ်သော အမျိုးသမီး

ပေးထားခဲ့သော ပေါ်တယ်စနစ် ပါ။

ဤအခိုက်အတန့်တွင် သူသည်

အလယ်စကြာဝဠာအနှံ့

ထွက်ပြေးလို့မရသောကြောင့်

လျှို့ဝှက်ဂိုဏ်းကို

သွားပြီးပုန်းအောင်းဖို့သာ
တတ်နိုင်တော့သည်။

ယန်ယဲ့ သည် မတွန့်ဆုတ်ဘဲ စာလိပ်ကို
ချေမွပစ်လိုက်သည်။ ထိုခဏလေးမှာပဲ
အပြာရောင်အလင်းတန်းများက ယန်ယဲ့
နှင့် ချူန်းချီ ကို ဖုံးလွှမ်းသွားခဲ့သည်။
ခဏအကြာတွင် နှစ်ယောက်စလုံး
နေရာတွင်ပင် ပျောက်သွားခဲ့သည်။

အသက်ရှူ ၂ ရှိုက်စာခန့်အကြာတွင်

ဘိုးဘေးယင်ချင်း နှင့်အဖွဲ့က

သူတို့ရပ်နေသည့်နေရာသို့

ရောက်လာကြသည်။

ဘိုးဘေးယင်ချင်း က မျက်လုံးကို

အနည်းငယ်မှိတ်ထားလိုက်သည်။

ထိုခဏလေးအတွင်းမှာပင်

ပတ်ဝန်းကျင်ရှိ အာကာသပြင်အနှံ့

ဖြည်းညှင်းစွာ တုန်ခါလာသည်။

ခဏကြာပြီးနောက် မျက်လုံးပြန်ဖွင့်ကာ

အေးတိအေးစက်အသံဖြင့်ပြောလိုက်သ

ည် “သူက ပေါ်တယ်စာလိပ် နဲ့

ထွက်ပြေးသွားတယ်။ အာကာသထဲမှာ

သူ့အငွေ့အသက်တစ်ခုတော့

ကျန်နေတယ်။ငါနဲ့အတူလိုက်လာကြ"

စကားပြောပြီးနောက် သူ့ရှေ့မှ

အာကာသထဲကို တိုးဝင်သွားသည်။

ယန်ယဲ့ သည် မျက်လုံးကို
ရုတ်တရက်ပြန်ဖွင့်လိုက်သည့်အခါ
အမည်မသိတောင်တန်းတစ်ခုပေါ်
ရောက်နေမှန်းသိလိုက်ရသည်။
ထိုအချိန်တွင် သူ့ရှေ့၌
လူငယ်တစ်ယောက်ပေါ်လာသည်။

လူငယ်က “ဘယ်သူလဲ။ ကိုယ့်ကိုယ်ကို
မိတ်ဆက်ပါ” ဟုပြောလိုက်သည်။

ယန်ယဲ့ က

ဒေါသတကြီးအော်ငေါက်လိုက်သည်

"ငါက ယင်ကလန်ရဲ့ ဆက်ခံသူ

ယင်ချင်းဒီ။ ငါဒီနေ့လျှို့ဝှက်ဂိုဏ်းကို

ပြဿနာရှင်းဖို့ ရောက်လာတာ။

ဒီကိုလာပြီး အသေခံကြစမ်း။

မင်းကန့်ကွက်ဝံ့ရင်

ငါမင်းကိုအရင်ဆုံးသတ်ပစ်မယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့က
ညာခြေကိုတစ်ချက်ပုတ်လိုက်သည်။
ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ
အာကာသပြင်က အက်ကွဲလာပြီး
ပြိုကျသွားသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်လည်း
ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

အသက်ရှူ ၂ ရှိုက်စာလောက်အကြာတွင်

ဘိုးဘေးယင်ချင်း နှင့်မဟာမိတ်အဖွဲ့က

ယန်ယွဲ့ ရပ်နေခဲ့သော နေရာတွင်

ပေါ်လာကြသည်။

May Be:

၂၀၂၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၂၂ - လှျို့ဝှက်ဂိုဏ်းသို့

ယန်ယဲ့ သည် ပတ်ဝန်းကျင်ရှိ တောင်တန်းများကို ဖြိုချပစ်လိုက်သဖြင့် လူငယ်က အံ့အားသင့်သွားသည်။ ထို့နောက် ဘိုးဘေးယင်ချင်း နှင့် အဖွဲ့ကို မြင်သောအခါတွင် သူ၏အမူအရာသည် ချက်ချင်း ပြောင်းလဲသွားသည်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ ။

သူ့ရှေ့တွင် ပေါ်လာသော တပ်ဖွဲ့က

အလွန်ကြောက်စရာကောင်းလှသည်။

ဘိုးဘေးယင်ချင်း က

စကားပြောရန်ပြင်လိုက်စဉ်

လူငယ်လေးက အဆောင်တစ်ခုကို

ထုတ်ယူပြီးချေမွပစ်လိုက်သည်။

ထိုခဏလေးမှာပဲ သူတို့အထက်

ကောင်းကင်ပြင်ဟာ ပြင်းပြင်းထန်ထန်

တုန်ခါသွားသည်။

ဘိုးဘေးယင်ချင်း နှင့် အခြားသူများ

အံ့ဩသွားကြသည် "ဒီလူငယ်က

ဘာလုပ်နေတာလဲ"

ကောင်းကင်ပြင်သည်

တစ်ချက်မြည်ဟီးသွားနောက် အထက်မှ

ပုံရိပ်ပေါင်း တစ်ဒါဇင်ကျော်

ပေါ်လာသောကြောင့် ဘိုးဘေးယင်ချင်း

နှင့်တစ်ဖွဲ့လုံး

မျက်မှောင်ကြုတ်သွားကြသည်။

အားလုံးကလည်း

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများပါ။

အဖွဲ့ကို ဦးဆောင်လာသူက

မူလနတ်ဘုရားအဆင့် ၅

အဘိုးကြီးတစ်ဦးပါ။ သူ့နောက်ကွယ်ရှိ

အခြားလူတိုင်းလည်း

မူလနတ်ဘုရားအဆင့် ၄

ကျင့်ကြံသူများပင်။ ထို့အပြင် လူတိုင်း၏

အော်ရာများက

အလွန်အားကောင်းလှသည်။

ထိုအုပ်စုကို မြင်သောအခါ

ဘိုးဘေးယင်ချင်း နှင့်တစ်ဖွဲ့လုံး

မျက်နှာပျက်သွားသည်။အနက်ရောင်ဝ

တ်ရုံဝတ်အဘိုးကြီးနှင့်အုပ်စုကတော့

ဘိုးဘေးယင်ချင်းဦးဆောင်သောအဖွဲ့ကို

မြင်သောအခါ

အလားတူမျက်နှာပျက်သွားခဲ့သည်။

သူတို့အတွက်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ က လျှို့ဝှက်ဂိုဏ်းသို့

ရုတ်တရက်ကြီးရောက်လာမည်ဟု

မထင်ထားကြပေ။

ဤနေရာမှ လေထုသည် ချက်ချင်းပင် တင်းမာလာသည်။

အနက်ရောင်ဝတ်ရုံဝတ်အဘိုးအိုက လူငယ်ကို စိုက်ကြည့်ရင်း မေးလိုက်၏
“ဒီမှာဘာဖြစ်နေတာလဲ”

လူငယ်က
အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီး၏ နံဘေးကို ပြန်ဆုတ်လာရင်း ပြန်ဖြေသည်

“မဟာကြီးအကဲ၊ အခုလေးတင် ဒီမှာ

တစ်ယောက်ယောက်

ရုတ်တရက်ပေါ်လာတယ်။ သူက

ယင်ကလန်ရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ။

ပြီးတော့ ငါတို့ရဲ့ လျှို့ဝှက်ဂိုဏ်းကို

ချေမှုန်းဖို့ သူရောက်လာတယ်လို့

ပြောသေးတယ်။ ဒါ့အပြင် သူက ငါတို့ကို

သူ့ဆီကနေ သေခြင်းတရားကို လက်ခံဖို့

ပြောသွားတယ်။ ငါတို့က ကန့်ကွက်ဝံ့ရင်

သူ့လူတွေက ချက်ချင်း

သတ်ပစ်လိမ့်မယ်”

အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးနှင့်

အခြားလူများ၏ မျက်နှာများသည်

မှုန်ကုပ်ကုပ်ဖြစ်နေသည်။

တစ်ချိန်တည်းမှာပင် ဘိုးဘေးယင်ချင်း

နှင့် အဖွဲ့၏ မျက်နှာများလည်း

မည်းမှောင်သွားသည်။

ထိုယန်ယဲ့က ထွက်ပြေးနေရင်း သူတို့ကို ထောင်ချောက်ထဲ ဆွဲသွင်းခဲ့သည်မဟုတ်ပါလား။

ဘိုးဘေးယင်ချင်း က စကားပြောခါနီးတွင် အနက်ရောင်ဝတ်ရုံအဘိုးကြီးက ရုတ်တရက် စိုက်ကြည့်ကာ ပြောလိုက်သည် “မင်းတို့အားလုံးက မျိုးနွယ်စုကြီး ၈ ခုမှာ ဘယ်မျိုးနွယ်စုကို

ကိုယ်စားပြုတယ်ဆိုတာ ငါသိနိုင်မလား။

ဒါမှမဟုတ် မျိုးနွယ်စုကြီး ၈ ခုလုံး ဒီကို

ရောက်နေတာဖြစ်နိုင်မလား”

ဘိုးဘေးယင်ချင်း က

ပြန်ပြောလိုက်သည်

"ငါက ယင်ကလန်ရဲ့ ဘိုးဘေး

ယင်ချင်းပါ။

သူတို့က လီကလန်၊ ချင်ကလန်၊

ဝမ်ကလန် နဲ့ လုကလန်ရဲ့ဘိုးဘေးတွေပဲ။

ငါတို့က လျှို့ဝှက်ဂိုဏ်းကို တိုက်ခိုက်ဖို့

ဒီမှာလာတာ မဟုတ်ဘူး၊ ဒီညီငယ်လေးနဲ့

အခုတွေ့ခဲ့တဲ့ အဲဒီလူကို အမဲလိုက်ဖို့ပဲ

ရောက်နေတာ”

ဘိုးဘေးယင်ချင်း က ယင်ကလန်၏

ဘိုးဘေးဖြစ်သောကြောင့်

လျှို့ဝှက်ဂိုဏ်းအကြောင်း အနည်းငယ်

သဘာဝကျကျ သိထားခဲ့သည်။

၎င်းသည် အလယ်စကြာဝဠာ၏

လျှို့ဝှက်ဆန်းကြယ်သော

အင်အားစုတစ်ခုပင်။ မှန်သည်၊

ယင်ကလန် သည် လျှို့ဝှက်ဂိုဏ်းကို

မကြောက်သော်လည်း မလိုအပ်ဘဲ

ရန်သူမဖြစ်ချင်ပေ။ အကြောင်းမှာ

ထိုအတိုင်းဆိုလျှင်

ယန်ယဲ့၏အကြံအတိုင်း ဖြစ်နေလို့ပါ။

မည်သို့ပင်ဖြစ်စေ ယင်ကလန်

အတွက်ဘာကောင်းကျိုးမှမရနိုင်ပါ။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက

ဘိုးဘေးယင်ချင်း ပြောသည့်

စကားကိုကြားသောအခါ

မျက်နှာအနေအထားက  အနည်းငယ်

ပြေလျော့သွားသည်။

လျှို့ဝှက်ဂိုဏ်းက

အင်အားအပြည့်ရှိသော်လည်း

မျိုးနွယ်စုကြီး ၅ ခုပေါင်း

မဟာမိတ်အဖွဲ့နှင့် ရန်သူများမဖြစ်လိုပေ။

အလားတူပင် ဘာအကျိုးမှမရှိလို့ပါ။

တစ်ချိန်တည်းမှာပင် ဘိုးဘေးယင်ချင်း

က ဆက်ပြောလိုက်သည်

"လှျို့ဝှက်ဂိုဏ်းက တာအိုရောင်းရင်းတို့၊
ငါတို့က ယန်ယဲ့ကို
ရှာဖို့ ဒီမှာရောက်နေတာပါ။ ယန်ယဲ့က
မင်းရဲ့လှျို့ဝှက်ဂိုဏ်းထဲကို ခိုးဝင်သွားပြီ။
ဒါကြောင့် ငါတို့ကို
အထဲဝင်ပြီးရှာဖွေခွင့်ပြုပါ။ ငါတို့
သူ့ကိုရှာတွေ့ပြီးတာနဲ့ ချက်ချင်း
ထွက်သွားမယ်”

“မဟုတ်ဘူး”

အနက်ရောင်ဝတ်ရုံအဘိုးအိုက

အေးစက်စက်ပြန်ပြောခဲ့သည်

“လျှို့ဝှက်ဂိုဏ်းက အပြင်လူတွေကို

မကြိုဆိုဘူး။ ဒါဆို မင်းတို့ဝင်လို့မရဘူး"

ဘိုးဘေးယင်ချင်း နှင့်အဖွဲ့၏

မျက်နှာများသည် ချက်ချင်းပင်

ကြည့်မကောင်းလောက်အောင်

ဖြစ်သွားသည်။

ဘိုးဘေးယင်ချင်း က

ရုတ်တရက်ပြောလိုက်၏ "ငါတို့

အတင်းဝင်လာရင် ဘယ်လိုလုပ်မလဲ"

ဤတစ်ကြိမ်တွင် သူသည်

ကြံ့တောင့်ကြံ့ခံ လျှို့ဝှက်ဂိုဏ်း၏

အင်အားကိုဖော်ထုတ်လိုခဲ့သည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

အေးစက်စွာ တုန့်ပြန်သည် “ဘာလို့

မကြိုးစားတာလဲ”

ဘိုးဘေးယင်ချင်း က

စကားစလုဆဲဆဲတွင်

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ညာလက်ကို ရုတ်တရက်

ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

မြေပြင်သည် ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်
ဘိုးဘေးယင်ချင်း အပါအဝင်
လူတိုင်း၏အောက်၌
ရောမအလင်းစက်ဝိုင်းကြီးတစ်ခု
ပေါ်လာသည်။

ချုပ်နှောင်ခြင်းအစီအရင် ။

အလင်းစက်ဝိုင်းကြီးမှ ပြင်းထန်သော
အငွေ့အသက်များ ဖြာထွက်နေကာ

ကီလိုမီတာထောင်ချီကျယ်သော

မြေပြင်ကို

လွှမ်းခြုံထားသည်။

တစ်ချိန်တည်းမှာပင်

တောင်တန်းအတွင်းပိုင်းမှ

အစွမ်းထက်အော်ရာ အများအပြား

ရုတ်ချည်းပေါ်လာသည်။ ထို့နောက်တွင်

အနက်ရောင်ဝတ်ရုံအဘိုးကြီး၏ နံဘေး၌ အဘိုးအို ၃ ဦး ပေါ်လာခဲ့သည်။

အားလုံးသည် မူလနတ်ဘုရားအဆင့် ကျင့်ကြံသူများပါ။ ထို့အပြင် မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူများပင်။

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ ၅ ယောက် ။

ပြောစရာပင်မလိုအောင်ပါ၊

မျိုးနွယ်စုကြီး ၅ ခုမှ

ကျင့်ကြံသူများသည် လျှို့ဝှက်ဂိုဏ်း၏

အင်အားကို မြင်လိုက်သောကြောင့်

ထိတ်လန့်သွားကြသည်။

မူလနတ်ဘုရားအဆင့် ၅

ကျင့်ကြံသူများဟာ

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများလိုမဟုတ်သော်လည်း

အလယ်စကြာဝဠာတစ်ခုလုံးမှာပင် အရေအတွက်နည်းပါးသည်။

သို့သော်လည်း လျှို့ဝှက်ဂိုဏ်းတွင် မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူ ၅ ယောက်ပင်ရှိနေ၏။

လျှို့ဝှက်ဂိုဏ်း၏ အင်အားက မျိုးနွယ်စုကြီး ၅ ခုကို သိသိသာသာပင် တုန်လှုပ်သွားစေသည်။

သို့သော်လည်း ဘိုးဘေးယင်ချင်း

နှင့်အဖွဲ့က ယခုအချိန်တွင်

နောက်ပြန်မဆုတ်နိုင်တော့ပေ။

အကယ်၍ ယခုနေ

နောက်ပြန်ဆုတ်သွားပါက မျိုးနွယ်စုကြီး

၅ ခုဟာ လျှို့ဝှက်ဂိုဏ်းကို

ကြောက်နေသည်ဟု

အလယ်စကြာဝဠာတစ်ခုလုံး

လျှောင်ရယ်ပါလိမ့်မည်။ မည်သူမျှ

ထိုကဲ့သို့ အရှက်မကွဲလိုပေ။

ဘိုးဘေးယင်ချင်း က

အနက်ရောင်ဝတ်ရုံအဘိုးအိုအား

တည့်တည့်စိုက်ကြည့်ကာ မေးလိုက်သည်

"လျှို့ဝှက်ဂိုဏ်းက ငါတို့မျိုးနွယ်စုတွေကို

တိုက်ခိုက်ဖို့ ရည်ရွယ်တာလား"

အနက်ရောင်ဝတ်ရုံအဘိုးအိုက
ဘာမှမထူးခြားဘဲ ပြန်ပြောပါသည်
“ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းက ပြင်ပကိစ္စတွေကို
ဝင်ပြီးမစွက်ဖက်ချင်ပါဘူး။ ဒါပေမဲ့
လူတိုင်း ငါတို့ကို အနိုင်ကျင့်နိုင်တယ်လို့
မဆိုလိုဘူး။အားလုံးပဲ၊
ငါ့လျှို့ဝှက်ဂိုဏ်းက မင်းပြောခဲ့တဲ့
လူငယ်နဲ့မင်းတို့ကိစ္စမှာ
ဝင်ပြီးစွက်ဖက်မှာမဟုတ်ဘူး။ ဒါဟာ

မင်းတို့ကိစ္စပဲ။ ကိုယ့်ဘာသာကိုယ် ကိုင်တွယ်ပါ"

ဘိုးဘေးယင်ချင်း က ပြန်ပြောလိုက်သည် "ဒါပေမဲ့ သူက မင်းရဲ့လျှို့ဝှက်ဂိုဏ်းထဲကို ဝင်သွားတယ်"

အနက်ရောင်ဝတ်ရုံ အဘိုးအိုက မျက်မှောင်ကြုတ်လိုက်သည်။ သူက

လူငယ်ကို စိုက်ကြည့်ရင်း “ဒီကို ဘယ်လိုရောက်လာတာလဲ”

လူငယ်က ခဏလောက်စဉ်းစားပြီး “တယ်လီပို့တယ်။ အဲဒါက ငါတို့ရဲ့ တယ်လီပို့ရေးစာလိပ်ပဲ!”

အဘိုးအို၏ မျက်မှောင်ကြုတ်သံ နက်ရှိုင်းလာသည်။

ဇိမ်ခံဝတ်စုံဝတ်ထားတဲ့ အဘိုးအိုကို

ကြည့်လိုက်တော့ "ငါတို့ မကြာသေးခင်ကမှ တစ်ယောက်ယောက်ကို စုဆောင်းပြီးပြီလား"

အဖိုးအိုက ခေါင်းယမ်းကာ “မဟုတ်ဘူး၊ ကျွန်တော် သူ့အကြောင်း ကြားပြီး သူ့ကို စမ်းသပ်ဖို့ ရည်ရွယ်ပါတယ်။ သို့သော် ကျွန်တော် မသွားသေးပါ။ ဒါဆို ငါတို့ရဲ့ လျှို့ဝှက်ဂိုဏ်းကနေ

တယ်လီပို့တင်ရေးစာလိပ်ကို

သူဘယ်လိုပိုင်နိုင်မလဲ။

အဘိုးအိုက မျက်မှောင်ကြုတ်ကာ

သူ့ဘေးနားမှ လူငယ်ကို မေးလိုက်သည်

“ဒါဆို သူဘယ်လိုရောက်လာတာလဲ”

ဘိုးဘေးယင်ချင်း က

ရုတ်တရက်ပြောလိုက်၏ "လူတိုင်း၊

ယန်ယွဲ့က ငါတို့ရဲ့ တစ်ဦးတည်းသော

ပစ်မှတ်ပါ။ သူ့ကိုတွေ့ရင် ချက်ချ
င်းထွက်သွားမယ်။ ဒါမှမဟုတ်
လျှို့ဝှက်ဂိုဏ်းက သူ့ကို
အပြင်ပြန်ထုတ်ပေးပါ။ ပြီးတော့
လျှို့ဝှက်ဂိုဏ်းအပြင်မှာ ငါတို့ကိုယ်တိုင်
ကိုင်တွယ်ဖြေရှင်းမယ်”

သူ့အမြင်အရတော့ အရေးကြီးဆုံးမှာ
ယန်ယဲ့အား အဆုံးသတ်နိုင်ဖို့သာ။
အကယ်၍ လျှို့ဝှက်ဂိုဏ်း နှင့်

ပဋိပက္ခဖြစ်ရလျှင်ပင် အရေးမပါလှပေ။
မည်သို့ပင်ဖြစ်စေ ယန်ယဲ့ကို
သတ်နိုင်ဖို့က အရေးကြီး၏။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက
တိတ်ဆိတ်သွားသည်။ လျို့ဝှက်ဂိုဏ်း
လည်း အလားတူပင်၊ မျိုးနွယ်စုကြီး ၅
ခုနှင့် ပဋိပက္ခမဖြစ်စေလိုပါ။

ခဏအကြာတွင်

အနက်ရောင်ဝတ်ရုံအဘိုးအို က

လေထဲသို့ ပျံတက်သွားပြီး

အသံမြှင့်ကာအော်ပြောလိုက်သည်

"ယန်ယွဲ့၊ မင်းက ငါ့လျှို့ဝှက်ဂိုဏ်းထဲကို

ဘယ်လိုပဲဝင်လာနေနေ မင်းကို

ကြိုဆိုမှာမဟုတ်ဘူး။ ဒါဆို

ကျေးဇူးပြုပြီး ထွက်သွားပါ"

ထွက်သွားရမလား။

ယန်ယွဲ့ သည် အရိပ်ထဲတွင်

ပုန်းအောင်းနေရင်း

ခေါင်းယမ်းလိုက်သည်။ သူသည်

ထွက်သွားမည်မဟုတ်ပေ။

အတော်လေးရှက်စရာကောင်းသော်လ

ည်း သူ့တွင်

အခြားရွေးချယ်စရာမရှိခဲ့ပေ။

အကြောင်းမှာ ယခုနေ

အပြင်ထွက်သွားပါက ကိုယ့်သေတွင်းကို တူးသလိုပင်။

ထိုအချိန်တွင် ဘိုးဘေးယင်ချင်း က ရုတ်တရက် ပြောလိုက်သည် "ဒါက သူ့အတွက် အလုပ်မဖြစ်ပါဘူး။ သူက အရှက်ကင်းမဲ့သလို အရမ်းညဏ်များတယ်။ ငါတို့ က သူ့ကို အပြင်ထွက်လာစေချင်ရင်

အင်အားသုံးရမယ်”

အနက်ရောင်ဝတ်ရုံအဘိုးအိုက
ဘိုးဘေးယင်ချင်း ကို
စိုက်ကြည့်ပြီးနောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
ထိုခဏလေးမှာပဲ
ကီလိုမီတာသောင်းချီကျယ်သော
ဧရိယာထဲရှိအရာအားလုံးက
သူ၏နရတ်ဘုရားစိတ်အာရုံအသိထဲ၌

ပေါ်လာသည်။ သို့သော် ယန်ယဲ့၏

အရိပ်အယောင်ကို သတိမထားမိပေ။

ဘိုးဘေးယင်ချင်း က

ထပ်ပြောလိုက်သည်

"မင်းရဲ့ စွမ်းအင်တွေကို

မဖြုန်းတီးပါနဲ့။သူ့ရဲ့

ဖုံးကွယ်တဲ့စွမ်းရည်က

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူတွေတောင်

အာရုံခံခိုမရတဲ့အရာပဲ။ သူ့ကိုယ်သူပြဖို့

တစ်ခုတည်းသောနည်းလမ်းက မင်းက

လျှို့ဝှက်ဂိုဏ်းရဲ့ ထောင့်နေရာတိုင်းကို

ရှာဖွေဖို့ပဲ”

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ဘိုးဘေးယင်ချင်း ကို လှည့်ကြည့်ရင်း

ရုတ်တရက် မေးလိုက်သည်

"ငါမေးစရာရှိတယ်။ သူက
ဘယ်အဆင့်ကျင့်ကြံသူလဲ"

"မူလနတ်ဘုရားအဆင့် "
ဘိုးဘေးယင်ချင်း က တိုးညှင်းသော
အသံဖြင့် ပြောလိုက်သည်။
ဘိုးဘေးဟောင်းယင်ယု က သူ့ကို
ပြောပြထားသောကြောင့် ယန်ယွဲ့၏
ကျင့်ကြံမှုအဆင့်ကို သိလိုက်သည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ထပ်မေးလိုက်သည် “ဘယ်အဆင့်လဲ”

ဘိုးဘေးယင်ချင်း က

"မူလနတ်ဘုရားအဆင့် ၁ ကျင့်ကြံသူ "

အနက်ရောင်ဝတ်ရုံအဘိုးအိုက

အံ့အားသင့်သွားသည်

"မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ က မူလနတ်ဘုရားအဆင့်

၁ ကျင့်ကြံသူကို လိုက်ဖမ်းနေတာလား။
မင်းတို့ကက သူ့ကို
တမင်လွတ်မြောက်ခွင့်ပေးလိုက်တာလား
"

အနက်ရောင်ဝတ်ရုံအဘိုးအို၏နောက်ကွ
ယ်မှ အခြားလူများသည်လည်း
ဘိုးဘေးယင်ချင်း နှင့် အဖွဲ့အား
ထူးဆန်းသောအကြည့်များဖြင့်
စိုက်ကြည့်နေကြသည်။

ဘိုးဘေးယင်ချင်း နှင့် အခြားသူများ၏

မျက်နှာများက ချက်ချင်းပင်

မသာမယာဖြစ်သွားကြသည်။

တစ်ချိန်တည်းမှာပင်

လုကလန်၏ဘိုးဘေး လုယွန်ထျန်း က

ရုတ်တရက်ပြောလိုက်သည်

“သူ့ကိုလိုက်လံဖမ်းဆီးဖို့

ဒီလိုအင်အားသုံးတာဟာ

တော်တော်ရှုက်စရာကောင်းတယ်ဆိုတာ
ငါတို့ ဝန်ခံရပါမယ်။ ဒါပေမဲ့
သူဘယ်လောက်ထိ
ကြောက်စရာကောင်းလဲ သိရင် မင်းက
ဒီလိုပဲ တွေးမှာ မဟုတ်ဘူး”

"ဟုတ်လား"
အနက်ရောင်ဝတ်ရုံအဘိုးအို၏ လေသံက
အလွန်ပင် ဂရုမစိုက်ပေ။ သူ့စိတ်ထဲ၌
လုယွန်ထျန်း က

တမင်အရှက်ပြေအကြောင်းပြနေသည်

ဟုသာ။ သူ့တစ်သက်

ပါရမီရှင်အများအပြား မြင်ဖူး၏။

သို့သော်လည်း တစ်ယောက်မျှ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

ဒါဇင်ချီကိုတိုက်ခိုက်နိုင်သူ မရှိခဲ့ပေ။

ဒီယန်ယဲ့က ဘယ်လောက်တောင်

ကြောက်စရာကောင်းလို့လဲ။

ထိုအချိန်တွင် ဘိုးဘေးယင်ချင်း က

ခေါင်းခါလိုက်သည် "အချိန်ပိုမဖြုန်းပါနဲ့။

ငါတို့ရဲ့ ရည်ရွယ်ချက်က

အရမ်းရှင်းပါတယ်။

လျှို့ဝှက်ဂိုဏ်းထဲကိုဝင်ပြီး

သူ့ကိုရှာခွင့်ပြုပါ ဒါမှမဟုတ် သူ့ကို

ငါတို့အတွက် အပြင်မောင်းထုတ်ပေးပါ။

ငါတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းမယ်။

ငါ့အထင်ပြောရရင်

မင်းရဲ့လျှို့ဝှက်ဂိုဏ်းက

ကိုယ်နဲ့မဆိုင်တဲ့လူတစ်ယောက်အတွက်နဲ့

စစ်ပွဲမဖြစ်ချင်လောက်ပါဘူး။

ဟုတ်တယ်မလား"

လျှို့ဝှက်ဂိုဏ်းသည်

ယန်ယဲ့တစ်ယောက်အတွက်နှင့်

ယင်ကလန်၏မဟာမိတ်အဖွဲ့ကို

သဘာဝအတိုင်း

ဆန့်ကျင်မည်မဟုတ်ပေ။ထို့အပြင်

ယန်ယွဲ့ သည် ခွင့်ပြုချက်မပါဘဲ

လျှို့ဝှက်ဂိုဏ်းထဲကို ခိုးဝင်လာခဲ့သည်။

ထိုအချက်ကလည်း လျှို့ဝှက်ဂိုဏ်း၏

စည်းမျဉ်းများကို ဆန့်ကျင်နေသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

အမိန့်ပေးလိုက်သည် “သူ့ကိုရှာဖို့

လှျို့ဝှက်အစောင့်ကို အကြောင်းကြားပါ”

အချိန်သိပ်မကြာလိုက်ဘဲ အဘိုးအို၏

နောက်ကွယ်မှ

မှူလနတ်ဘုရားအဆင့်ကျင့်ကြံသူအား

လုံး ပျောက်ကွယ်သွားကြသည်။

ထို့နောက်တွင်

တောင်တန်းတစ်လျှောက်ကနေ

မရေမတွက်နိုင်သော

လေပြင်းတိုက်ခတ်သံများ
ထွက်ပေါ်လာသည်။

လျှို့ဝှက်ဂိုဏ်းက တောင်တန်းတစ်ခုလုံး
တစ်လက်မချင်းစီ ရှာဖွေနေခြင်းပါ။

ဘိုးဘေးယင်ချင်း  နှင့် အခြားသူများ
အကြည့်ချင်းဖလှယ်ကြသော်လည်း
ဘာမှ မပြောပေ။ လျှို့ဝှက်ဂိုဏ်းက
၎င်း၏ရပ်တည်ချက်ကို

ရှင်းရှင်းလင်းလင်း

ထုတ်ပြထားသည်မဟုတ်ပါလား။

သူတို့က သဘာဝအတိုင်း

တွန်းအားပေးမှာ မဟုတ်ပေ။ ထို့အပြင်

လျှို့ဝှက်ဂိုဏ်းက ယန်ယွဲ့အား

သူတို့အပိုင်နယ်မြေထဲသို့

ခိုးဝင်လာနှင့်ပတ်သက်၍

သဘောမကျမှုန်း သိသာပါသည်။

ထို့ကြောင့် လက်ရှိတွင်

သူတို့အနေဖြင့်ကား ယန်ယဲ့

ထွက်ပေါ်လာသည်အထိ

စောင့်ဆိုင်းနေရုံသာ။

အနက်ရောင်ဝတ်ရုံအဘိုးအို က

ဘိုးဘေးယင်ချင်း နှင့်အဖွဲ့ ကို

တစ်ချက်ကြည့်လိုက်ပြီး မေးပါသည် “ငါ

တော်တော် သိချင်မိပါတယ်။ ယန်ယဲ့ကို

ဒီလောက်လူအများကြီး

လိုက်သတ်နေတယ်ဆိုတော့ သူက
မင်းတို့ကို ဘယ်လိုမျိုးလုပ်ခဲ့တာများလဲ"

ယန်ယွဲ့ ဘာလုပ်လိုက်တာလဲ။

ဘိုးဘေးယင်ချင်း အပါအဝင် ဘယ်သူမှ
ပြန်မဖြေကြပေ။ ယန်ယွဲ့ သည်
ယင်ကလန်၏ အဓိကမြို့တော်ကို
ဖျက်ဆီးပစ်ခဲ့သည်။ ထိုအကြောင်းကို
အမှန်ပြောရမည်လား။ ထိုအခြေအနေက

ယင်ကလေန်အတွက် အရှက်ရစရာပင်။

ဘိုးဘေးယင်ချင်း က

ထပ်ပြီးမပြောလိုပေ။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ထပ်မမေးတော့ပေ။ သူ့ဘေးနားက

ဟန်ရှိုးရာဝတ်စုံဝတ်အဘိုးအိုကို

ကြည့်ပြီး ပြောလိုက်သည်

“သွားကြည့်လိုက်စမ်း”

အဘိုးအိုက အနည်းငယ်

ခေါင်းညိတ်ပြပြီး နေရာတွင်ပင်

ပျောက်သွားခဲ့သည်။

...

အကန့်အသတ်မဲ့တောင်တန်းတစ်ခုတွင် ။

ယန်ယဲ့ သည် တောင်တန်းပေါ်ရှိ

သဘာဝလိုဏ်ဂူထဲတွင်

ပုန်းအောင်းနေခဲ့သည်။
ဤကာလအတောအတွင်း
နတ်ဘုရားစိတ်အာရုံအသိများ
အဆက်မပြတ်ပြန့်လာသော်လည်း သူ့ကို
သတိမထားမိခဲ့ကြပါ။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ အေးစက်သော
အပြုံးတစ်ခု ပေါ်လာပါသည်
"မင်းတို့ငါ့ကို ရှာတွေ့ရင်
ငါအရှုံးပေးလိုက်မယ်"

" ပုန်းမနေနဲ့ ။

နင်အဲဒီမှာရှိနေတာငါသိတယ်"

ထိုအချိန်တွင် ဂူအပြင်ဖက်ကနေ

အသံတစ်သံ ရုတ်တရက်

ထွက်လာသည်။

ယန်ယွဲ့ သည် ထိုစကားကြောင့်

ဘာပြောရမှန်းမသိတော့ပေ။

May Be:

၂၁၂၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၃ - သစ်သားဓားကို စွန့်ပစ်ခြင်း

အသံသည် ယန်ယွဲ့ နှင့် အတော်လေးရင်းခဲ့သည်။

သိပ်မကြာလိုက်ပေ၊ အသံပိုင်ရှင်က

မည်သူမည်ဝါဖြစ်သည်ကို

သိလိုက်သည်။

အင်မော်တယ်ဓားမြို့တော်

အပြင်ဖက်တွင် သူ့အား ပေါ်တယ်စာလိပ်

ပေးခဲ့သော

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး ပင်။

ဒါပေမဲ့ သူမ ငါ့ကို ဘယ်လိုတွေ့တာလဲ။

ယန်ယွဲ့ သည်

ခေါင်းရှူပ်ခံပြီးစဉ်းစားမနေတော့ဘဲ

လှိုဏ်ဂူထဲက ထွက်လာလိုက်သည်။

ဂူဝင်ပေါက်မှာ အမျိုးသမီးတစ်ယောက်

ရပ်နေသည်ကို မြင်လိုက်၏

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်

ယောက်ပါ။

ယန်ယဲ့က သိချင်စိတ်ဖြင့် မေးလိုက်သည်

"မင်းငါ့ကို ဘယ်လိုတွေ့တာလဲ"

ထိုအချိန်တွင်

အဖြူရောင်အလင်းတန်းတစ်ခု

လင်းလက်လာပြီး နှင်းပွင့်လေးက

သစ်သားဓားကိုင်လျက်

သူ့ရှေ့တွင်ပေါ်လာသည်။

တစ်ဆက်တည်း သူမလေးက

သစ်သားဓားကို ညွှန်ပြသည်...

သစ်သားဓားက ပြောလိုက်တာလား။

ယန်ယဲ့ သည် သစ်သားဓားကို

တစ်ချက်ကြည့်လိုက်သည်။

ထိုအစုတ်အပြတ်ဓားက

သူ၏တည်နေရာကို ထုတ်ဖော်ရန်

မမျှော်လင့်ခဲ့ပေ။

ထိုအချိန်တွင်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ရုတ်တရက် မေးခဲ့သည် "ယန်ယွဲ့၊ ဒါက

ဘာအဓိပ္ပာယ်လဲ"

ယန်ယွဲ့ က အံ့သြသွားပြီး

ပြန်မေးလိုက်၏

"မင်းဘာကိုဆိုလိုတာလဲ"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

အေးစက်စက် ထပ်ပြောလိုက်သည်

"အပြင်မှာ ယင်ကလန်နဲ့

တခြားကလန်တွေရဲ့တပ်ဖွဲ့တွေရောက်နေ

တယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"သူတို့က ငါ့ကိုလိုက်ဖမ်းနေတာ"

“ဒါဆို နင်က လျှို့ဝှက်ဂိုဏ်းကို

လာတာလား”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ထပ်မေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယွဲ့အား

စူးစိုက်ကြည့်ကာပြောလိုက်သည်

"လှျို့ဝှက်ဂိုဏ်းကို
သူတို့နဲ့တိုက်ခိုက်ခိုင်းပြီး အဲဒီကနေ
အကျိုးအမြတ်ယူချင်တာလား"

ယန်ယဲ့က ခေါင်းခါလိုက်သည်
“မဟုတ်ဘူး၊ ဒါ
ငါ့ရည်ရွယ်ချက်မဟုတ်ဘူး။ ငါ့မှာ
သွားစရာနေရာမရှိခဲ့ဘူး။ ဟုတ်ပါတယ်၊
လှျို့ဝှက်ဂိုဏ်းက ငါ့ကို ဒီမှာမကြိုဆိုရင်
အခုချက်ချင်း ထွက်သွားနိုင်တယ်"

သူသည် လူမိုက်မဟုတ်ပေ။

လျှို့ဝှက်ဂိုဏ်းက သူ့အတွက်နှင့်

မဟာကာလန်ကြီး ၅ ခုကို ရင်ဆိုင်မည်ဟု

မထင်ထားမိပေ။ နောက်ဆုံးတွင်

လျှို့ဝှက်ဂိုဏ်း၏

ထိပ်တန်းအာဏာပိုင်များနှင့်

မဟာကာလန်ကြီး ၅ ခုသည်လည်း

အရှုံးများမဟုတ်ကြပေ။

လျှို့ဝှက်ဂိုဏ်းတွင် သူရှိနေမှန်း

သတိထားမိသည်နှင့်

ထွက်သွားမည်မဟုတ်ပေ။ ထို့အတူ

သူကိုယ်တိုင်လည်း

ချက်ချင်းထွက်သွားဖို့မဖြစ်နိုင်ပါ။

သို့သော်လည်း သူ

ပုန်းအောင်းနေသည်ကို လျှို့ဝှက်ဂိုဏ်းက

တွေ့သွားပြီဖြစ်ရာ

ဆက်ပြီးပုန်းအောင်းမနေတော့ပေ။

သူသည် မျိုးနွယ်စုကြီး ၅ ခုအပြင်

လျို့ဝှက်ဂိုဏ်း နှင့်ပါထပ်ပြီး

ရန်သူမဖြစ်ချင်တော့ပေ။

ထို့ကြောင့် ယန်ယဲ့ သည်

တွန့်ဆုတ်မနေဘဲ နောက်လှည့်၍

ထွက်သွားပါတော့သည်။

“ခဏစောင့်”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက က

ရုတ်တရက်ပြောလိုက်သည် "နင်ထွက်သွားလို့ရပေမယ့် ဓားကိုချန်ထားခဲ့ပါ"

ယန်ယဲ့ သည် သစ်သားဓားကို စိုက်ကြည့်ပြီးနောက် နှင်းပွင့်၏လက်ထဲမှ ဆွဲယူကာ အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး ဆီသို့ပစ်ပေးလိုက်သည်။ နှင်းပွင့်လေးက လက်သည်းများကို ဝှေ့ယမ်းကာ ပြန်ယူရန်ပြောနေ၏။ ယန်ယဲ့က

သူမလေးကိုကြည့်ကာ

ခေါင်းခါပြလိုက်သည် “ထားခဲ့လိုက်ပါ”

သူသည် သစ်သားဓားကို

ကိုင်ထားလိုစိတ်မရှိတော့ပေ။ ၎င်းက

သူ၏တည်နေရာကို ထုတ်ဖော်ပြခဲ့သည်။

ကံကောင်းထောက်မစွာ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

မကောင်းသော

ရည်ရွယ်ချက်မရှိခဲ့ပေ။ထိုသို့မဟုတ်လျှင်

သူသည် ချက်ချင်း

ငရဲရောက်နေလောက်ပေသည်။

ယန်ယဲ့၏ စကားကို

ကြားလိုက်သောအခါ နှင်းပွင့်လေးက

ချက်ချင်းပင် ဝမ်းနည်းသွားပုံပါ။ သူမ၏

မျက်လုံးသေးသေးလေးများက

မျက်ရည်ပုလဲလုံးများပင် ပြည့်လာသည်။

နှင်းပွင့်လေး၏ အမူအရာကို

မြင်သောအခါ ယန်ယဲ့၏နှလုံးသားက

နာကျင်သွားသည်။ သူက

ခဏမျှတုံ့ဆိုင်းနေပြီးမှ

ပြန်ပြောလိုက်သည် "အသေးလေး၊ သူက

ငါတို့ထဲက တစ်ယောက်မှ မဟုတ်ဘူး။

ဒီတော့ ထားခဲ့လိုက်ပါ။ အဆင်ပြေလား"

နှင်းပွင့်လေးက တစ်ခုခုကို
တွေးမိသည့်အလား
အမြန်ခေါင်းညိတ်ပြသည်။

ယန်ယဲ့က သူမ၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်ပြီး ပြောလိုက်သည်
"အနာဂတ်မှာ မင်းအတွက် ပိုကောင်းတဲ့
ဓားတစ်ချောင်း ရှာတွေ့မှာပါ"

စကားပြောပြီးသည်နှင့် နှင်းပွင့်ကို

ပွေ့ချီကာ ထွက်သွားရန်ပြင်လိုက်သည်။

သို့သော် သစ်သားဓားက သူ့ရှေ့တွင်

ရုတ်တရက် ပေါ်လာပြီးနောက်

အလင်းတန်းတစ်ခုအသွင်ဖြင့် မူလစေတီ

ထဲကို ဝင်ရောက်သွားသည်။

ယန်ယွဲ့ သည် သူ့အသိစိတ်ကို

ခန္ဓာကိုယ်ထဲသို့ ပို့လွှတ်လိုက်သည်။

ထို့နောက် မထူးခြားသောလေသံဖြင့်

ပြောလိုက်၏ "ဖယ်ထုတ်လိုက်ပါ"

မူလစေတီက ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်

ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းများ ဖြာထွက်လာကာ

သစ်သားဓားကို ချက်ချင်း

ဖုံးအုပ်ထားလိုက်သည်။

သစ်သားဓားက ငြိမ်သက်နေခြင်းမရှိခဲ့ဘဲ

မူလစေတီကိုပင် ပြန်၍ခုခံနေလေသည်။

သစ်သားဓား က

ဓားစွမ်းအင်အလင်းတန်းများ

အဆက်မပြတ် ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။

တကယ့်ကို ရဲတင်းလိုက်တာ။ မူလစေတီ

ကိုတောင် ခုခံရဲတယ်။

ဤအခိုင်အတန့်တွင် မူလစေတီက

ဒေါသထွက်သွားပုံရ၏။

သိပ်သည်းသောစွမ်းအင်လှိုင်းများ

ထပ်မံထွက်ပေါ်လာပြီး

သစ်သားဓားကို ဖုံးအုပ်ထားလိုက်သည်။

ထိုခဏလေးမှာပဲ

ဓားစွမ်းအင်အလင်းတန်းများအားလုံး

ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့သည်။

ခဏအကြာတွင် ယန်ယွဲ့၏ ရင်ဘတ်မှ

အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

သစ်သားဓားက ယန်ယွဲ့ နှင့် ၃

ကီလိုမီတာအကွာတွင် ပေါ်လာသည်။

မူလစေတီ က

အပြင်ကိုရိုက်ထုတ်လိုက်ခြင်းပင်။

သို့သော် သစ်သားဓားက

အနည်းငယ်တုန်ခါသွားပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ယန်ယဲ့၏ ခန္ဓာကိုယ်ထဲကို

ပြန်ဝင်သွားသည်။ သို့သော်

အသက်ရှူတစ်ရှိုက်စာပင်မရှိသေး

အပြင်ကိုပြန်လွင့်လာသည်။

ထိုအတိုင်းပင် သစ်သားစားက

မှုလစေတီထဲကို

အကြိမ်ကြိမ်ပြန်ဝင်နေသော်လည်း

မအောင်မြင်ခဲ့ပေ။

နောက်ဆုံးတွင်တော့ သစ်သားစားက

လက်လျှော့လိုက်ပုံပါ။

အပြင်ပြန်ရောက်သည်နှင့်

ငြိမ်သက်သွား၏။

သို့သော် နှင်းပွင့်လေး ရှေ့သို့ ရောက်လာခဲ့သည်။ နှင်းပွင့်လေးက သစ်သားဓားကို တစ်ချက်ကြည့်လိုက်ပြီး အဝေးကို လှမ်းပစ်ထုတ်လိုက်သည်။

ထိုအတောအတွင်း ယန်ယဲ့က အေးစက်စက်ပြောလိုက်သည် "မင်းဘယ်လိုဓားမျိုးလဲဆိုတာ ငါဂရုမစိုက်ပါဘူး။ မင်းမှာ ကိုယ်ပိုင်အသိစိတ်ရှိမှာပါ။ တကယ်တော့

ခွန်အားရှိသူတိုင်း

စဉ်းစားတွေးခေါ်တတ်တဲ့

အသိစိတ်တွေရှိကြတယ်။ ဒါပေမဲ့

ငါမင်းကိုပြောချင်တာက ငါ့မှာ

စဉ်းစားတတ်တဲ့အသိဉာဏ်ရှိတယ်ဆို

တာပဲ။ ငါတို့က

တစ်ယောက်နဲ့တစ်ယောက်

မပူးပေါင်းနိုင်မှတော့

ဒီမှာပဲလမ်းခွဲလိုက်ကြရအောင်"

ယန်ယဲ့ က ပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။ သစ်သားဓားက

သူ့နေရာကို ဖော်ထုတ်လိုက်သောကြောင့်

လုံးဝသဘောမကျလှပေ။

သစ်သားဓားက

သူ၏ခွင့်ပြုချက်တောင်းလျှင်တော့

ပြဿနာရှိမည်မဟုတ်ပေ။

သို့သော်လည်း ၎င်းက

သူ့ကိုအသိမပေးဘဲ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကို ဆက်သွယ်လိုက်သည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက လျှို့ဝှက်ဂိုဏ်းနှင့် ယင်ကလန်ခေါင်းဆောင်သော မဟာမိတ်အဖွဲ့ကို အကြောင်းကြားခဲ့လျှင် ဘာဆက်ဖြစ်မည်မှန်း သိသာပါသည်။ အရေးကြီးဆုံးကတော့ ဤအဖြစ်အပျက်ဟာ သစ်သားဓားက

သူနှင့်တစ်သားတည်းမဟုတ်မှန်း
နားလည်သွားစေသည်။

သို့သော်လည်း ယန်ယွဲ့ သည်
ခြေနှစ်လှမ်းပင် မလှမ်းလိုက်ရဘဲ
သစ်သားဓားက သူ့ရှေ့တွင်
ထပ်မံပေါ်လာသည်။

ယန်ယွဲ့ သည် ချက်ချင်း
မျက်မှောင်ကြုတ်လိုက်သည်။

ထိုအတောအတွင်း

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ရုတ်တရက် ပြောလိုက်သည် “ဓားက

နင့်ရဲ့နေရာကို ဖော်ထုတ်တာ

ဘာရည်ရွယ်ချက်မှ

မရှိဘူး။နင်ကငါ့ကိုတွေ့ဖို့ဒီမှာရောက်နေ

တယ်ထင်လို့ပဲ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

ပြန်ပြောပါသည် "အရေးမကြီးပါဘူး"

သူက သစ်သားဓားကို စိုက်ကြည့်ကာ
ထပ်ပြောလိုက်၏ “ဘာပဲဖြစ်ဖြစ် ငါတို့
အကြိမ်ကြိမ် လက်တွဲပြီးပြီဆိုတော့
အေးအေးဆေးဆေး လမ်းခွဲကြရအောင်”

သစ်သားဓားက အနည်းငယ်တုန်ခါကာ
တစ်ခုခုပြောနေပုံရသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ
အမျိုးသမီး၏အမူအရာသည်

ချက်ချင်းပြောင်းလဲသွားသည်။

သူမ၏မျက်လုံးထဲ၌

မယုံကြည်နိုင်သောအရိပ်အယောင်များ

တွေ့နေရသည်။

သစ်သားဓား ပြောလိုက်သည့်စကားကို

သိနေလို့ပါ။ ၎င်းက

အမှားကိုဝန်ခံနေခြင်းပင်။ ထို့အပြင်

ယန်ယဲ့၏ခွင့်ပြုချက်မရလျှင်

သူရောက်နေသည့်နေရာကို

ထပ်မံထုတ်ဖော်တော့မည်မဟုတ်ကြော
င်း အာမခံနေ၏။

သူ့အမှားကို ဝန်ခံနေတာလား။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က
ယန်ယွဲ့ကို ထွင်းဖောက်မြင်နေရသလိုမျိုး
စိုက်ကြည့်နေသည်။

ယန်ယဲ့ သည်လည်း သစ်သားဓားရဲ၏

အစိပ်ပိုင်းကို သဘာဝကျကျ

နားလည်လိုက်သည်။ ၎င်းက သူ့ကိုယ်သူ

ဂုဏ်ယူနေသောကြောင့်

အများဝန်ခံမည်ဟုတော့

မမျှော်လင့်ထားပေ။ သို့သော်လည်း

အဓိကအကြောင်းရင်းမှာ နှင်းပွင့်လေး

နှင့် မူလစေတီကြောင့်ပါ။

သစ်သားအေး က နှင်းပွင့်လေးကို

အတော်လေး

သဘောကျနှစ်သက်ခဲ့လို့ပါ။

နှင်းပွင့်လေးက သစ်သားအေးကို

မစွန့်လွှတ်ချင်သလို သစ်သားအေး

ကလည်း အလားတူပင်။

ယန်ယွဲ့ သည် စကားမပြောသေးဘဲ

နှင်းပွင့်ကို ငုံ့ကြည့်ကာ သူ့အား

မော့ကြည့်နေမှန်းမြင်လိုက်ရသည်။

အသေးလေးက

မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ

တစ်ခုခုပြောချင်နေသော်လည်း

အဆုံးတွင် ဘာမှမပြောပေ။

ယန်ယဲ့က သူမ၏ခေါင်းလေးကို

ညင်သာစွာ ပွတ်သပ်ပြီး

ပြောလိုက်ပါသည်

"မင်းကြိုက်သလိုလုပ်ပါ"

ထိုစကားကြားသောအခါ နှင်းပွင့်လေးက မျက်တောင်ခတ်လိုက်ပြီး မျက်လုံးထဲမှ အရောင်များ တောက်ပလာသည်။ သူမလေးက ယန်ယဲ့၏ဆိုလိုရင်းကို နားလည်ပုံပါ။ နှင်းပွင့်က သစ်သားဓားကို ဆွဲယူလိုက်သည်။ သို့သော်လည်း သူမ၏မျက်နှာပေါ်ရှိ အပြုံးလေးက ပျောက်ကွယ်နေသေးသည်။

နှင်းပွင့်က သစ်သားဓားကို စိုက်ကြည့်ကာ

သူမ၏ခြေသည်းလေးကို

ညွှန်ပြလိုက်သည်။ ထို့နောက်

သူမ၏မျက်နှာသေးသေးလေးက

လေးနက်သောအမူအရာဖြင့်

အခြားလက်သည်းတစ်ဖက်ကို

စတင်ဝှေ့ယမ်းလိုက်သည်။

တစ်နည်းအားဖြင့် နှင်းပွင့်က

သစ်သားဓားကို သုံးမနေတာပါ။ သူမ

ပြောနေသည်မှာ သစ်သားဓားက

ယန်ယွဲ့အား ထပ်မံဆန့်ကျင်ခြင်းမပြုရန်။

ထို့အပြင် ယန်ယွဲ့၏ တည်နေရာကို

နောက်ထပ်ထုတ်ဖော်မပြတော့ရန်ပင်။

သစ်သားဓားက နှင်းပွင့်၏

တောင်းဆိုချက်ကို ကန့်ကွက်ခြင်းမရှိပေ၊

အနည်းငယ်တုန်ခါသွားကာ
သဘောတူကြောင်းပြသနေလေသည်။

ခဏအကြာတွင်တော့
နှင်းပွင့်လေး၏မျက်နှာက
အပြုံးများပေါ်လာကာ သစ်သားဓားကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်
မူလစေတီထဲကို ပြန်ဝင်သွားတော့သည်။

ယန်ယဲ့ သည် ဆက်မနေတော့ဘဲ ချက်ချင်းလှည့်ထွက်လာသည်။ သို့သော်လည်း

တစ်ခုခုကို တွေးမိလိုက်သည့်အလား ရုတ်တရက် ရပ်လိုက်သည်။ ထို့နောက် အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး ကို လှည့်ကြည့်ရင်း ပြောလိုက်၏ “ငါ ဒီဓားကို သိမ်းယူထားဖို့ မကြိုးစားပါဘူး။ ဒါက ငါနဲ့ အတူနေဖို့ ရွေးချယ်ခဲ့တာ။

ဒါဆို မင်းနားလည်မယ်လို့
မျှော်လင့်ပါတယ်"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက
ငြိမ်သက်သွားသည်။ လောလောဆယ်
ဘာမှမတတ်နိုင်လို့ပါ။ သစ်သားဓားက
လျှို့ဝှက်ဂိုဏ်းနှင့် သက်ဆိုင်ပါသလား။
မဟုတ်ပေ၊

သစ်သားဓားက သူမကို

ရွေးချယ်ခဲ့ရင်တော့ ဖြစ်နိုင်ပေသည်။

သို့သော် ယန်ယွဲ့နှင့် လိုက်ပါချင်ခဲ့သည်။

အတင်းအကြပ် လွှဲပေးခိုင်းနေပါက

လျှို့ဝှက်ဂိုဏ်းဟာ

တမင်အနိုင်ကျင့်သလိုပင်။

သို့ရာတွင် သူမရှေ့က လူငယ်က

လွယ်လွယ်နှင့် အနိုင်ကျင့်လို့ရမည်လား။

ယန်ယဲ့ သည်

စကားတစ်ခွန်းမှထပ်မပြောတော့ပေ။

နောက်ပြန်လှည့်ကာ ထွက်သွားသည် ။

ထိုအချိန်တွင်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က

ရုတ်တရက် ပြောခဲ့သည်

"ငါ နင့်ကို လျှို့ဝှက်ဂိုဏ်းဆီ

ခေါ်သွားပေးမယ်"

ယန်ယဲ့ က သူမကို လှည့်ကြည့်လိုက်ရာ

“နင် ထွက်သွားလို့မရဘူး။

ဂိုဏ်းစောင့်မဟာဝင်္ကပါကို

အသက်သွင်းထားလိုက်ပြီ။ ဒါ့အပြင်

မရေမတွက်နိုင်တဲ့

အဆင့်မြင့်ကျင့်ကြံသူတွေက

တောင်တန်းတစ်ခုလုံးကိုစောင့်ကြပ်နေတ

ယ်။ ဒီတော့

နည်းနည်းလေးလှုပ်လိုက်တာနဲ့
နင့်ကိုသတိထားမိလိမ့်မယ်”

ယန်ယဲ့က ခဏာမျှတုံ့ဆိုင်းသွားကာ
ပြန်ပြောလိုက်သည် "ငါ့ကိုခေါ်သွားရင်
မင်းရဲ့ လျှို့ဝှက်ဂိုဏ်းက
ပြဿနာတက်လိမ့်မယ်"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က
ဘာမှမထူးခြားဟန်ဖြင့် ခေါင်းခါရင်း

ပြန်ပြောခဲ့သည် “ဒါကို ငါတို့

ထိန်းထည်းလို့ရတယ်။ငါနဲ့အတူလိုက်ခဲ့ပါ

"

စကားပြောပြီးသည်နှင့် အမျိုးသမီးက

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ က ပခုံးတွန့်ကာ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး

နောက်သို့ အမြန်လိုက်သွားခဲ့သည်။

သိပ်မကြာလိုက်ပါ၊

တိမ်တိုက်များကြားသို့ပင်

ထိုးထွက်လုမတတ် တောင်ထိပ်ပေါ်

ရောက်လာခဲ့သည်။

ယန်ယဲ့က ရုတ်တရက်မေးလိုက်၏

"လျှို့ဝှက်ဂိုဏ်းက ဟိုမှာလား"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က

အနည်းငယ် ခေါင်းညိတ်ပြသည်။ သူမက

ယန်ယဲ့ ကို စိုက်ကြည့်ကာ ပြောပါသည်

“ဒီမှာ ခဏစောင့်။ နင် လျှို့ဝှက်ဂိုဏ်းက ထွက်သွားပြီလို့ သူတို့ကို ငါသွားပြောလိုက်မယ်"

ယန်ယဲ့ က အနည်းငယ်အံ့သြသွားကာ မေးလိုက်၏ "သူတို့က ယုံမှာလား"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က သာမန်လိုသာ ပြန်ပြောခဲ့သည် "သူတို့ မလုပ်ချင်ရင်တောင် လုပ်ရမယ်"

ထိုစကားပြောပြီးသည်နှင့် နောက်ပြန်လှည့်၍ ထွက်သွားရန်ပြင်လိုက်၏။ သို့သော် တစ်ခုခုကိုတွေးမိသလိုဖြင့် ယန်ယွဲ့ကိုလှည့်ကြည့်ကာ ထပ်ပြောပါသည် “ဒီမှာပဲနေပါ။ဘယ်မှ

မသွားနဲ့။ ဒီနေရာမှာ နင်ရောက်နေတာကို
အကြောင်းမကြားရသေးဘူး။
ဘာကြောင့်လဲဆိုတော့
ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းက နင့်ကိုဘယ်သူမှန်း
မသိလို့ပဲ။ တစ်ယောက်ယောက်
နင့်ကိုတွေ့သွားရင် ဘယ်သူမှ
ကူညီနိုင်တော့မှာမဟုတ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြသည်
"ကောင်းပြီ ။ငါဘယ်မှမသွားဘူး"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က
သ ခေါင်းညိတ်ပြပြီး နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး
ထွက်သွားပြီးနောက်တွင် ယန်ယဲ့
သည်ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်ကာ နေရာတစ်ခုရှာပြီး
ပုန်းအောင်းနေလိုက်သည်။

၁၅ မိနစ်ခန့်အကြာတွင်တော့

အဖြူရောင်အလင်းတန်းကြီးတစ်ခု

ကောင်းကင်ယံအထက်သို့ ရုတ်တရက်

ထိုးတက်သွားသည်။ ယန်ယဲ့ သည်

ပုန်းအောင်းနေရင်းဖြင့်

မော့ကြည့်လိုက်သည်။ ထို့နောက်

အလင်းတန်းက

သူ့ရှေ့တွင်ဆင်းသက်လာသည်ကို

မြင်လိုက်ပါသည်။

ယန်ယဲ့ သည်

သူ့ရှေ့မှလူကိုမြင်သောအခါ ခဏမျှ

အံ့အားသင့်သွားပြီးနောက်

ပြောလိုက်လေသည် "ဒါက မင်းပဲလေ"

May Be:

၂၀၂၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၄ - မင်းလို ကျင့်ကြံသူ

ဒါဇင်လောက်ကို ငါတိုက်ခိုက်နိုင်တယ်

အမျိုးသမီးတစ်ဦးဖြစ်နေလို့ပါ။

ထို့အပြင် အစောပိုင်းကလေးကမှ

သူနှင့်စကားပြောသွားသော

အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးပါ။

သို့သော် သူမက

အဖြူရောင်ဝတ်ရုံမဟုတ်ဘဲ

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ အဓိကကတော့ သူမ၏အောက်ရာက ယခင်ထက် ပို၍ပြင်းထန်နေသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး က ယန်ယဲ့ကို အေးစက်စွာ ကြည့်ပြီး "နင်က ဘယ်သူလဲ"

ယန်ယွဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းက

သူမမဟုတ်ဘူးပဲ"

ဤအချိန်တွင် ယန်ယွဲ့ သည်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

မတူမှန်းသတိထားမိလိုက်သည်။

နှစ်ယောက်စလုံးက

ရုပ်ချင်းဆင်တူဖြစ်နေတာပါ။

အမျိုးသမီးက မျက်မှောင်ကြုတ်ကာ အေးစက်စက်ပြောလိုက်သည် “နင် သူ့ကို သိနေတာလား”

ယန်ယဲ့ က ခဏမျှစဉ်းစားပြီး ပြန်ပြောလိုက်သည် "သူမက ငါ့ကိုဒီကိုခေါ်လာတာ။ ပြီးတော့ ငါ့ကို ဒီမှာစောင့်နေခိုင်းတာပဲ"

"သူက နင့်ကို ဒီနေရာအထိ ခေါ်လာတာလား"

အနက်ရောင်ဝတ်စုံဝတ် အမျိုးသမီးက မျက်မှောင်ကြုတ်ကာ “နင်က ဘယ်သူလဲ။ သူမ နင့်ကို ဘာလို့ ဒီကို ခေါ်လာတာလဲ"

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး "ဘာလို့ သူ့ကိုမစောင့်ဘဲ ငါ့ကိုလာမေးနေတာလဲ"

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း ပြောလိုက်သည် "နင်က ငါ့လျှို့ဝှက်ဂိုဏ်းကို ခိုးဝင်လာတဲ့ ယန်ယဲ့"

ယန်ယဲ့က စကားပြန်မပြောဘဲ သူ၏ ဘယ်လက်သီးကို ဖြည်းညှင်းစွာ ဆုပ်ထားသည်။

တစ်ချိန်တည်းမှာပင် အမျိုးသမီးက ဆက်ပြောလိုက်သည် “သူမကို

အပြင်လူတွေနဲ့ ပူးပေါင်းဖို့

ဘယ်တုန်းကမှ မမျှော်လင့်ထားပါဘူး။

ဘယ်လောက်မိုက်မဲသလဲ...."

သို့သော် သူမ၏စကားသံက ရုတ်တရက်

ရပ်သွားသည်။ စကားပင်မဆုံးသေး၊

ဓားတစ်ချောင်းက သူမ၏ နဖူးရှေ့သို့

ရောက်နေလို့ပါ။

ယန်ယဲ့က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

သတ်ချင်စိတ်မရှိပေ။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး

ပြန်မရောက်လာခင်အထိ

ယာယီတားဆီးချင်ရုံသာ။

သို့သော် ယန်ယဲ့က

အနက်ဝတ်အမျိုးသမီး၏ ခွန်အားကို

လျှော့တွက်မိသွားသည်။ သူ့ဓားကို

ထိုးသွင်းလိုက်သည့်အခိုက်

အမျိုးသမီးက ဖျတ်ခနဲ

ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ရှေ့၌

ကြာပန်းနက်ကြီးတစ်ပွင့် ပေါ်လာသည်။

ကြာပန်းနက်က ချက်ချင်း

ပေါက်ကွဲသွားသည်။ ထို့နောက်

မရေမတွက်နိုင်သော အနက်ရောင်

ပွင့်ချပ်များက ယန်ယဲ့ကို

ဖုံးလွှမ်းသွားသည်။

သို့သော် အချိန်ခဏလေးအတွင်း

အနက်ရောင်ပွင့်ချပ်များ

ပျောက်ကွယ်သွားသည်။

ယန်ယဲ့က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး နှင့်

ခပ်လှမ်းလှမ်းအထိ ဆုတ်လာသည်။

သူသည် နောက်တစ်ကြိမ်

တိုက်ခိုက်ခြင်းမပြုခဲ့ပေ။

တိုက်ခိုက်မှုတစ်ခုတည်းဖြင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

မဖိနှိပ်နိုင်လေရာ

ဆက်ပြီးမတိုက်ခိုက်တော့ပေ။

ဆက်ပြီးတိုက်ခိုက်လိုက်ပါက

ရှုန်းရင်းဆန်ခတ်ဖြစ်သွားနိုင်လို့ပါ။

ထိုအချိန်တွင် လျှို့ဝှက်ဂိုဏ်း သာမကဘဲ

ယင်ကလန်နှင့်မဟာမိတ်အဖွဲ့ကပါ
သတိပြုသွားပေမည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက
ယန်ယဲ့အား အေးစက်စက်ကြည့်ကာ
ဆက်ပြီးတိုက်ခိုက်ရန်ပြင်နေသည်။

ယန်ယဲ့က စကားမပြောဘဲ သစ်သားဓား
ကို ရုတ်တရက်ထုတ်ယူလိုက်သည်။
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

သစ်သားစား ကို မြင်လိုက်ရာတွင်
ချက်ချင်း ထိတ်လန့်သွားသည်။

သူမက ယန်ယဲ့ ကို စိုက်ကြည့်ရင်း "ဒါ
နင်ပိုင်တာမဟုတ်ဘူး၊
ဘာလာလုပ်တာလဲ"

ယန်ယဲ့က မထူးခြားဘဲ ပြန်ပြောသည်
"သူမ ပြန်လာတဲ့အခါ မေးကြည့်လိုက်"

ယန်ယဲ့က ပြန်မဖြေသဖြင့်

မနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

အနည်းငယ်စိတ်ပျက်သွားသည်။

သို့သော်လည်း

ထပ်ပြီးတိုက်ခိုက်ခြင်းမရှိပေ။

သေချာသည်မှာ ယန်ယဲ့၏လက်ထဲမှ

သစ်သားဓား ကြောင့်ပါ။

နှစ်ယောက်စလုံး မတိုက်ခိုက်ဘဲ ရှေ့မတိုးနောက်မဆုတ်သာ ရောက်သွားကြသည်။

ထိုအချိန်တွင် ဘိုးဘေးယင်ချင်းနှင့်အဖွဲ့က တောင်တန်းတစ်ခု ရှေ့မှာ ရပ်နေကြသည်။ အားလုံးက မျက်နှာပေါ်တွင် မှုန်ကုပ်နေကြသည်။ လျှို့ဝှက်ဂိုဏ်း၏ ပြောကြားချက်အရ ယန်ယဲ့ဟာ ဂိုဏ်းမှ ထွက်သွားပြီဟူ၍ပင်။

သဘာဝအတိုင်း မည်သူမျှ မယုံကြပေ။

အထဲသို့ ဝင်ရှာချင်သော်လည်း

လျှို့ဝှက်ဂိုဏ်းက ၎င်းတို့၏

တောင်းဆိုမှုကို ငြင်းဆိုခဲ့သည်။

ဤအခိုက်အတန့်တွင် လေထုက

အတော်လေး တင်းမာလာပြန်သည်။

အင်အားသုံး ရှာဖွေပါက

ယင်ကလန်နှင့်မဟာမိတ်အဖွဲ့ဟာ

လှျို့ဝှက်ဂိုဏ်းနှင့် စစ်ပွဲဆင်နွှဲရပါမည်။

လှျို့ဝှက်ဂိုဏ်း၏ အင်အားကို

အတိအကျမသိသော်လည်း

မျိုးနွယ်စုကြီး ၅ ခုပေါင်း

မဟာမိတ်အဖွဲ့က

လုံးဝကြောက်စရာမလိုပေ။

သို့သော်လည်း အလားတူပင်

လျှို့ဝှက်ဂိုဏ်းက သူတို့ကို

မကြောက်ခဲ့ပေ။နောက်ဆုံးတွင် လက်ရှိ

သူတို့ရောက်နေသည့်နေရာက

လျှို့ဝှက်ဂိုဏ်း၏

နယ်မြေပင်မဟုတ်ပါလား။

အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

ဘိုးဘေးယင်ချင်း က

အနက်ရောင်ဝတ်ရုံဝတ်အဘိုးအိုကို

ရုတ်တရက် စိုက်ကြည့်ကာ

"သူထွက်သွားပြီဆိုတော့ ငါတို့မင်းကို

မနှောင့်ယှက်တော့ဘူး။

နှုတ်ဆက်ပါတယ်”

စကားပြောပြီးနောက် ဘိုးဘေးယင်ချင်း

က လူတိုင်းကို အချက်ပြကာ နေရာမှာပင်

ဖျတ်ခနဲပျောက်သွားကြသည်။

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး၏
နံဘေးရှိ အဘိုးကြီးတစ်ယောက်က
လေးနက်စွာပြောလိုက်သည် "ငါ့အထင်
သူတို့ လက်လျှော့မှာ မဟုတ်ဘူး"

အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးက
အချိန်အနည်းငယ်ကြာအောင်
ငြိမ်သက်သွားသည်။ ထို့နောက်
သူ့ဘေးနားတွင်ရပ်နေသော
အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးကို

စိုက်ကြည့်ကာ "ယွန်ချန်း၊ ဒီသစ်သားဓား က ယန်ယွဲ့ပိုင်ဆိုင်တဲ့ ဓားဆိုတာ တကယ်ပဲလား"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က ခေါင်းညိတ်ပြီး “အဲဒါအမှန်ပဲ။ ဓား က သူ့ရဲ့သခင်အဖြစ် အသိအမှတ်မပြုသေးပေမယ့် သူ့အနားက ထွက်သွားဖို့ ဆန္ဒမရှိပါဘူး”

အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးက

ပြောလိုက်သည် "လာ၊

သူ့ကိုသွားတွေ့ကြရအောင်"

စကားပြောပြီးနောက် လူတိုင်း

ပျောက်သွားကြသည်။

လျှို့ဝှက်ဂိုဏ်းအပြင်ဖက်။

လုယွန်ထျန်း က

ရုတ်တရက်ပြောလိုက်သည်

“အစ်ကိုယင်၊ ယန်ယွဲ့မှာ လျို့ဝှက်ဂိုဏ်းရဲ့

ပေါ်တယ်စနစ်ကို ပိုင်ဆိုင်ထားတယ်။

ဒါကြောင့် သူနဲ့ လျို့ဝှက်ဂိုဏ်းကြားမှာ

တစ်ခုခုတော့ ဆက်စပ်မှုရှိမှာ

သေချာတယ်။ ဒါ့ပြင် သူအဲဒီမှာ ရှိနေတာ

သေချာတယ်”

ဘိုးဘေးယင်ချင်း က ခေါင်းညိတ်ပြီး

“ငါသိပါတယ်။ ဒါပေမဲ့ မင်းက

ငါတို့အဖွဲ့နဲ့ လျှို့ဝှက်ဂိုဏ်းကို

တိုက်ခိုက်စေချင်သလား။ ငါတို့က

သူတို့ကို ကြောက်စရာ မလိုပေမဲ့ သူတို့ကို

တိုက်ခိုက်တာ ဘာမှ မရဘူး။ ဒါ့အပြင်

ငါတို့တွေအားလုံးက အနားယူပြီး

အားပြန်ဖြည့်ဖို့လိုတယ်”

လုယွန်ထျန်း က ထပ်မေးလိုက်သည်

"ဒါဆို ယန်ယဲ့က ဘယ်လိုလဲ"

ဘိုးဘေးယင်ချင်း က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီး

“လျှို့ဝှက်ဂိုဏ်းအပြင်ဖက် ရေိယာကို

စောင့်ကြည့်ဖို့ တပ်ဖွဲ့တချို့

စေလွှတ်ထားလိုက်မယ်။ သူအဲဒီမှာ

ထာဝရမနေနိုင်ပါဘူး။ ဒါ့အပြင်

ငါတို့မျိုးနွယ်စုတွေရဲ့

အရင်းအမြစ်တွေအကုန်သုံးပြီးတော့

ယန်လျန်ရှမ်း နဲ့

တခြားယန်ကလန်ရဲ့အဖွဲ့ဝင်တွေကို

လိုက်ရှာကြ"

လုယွန်ထျန်း က မကျေနပ်သေးဟန်ဖြင့်

ထပ်ပြောလိုက်သည် "ငါတို့က

ယန်ယဲ့ကိုညတကယ်ပဲလစ်လျူရှုထားမှာ

လား"

ဘိုးဘေးယင်ချင်း က ခေါင်းခါလိုက်ပြီး

"ယင်ကလန်ရဲ့ ဘိုးဘေးဟောင်း ကို

လှျို့ဝှက်ဂိုဏ်းရဲ့

အထက်အာဏာပိုင်တွေနဲ့

စကားပြောခိုင်းလိုက်မယ်။

လှျို့ဝှက်ဂိုဏ်းက ယန်ယဲ့ကို

ငါတို့လက်ထဲ အပ်နိုင်မလားဆိုတာ

စောင့်ကြည့်ရတာပေါ့။ သူတို့က ငြင်းရင်

ငါတို့မှာ ရွေးစရာလမ်းမရှိတော့ဘူး။

ကောင်းပြီ၊ ဆုံးဖြတ်ပြီးပြီ"

စကားပြောပြီးသည်နှင့်

ဘိုးဘေးယင်ချင်း၏ မျက်နှာက

ချက်ချင်းပင်

အိုမင်းရင့်ရော်လာသလိုထင်ရလေသည်။

ထို့အပြင် အခြားသောဘိုးဘေးများ

လည်း အလားတူပင်။ မျက်နှာထက်

ဆိုးရွားသောအမှုအရာများ

ရှိနေကြသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ ကို

သိပ်ပြီးဂရုစိုက်စရာတော့မလိုပေ။

သို့သော်လည်း ယန်ယဲ့သာ

အင်အားအပြည့်ကြီးထွားလာသည်နှင့်

ယင်ကလန်အပါအဝင် မျိုးနွယ်စုကြီး ၄

ခုလုံး တားဆီးဖို့မဖြစ်နိုင်တော့ပေ။

တစ်နည်းအားဖြင့် ယန်ယဲ

အသက်ရှင်လျက်လွတ်မြောက်သွားခဲ့လျှ

င် မျိုးနွယ်စုကြီး ၅ ခုအတွက်

အိပ်မက်ဆိုးတစ်ခုဖြစ်လာပေမည်။

...

လျှို့ဝှက်ဂိုဏ်း ။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ သည်
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်
ထိပ်တိုက်တွေ့နေဆဲပါ။ သို့သော်လည်း
တိုက်ခိုက်ခြင်းမရှိပေ။

ထိုအတောအတွင်း
အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးနှင့်
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက
ယန်ယွဲ့ နှင့် မလှမ်းမကမ်းမှ ပေါ်လာသည်
။

ယန်ယဲ့က

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကို

ကြည့်လိုက်ပြီးနောက်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

လှည့်ကြည့်လိုက်သည်။

ပြောစရာမလိုအောင် သေချာပေါက်

အမြွှာညီအစ်မများပင်။

အကြောင်းကတော့

တစ်ယောက်နှင့်တစ်ယောက်

ရုပ်ချင်းခွဲမရအောင်တူနေလို့ပါ။

အဝတ်အစားကြောင့်သာမဟုတ်လျှင်

နှစ်ယောက်စလုံးကို ခွဲခြားလို့မရနိုင်ပေ။

ယွန်ချန်းက အနက်ရောင်ဝတ်စုံဝတ်

အမျိုးသမီးကို ငုံ့ကြည့်ကာ "ဒါက

နင်ပဲဖြစ်နေတာကိုး"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယွန်ချန်း ကို အေးစက်စွာ

ကြည့်လိုက်ပြီးနောက် နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင်
အနက်ရောင်ဝတ်ရုံအဘိုးကြီးက
ယန်ယဲ့ကို စိုက်ကြည့်နေသည်။ သို့မဟုတ်
ယန်ယဲ့၏လက်ထဲမှ သစ်သားဓား ကို
ကြည့်နေသည်။

အဘိုးကြီးက သစ်သားဓားကို

အကြာကြီး စိုက်ကြည့်နေသည်။

အဆုံးတွင် သူက ယန်ယဲ့ ကို

စိုက်ကြည့်ကာ "ယင်ကလန် နဲ့

တခြားမျိုးနွယ်စုတွေက

မင်းကိုဘယ်လိုကြောင့်

လိုက်ဖမ်းနေသလဲ ငါဂရုမစိုက်ဘူး။

ငါ့လျှို့ဝှက်ဂိုဏ်းက မင်းကို

အကာအကွယ်ပေးနိုင်ပေမယ့် မင်းဟာ

ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းနဲ့ အလုပ်လုပ်ပြီး နာခံရမယ်။ ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ အမိန့်တွေပေါ့”

ထိုစကားကြားသောအခါ ယန်ယဲ့က ခဏမျှ အံ့အားသင့်သွားသည်။ ထို့နောက် ခေါင်းခါလိုက်ပြီး “အဘိုးကြီး၊ မင်း အထင်မှားနေတာလား။ ငါယန်ယဲ့က လျှို့ဝှက်ဂိုဏ်းရဲ့ အကာအကွယ်ကို မလိုအပ်ဘူး။ တခြားသူတွေဆီက

စေတနာထားစရာ မလိုဘူး။

မင်းတို့လျှို့ဝှက်ဂိုဏ်းရဲ့

အကာအကွယ်ကို

ရှာဖို့လာတာမဟုတ်ဘူး၊ ငါ့ကတိကို

ဖြည့်ဆည်းဖို့ ဒီကိုလာခဲ့တာ"

အဘိုးကြီးက ယန်ယဲ့ ကိုကြည့်ကာ

အေးစက်စက်ပြောလိုက် "မင်းက

အရမ်းခေါင်းမာတယ်။ ဒါဆိုရင်

ထွက်သွားနိုင်ပြီ။ ဟုတ်တယ်၊ ယင်ကလန်

နဲ့ တခြားမျိုးနွယ်စုတွေက အပြင်မှာ

ရှိနေတုန်းပဲ" သူ့အမြင်အရတော့

ယန်ယွဲ့သာ ထွက်သွားဝံ့မည်မဟုတ်ပေ။

သို့သော် ယန်ယွဲ့ သည်

ဘာမှထူးခြားဟန်မပြဘဲ

ချက်ချင်းလှည့်ထွက်သွားသည်။

အချိန်အနည်းငယ်ကြာပြီးနောက် ယန်ယဲ

သည် လျှို့ဝှက်ဂိုဏ်း၏

ထွက်ပေါက်ဆီသို့ ရောက်လာခဲ့သည်။

သို့သော် သူထွက်သွားခါနီးတွင်

အနက်ရောင်ဝတ်ရုံအဘိုးကြီး နှင့်

အဖြူရောင်

ဝတ်စုံအဖြူဝတ်ထားအမျိုးသမီးက

သူ့ရှေ့တွင် ပေါ်လာသည်။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက ယန်ယဲ့

ကိုကြည့်ကာ "မင်းက

ဒေါသအရမ်းကြီးတယ်။ ဒါပေမဲ့

ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းက မင်းဆန္ဒအတိုင်း

လာလည်လို့ရတဲ့နေရာလို့ မင်းထင်လား"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး “အဘိုးကြီး၊

ဒါက မင်းရဲ့ လျှို့ဝှက်ဂိုဏ်းက ငါ့ကို

မလာလာအောင်လုပ်ထားတယ်ဆိုတာ

မင်းသဘောပေါက်ရမယ်။

ငါ့ဆန္ဒအတိုင်းဆိုရင် ဒီကိုမလာဘူး။
ထွက်သွားတော့မယ်၊ ငါ့ကို
ထွက်သွားခိုင်းတာ
မင်းပဲမဟုတ်ဘူးလား”

သူက ခဏရပ်ပြီး “တကယ်တော့
အဲဒါတွေအားလုံးကို ပြောဖို့က
အဓိပ္ပါယ်မရှိပါဘူး။ဘာလို့လဲဆိုတော့
မင်းက ငါနဲ့ပြဿနာရှာနေတာ
အသိသာကြီးလေ။ ဒီလိုဆိုတော့

ပွင့်ပွင့်လင်းလင်းပြောခွင့်ပြုပါ။

ယင်ကလန် နဲ့ တခြားမျိုးနွယ်စုတွေက

ငါ့ကိုလိုက်ရှာဖို့

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

အယောက် ၄၀ စေလွှတ်ထားတယ်။

မင်းရဲ့လျှို့ဝှက်ဂိုဏ်းက

ဘယ်လောက်ပြင်ဆင်ထားလဲ

ငါသိချင်တယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့က

အဘိုးအိုကို

တည့်တည့်စိုက်ကြည့်လိုက်သည်။

သူ့အကြည့်က ငြိမ်သက်နေသော်လည်း

ရန်လိုမှုအပြည့်ပါ။

အဘိုးအိုက ယန်ယဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်ပြီး "မင်း

အရမ်းယုံကြည်မှုရှိနေသလား"

ယန်ယဲ့က နောက်ပြန်လှည့်ကာ
အဘိုးကြီးဆီသို့ လျှောက်လာပြီး
ထပ်ပြောလိုက်၏ “ငါ့ကို
ရိုးရိုးသားသားပြောခွင့်ပြုပါ။ အဘိုးကြီး၊
မင်းလိုလူ ဒါဇင်လောက်ကို
ငါတိုက်ခိုက်နိုင်တယ်"

ထိုစကားကြားသောအခါ
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး၏
မျက်ခွံများ လှုပ်ယမ်းသွားသည်။ သူ...

အဘိုးအိုက ရယ်မောပြီး “ဘာလို့ မစမ်းတာလဲ”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး သူ့ဓားကို ဆတ်ခနဲခုတ်ချလိုက်သည်။

ဘမ်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

အနက်ရောင် ဝတ်စုံဝတ်အဘိုးအိုက ၁

ကီလိုမီတာ အကွာသို့

လွင့်ထွက်သွားခဲ့သည်။ သို့သော်လည်း

မတ်တပ်ပြန်ရပ်လိုက်သည်နှင့် ယန်ယဲ့က

သူ့နောက်ကနေ ပေါ်လာခဲ့သည်။

အုန်း....

နောက်ထပ် ပေါက်ကွဲသံ ထွက်ပေါ်လာပြီး အဘိုးကြီးက ၁ ကီလိုမီတာ အကွာသို့ ထပ်မံ လွင့်ထွက်သွားသည်။

ထိုအတိုင်းပင်။ အချိန် ၁၀ မိနစ်ပင်မရှိသေး အဘိုးကြီးက အကြိမ်ကြိမ်လွင့်ထွက်နေခဲ့သည်။ တစ်ချက်ပင် ပြန်ပြီးမတိုက်ခိုက်နိုင်ကေ။

ထိုမြင်ကွင်းကြောင့်
အဖြူရောင်ဝတ်စုံငတ က
အံ့အားသင့်သွားသည်။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက
မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူ
ဖြစ်နေလို့ပါ။

သို့သော်လည်း ယန်ယွဲ့အား တစ်ချက်ပင်
ပြန်မတိုက်ခိုက်နိုင်ခဲ့ပေ။

ဒါ ယန်ယဲ့ရဲ့ ခွန်အားပဲလား။ သူက အရမ်းကြောက်စရာကောင်းနေပြီလား။

ယန်ယဲ့၏ လက်ရှိခွန်အားက မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူကို မယှဉ်နိုင်သော်လည်း မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူများကိုတော့ အသာလေးတိုက်ခိုက်နိုင်၏။

နောက် ၁၅ မိနစ်ခန့်အကြာ ။

ယန်ယဲ့ သည်

အနက်ရောင်ဝတ်ရုံအဘိုးကြီးကို

ရိုက်ထုတ်လိုက်ပြီးနောက် ရပ်သွားသည်။

သူက အဘိုးအိုကို

တစ်ချက်ကြည့်လိုက်ပြီး “အဘိုးကြီး၊

အဲဒါကို မြင်လား။ ငါ အခုထိ

လက်တစ်ဖက်ပဲ သုံးနေတာ။

လက်တစ်ဖက်ပဲ”

စကားပြောနေရင်း သူ့ဘယ်ဖက်လက်ကို

ရည်ရွယ်ချက်ရှိရှိ ငွေ့ယမ်းလိုက်သည် ။

May Be:

၂၁၂၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၅ - ထူးဆန်းသော ခေါင်း

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး၏

မျက်နှာက

အတော်လေးကိုကြည့်ရဆိုးနေသည်။

သူသည် ယန်ယဲ့၏ခွန်အားကို

မမျှော်လင့်ထားသဖြင့် အတော်ကို

ထိတ်လန့်သွားမိသည် ။

ဤအခိုက်အတန့်တွင် ယင်ကာလန်

နှင့်မဟာမိတ်အဖွဲ့က ယန်ယဲ့အား
မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ
အယောက် ၄၀ ဖြင့်
လိုက်ဖမ်းနေရသည်ကို
နားလည်လိုက်သည်။

သူ့ရှေ့မှ လူငယ်က
သာမာန်မူလနတ်ဘုရားအဆင့်ကျင့်ကြံ
သူမဟုတ်ပေ။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

အဘိုးကြီးက ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"ငါ မင်းကို လျှော့တွက်ခဲ့တာ"

ယန်ယဲ့ က ရယ်မောလိုက်ပြီး

"အဆင်ပြေပါတယ်။ ငါ စိတ်မဆိုးပါဘူး။

အဘိုးကြီး၊ မင်းရဲ့လျို့ဝှက်ဂိုဏ်းနဲ့

ရန်သူဖြစ်ဖို့ ငါဘယ်တုန်းကမှ

မရည်ရွယ်ခဲ့ဘူး။

ငါ့ကိုဒီမှာမကြိုဆိုဘူးဆိုတော့

ဆက်နေရလောက်အောင်
အရှက်မရှိတဲ့သူမဟုတ်ဘူး။ ငါ
အခုထွက်သွားမယ်"

စကားပြောပြီးနောက်
ချက်ချင်းလှည့်ထွက်လာသည်။

ထိုအချိန်တွင်
အနက်ရောင်ဝတ်ရုံအဘိုးကြီး က
ကမန်းကတန်းပြောခဲ့သည် "ညီငယ်၊

ငါပြောတာက မင်းကို

စိတ်အနှောင့်အယှက်ဖြစ်သွားရင်

တောင်းပန်ပါတယ်။ မင်းစိတ်ထဲ

မထည့်ဖို့ ငါမျှော်လင့်တယ်။ မှန်ပါတယ်၊

ငါ့လျှို့ဝှက်ဂိုဏ်းက မင်းကို

လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်"

ယန်ယဲ့က ရပ်တန့်ပြီး အဘိုးကြီးကို

လှည့်ကြည့်လိုက်သည်။ သူက ပြုံးပြီး

"အကြီးအကဲ၊ ဘာပြောလိုက်တာလဲ။

ငါယန်ယဲ့က

စိတ်သဘောထားသေးသိမ်တဲ့လူနဲ့

တူနေလား။ မဟုတ်ဘူး၊

ငါ့ကိုသိတဲ့သူတိုင်းက ငါက

အရမ်းကြီးမြတ်တယ်ဆိုတာ

သိကြတယ်”

အဘိုးကြီး ဟာ ပါးစပ်ထောင့်များ

အနည်းငယ် လှုပ်ယမ်းသွားသည်။

"အရမ်းကြီးမြတ်တာလား။
ငါတကယ်သတိမထားမိဘူး"

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
ထပ်ပြောလိုက်သည် "တကယ်တော့
ငါထွက်သွားတော့မှာပါ။ ဒါပေမဲ့
လျို့ဝှက်ဂိုဏ်းက ကြိုဆိုနေတော့
အခုထွက်သွားရင် လျို့ဝှက်ဂိုဏ်းကို
မလေးမစားလုပ်သလိုပဲလေ။ ဒါဆို ငါ
ထွက်သွားလို့မရဘူး။ ငါနေရမယ်"

အနက်ရောင်ဝတ်ရုံအဘိုးကြီး နှင့်
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က
ယန်ယဲ့အား
ဝိုင်းပြီးရိုက်နှက်ချင်နေကြသည်။

ထို့နောက်တွင် ယန်ယဲ့ သည်
သူတို့နောက်ကနေ လိုက်ပါသွားသည်။

အချိန်တော်တော်ကြာပြီးနောက် သုံး ယောက်သား အစောပိုင်းက တောင်ထိပ်ပေါ်သို့ ရောက်လာခဲ့သည်။

အဘိုးကြီးက ရုတ်တရက် ပြောလိုက်သည် “တကယ်တော့ ဒါကို လျှို့ဝှက်ဂိုဏ်းလို့ သတ်မှတ်လို့ မရပါဘူး”

ယန်ယဲ့ က "ဒါက အပြင်စည်းလား"

အဘိုးအိုက ခေါင်းညိတ်ပြီး "လာ၊ ဟိုမှာ သွားရအောင်"

စကားပြောပြီးသည်နှင့်
ကောင်းကင်ထက်သို့ ပျံတက်သွားပြီး
တောင်ထိပ်သို့ ရောက်သွားလေသည်။
ယန်ယွဲ့ နှင့်
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး

ကလည်း နောက်ကနေ

အမြန်လိုက်လာကြသည်။

အချိန်သိပ်မကြာလိုက်ပါ၊

သုံးယောက်စလုံး တောင်ထိပ်ပေါ်

ရောက်လာကြသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

အတော်လေး အံ့အားသင့်သွားသည်။

တောင်ထိပ်ပေါ်တွင် ခမ်းနားထည်ဝါသော

နန်းတော်များ ရှိနေလို့ပါ။ အရေအတွက်

နည်းသော်လည်း

နန်းတော်တစ်ခုချင်းစီက

ကြီးမားလှသည်။

ယန်ယဲ့က အဘိုးကြီးကို စိုက်ကြည့်ရင်း

“ဒါက လျှို့ဝှက်ဂိုဏ်းရဲ့

အပြင်စည်းလား”

အဘိုးအိုက ခေါင်းညိတ်ပြပြီး "ဒီနေရာက အပြင်စည်းခြံဝန်းရဲ့ တပည့်တွေ နေထိုင်တယ်။ လာ၊ ငါ မင်းကို ဂိုဏ်းချုပ်ဆီ ခေါ်သွားပေးမယ်"

စကားပြောပြီးသည်နှင့် အဝေးဆီသို့ ပျောက်ကွယ်သွားသည် ။

ယန်ယွဲ့ နှင့်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး

ကလည်း နောက်ကနေ

အမြန်လိုက်သွားကြသည်။

သိပ်မကြာလိုက်ပေ၊ အဘိုးကြီးက

သူတို့နှစ်ယောက်ကို

ချောက်နက်ကြီးတစ်ခုထဲသို့

ဦးဆောင်ခေါ်လာခဲ့သည်။

ချောက်ကြီးက သိပ်တော့မကြီးမားပေ။

ပတ်ပတ်လည်၌ တောင်အများအပြားဖြင့်

ဝန်းရံထားသည်။ ချောက်နက်ကြီး၏
အလယ်ဗဟိုတွင်
နန်းတော်ကြီးတစ်ခုရှိနေလေသည်။
သိပ်မကြီးသော်လည်း ရှေးကျသည်ဟု
ခံစားရလေသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ သည်
နန်းတော် အတွင်းပိုင်းမှ
အစွမ်းထက်အော်ရာ အများအပြားကို
ခံစားမိလိုက်သည်။

လျှို့ဝှက်ဂိုဏ်းက သာမန်မဟုတ်ဘူး။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

အနည်းငယ်သတိအပြည့်ဖြစ်လာသည်။

အချိန်သိပ်မကြာလိုက်ပါ။ သူတို့သုံး

ယောက်က နန်းတော်ထဲကို

ဝင်လာကြသည်။ သို့သော်လည်း အထဲ၌
ဘယ်သူမှမရှိပေ။

အဘိုးကြီးက ရုတ်တရက် ပြောခဲ့သည်
“ခဏစောင့်။ ဂိုဏ်းသခင် ဒီကို မကြာခင်
ရောက်လာလိမ့်မယ်”

ယန်ယွဲ့ က ခေါင်းညိတ်ပြပြီး
ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။
ခန်းမက သိပ်မကျယ်သော်လည်း

ခန်းမ၏ပတ်ပတ်လည်ကို
ထူးဆန်းသောသင်္ကေတများစွာဖုံးအုပ်
ထားလေသည်။

ဝင်္ကပါအစီအရင်တွေလား။

ခန်းမထဲ၌
အစွမ်းထက်အစီအရင်တစ်ခုရှိနေ၏။

ထိုအချိန်တွင် ခန်းမထဲ၌
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရုတ်တရက်ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားကို
မြင်သောအခါ ယန်ယွဲ့၏ အမူအရာက
ချက်ချင်း လေးနက်လာသည်။ ၎င်းက
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ
ဖြစ်နေလို့ပါ။

ထို့အပြင် သက်လတ်ပိုင်းအမျိုးသား၏

အော်ရာက ဦးရီးတော်ယန်ချန်း ထက်ပင်

ပို၍အားကောင်းခဲ့သည်။

ဒါက လျှို့ဝှက်ဂိုဏ်းရဲ့

ဂိုဏ်းသခင်စုမူလား။

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ စုမူက

ခေါင်းညိတ်ပြပြီး “မဆိုးပါဘူး”

မဆိုးပါဘူး လား။

အနက်ရောင်ဝတ်ရုံအဘိုးကြီး၏

အမူအရာက အနည်းငယ်

ပြောင်းလဲသွားသည်။ ထိုစကားက

လုံးဝကိုမြင့်မားသောအကဲဖြတ်မှုပါ။

အတိတ်တွင်

လျှို့ဝှက်ဂိုဏ်း၏ဂိုဏ်းသခင် သည်

အလယ်စကြာဝဠာ၏
ထိပ်ဆုံးရောက်ပါရမီရှင်တစ်ဦး
ဖြစ်ခဲ့သည်။ ထို့အပြက် အတော်လေး
ဇီဇာကြောင်သူပါ။ လျှို့ဝှက်ဂိုဏ်းထဲမှ
ဂိုဏ်းသခင်စုမူ၏
အကဲဖြတ်ချက်ထက်နိမ့်ကျခဲ့သည်။

သို့သော်လည်း သူသည် ယန်ယဲ့အား
မဆိုးလှကြောင်း ချီးကျူးခဲ့သည်။

ဤအချိန်တွင် စုမူ က

သူ့ညာဖက်လက်ကို ရုတ်တရက်

ဝှေ့ယမ်းလိုက်သည်။ ယန်ယဲ့၏

လက်ထံမှ သစ်သားဓားရ သူ့ဆီသို့

ပျံသွားသည်။ သစ်သားဓားကို

စိုက်ကြည့်ရင်း သူ့မျက်လုံးထဲကနေ

ရှုပ်ထွေးသောခံစားချက်များပေါ်လာ၏။

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ရင်း

"သူ့ရဲ့ဇစ်မြစ်ကို သိလား"

ယန်ယဲ့ က ခေါင်းခါပြသည်။

စုမူ က ခေါင်းညိတ်ကာ ဆက်ပြောသည်

“တကယ်တော့ အဖြေကို ငါတောင် မသိပါဘူး။ ငါသိတာတစ်ခုက ကောင်းကင်ကနေ ပြုတ်ကျလာတာပဲ”

ယန်ယဲ့က အံ့သြသွားပြီး "ကောင်းကင်က ပြုတ်ကျတာလား"

စုမူ က အနည်းငယ်ခေါင်းညိတ်လိုက်ပြီး "တခြားအရာတစ်ခုခုနဲ့ ပြုတ်ကျလာတာပါ"

"တခြားတစ်ခုခုလား" ယန်ယဲ့ က "ဘာရှိသေးလဲ"

စုမူ က ခဏမျှ တိတ်ဆိတ်သွားပြီး "ခေါင်းတစ်လုံး"

"ခေါင်းတစ်လုံးလား" ယန်ယဲ့က
မျက်မှောင်ကြုတ်ကာ "အသေးစိတ်
နည်းနည်းလောက် ပြောပြပေးနိုင်မလား"

စုမူ က ခေါင်းညိတ်ပြီး "လွန်ခဲ့တဲ့
နှစ်ပေါင်းများစွာတုန်းက
ကောင်းကင်ကနေ တစ်ခုခု
ပြုတ်ကျလာခဲ့တယ်။ ဒါက ခေါင်းနဲ့
ဒီဓားပဲ။ ဒီဓားက ခေါင်းထဲကို
ထိုးစိုက်ထားတယ်။ အစတုန်းကတော့

ငါ့လျှို့ဝှက်ကိုဏ်းရဲ့ အာဏာပိုင်တွေက ခေါင်းသေသွားပြီလို့ ထင်ခဲ့ကြတာပဲ။ ဒါပေမဲ့ အဲဒီထူးဆန်းတဲ့ခေါင်းက တကယ်ပဲ အသက်ရှင်နေသေးတယ်"

အသက်ရှင်နေသေးတာလား။

ယန်ယွဲ့က "မင်းဘာကိုဆိုလိုတာလဲ"

စုမူက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “ဒီဓားက

ခေါင်းကို

ဖိနှိပ်ထားတာပါ။အစပိုင်းမှာတော့

အဲဒါကို ထိန်းထားနိုင်တုန်းပဲ။ ဒါပေမဲ့

အချိန်ကြာလာတာနဲ့အမျှ ခေါင်းက

ပိုသန်မာလာတော့

ဆက်ပြီးမထိန်းနိုင်တော့ဘူး။

တကယ်တော့ သစ်သားဓား ကို

ချိတ်ပိတ်ထားလို့ပါ...”

"ချိတ်ပိတ်ထားတာလား" ယန်ယဲ့က

အံ့အားသင့်သွားပြီး "ဒါဆို သူ့ရဲ့ မူပိုင်စံက

အဲဒီခေါင်းကို အနိုင်ယူနိုင်မှာလား"

စုမူ က "ဒါဟာ ဓားတစ်လက်ပဲဆိုတာ

မင်းသဘောပေါက်ရမယ်။

ဘယ်လောက်ပဲ အဆင့်မြင့်နေပါစေ

တစ်စုံတစ်ယောက်က မသုံးဘဲထားရင်

ဓားဆိုတာဓားပါပဲ။ ဒါပေမဲ့

ဒီခေါင်းပြတ်က သာမန်လူတစ်ယောက်နဲ့

မသက်ဆိုင်ပါဘူး။ ဘာလို့လဲဆိုတော့

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူတွေတောင်

မတိုက်ခိုက်နိုင်ကြဘူး။သူတို့အကုန်လုံး

ခေါင်းပြတ်က ဖိနှိပ်လိုက်ပစ်တာပဲ”

သူက စကားခဏလောက်ရပ်ပြီး

ဆက်ပြောလိုက်သည်

“ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းက ဓားနဲ့

ခေါင်းပြတ်ကို

လစ်လျူရှုထားဖို့လုပ်ခဲ့တာပါ။ ဒါပေမဲ့

နောက်ဆုံးကျ

ဒါကိုဖြေရှင်းဖို့ပဲတတ်နိုင်တော့တယ်။

ဘာလို့လဲဆိုတော့ အထက်စကြဝဠာရဲ့

တစ်စုံတစ်ယောက်က

အကြောင်းကြားလာလို့။ သူက ငါ့လျှို့ဝှက်ဂိုဏ်းက ခေါင်းကို ချိတ်ပိတ်ထားဖို့ သစ်သားဓားကို ကူညီရမယ်ဆိုတဲ့ စကားပဲ"

ယန်ယဲ့ က မေးလိုက်သည် "သူတို့ ဘာလို့ ဒီကို ဆင်းမလာတာလဲ"

"သူတို့ မလုပ်နိုင်ဘူး" စုမူ က ဆက်ပြောသည်

"ရှေးဟောင်းကျင့်ကြံသူတွေ
ကြားမှာတောင်
ခွန်အားကွာဟတာမျိုးရှိတယ်။ ဒါ့အပြင်
သူတို့ထွက်မသွားခင်မှာ
မသိတဲ့အကြောင်းတစ်ခုခုနဲ့
နဂါးငွေတန်းကြယ်စင်စုရဲ့ စကြာဝဠာ ၃
ခုကြားကို
စည်းတံဆိပ်တွေကပ်ထားခဲ့တယ်။
ငါတို့က အဆင့်နိမ့်စကြာဝဠာကို

မဆင်းနိုင်သလို သူတို့က
အလယ်စကြာဝဠာကို တက်မလာနိုင်ဘူး။
ဟုတ်တယ်၊ လူတိုင်းတော့ ဒီကို
မဆင်းနိုင်တာမဟုတ်ဘူး။
ဥပမာပြောရရင် စကြာဝဠာ ၃ ခုကြားက
ချိတ်ပိတ်စည်းကိုဖန်တီးခဲ့တဲ့သူတွေတော့
ဒီကိုဆင်းလာလို့ရတယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
တာအိုဝတ်ရုံအဘိုးအိုက

အလယ်စကြာဝဠာကို

ဆင်းလာနိုင်သောကြောင့်

အစွမ်းထက်ဆုံးကျင့်ကြံသူ

ဖြစ်ရပေမည်။ အကြောင်းမှာ

ဆင်းလာသူကလည်း

တာအိုဝတ်ရုံအဘိုးအို၏

ကိုယ်ပွားတစ်ခုသာ ဖြစ်နေလို့ပါ။

ရှောင်ချီ နှင့် အခြားသူများအတွက်တော့

မူလစေတီကြောင့်သာ ဖြစ်နိုင်၏။

ထိုအချိန်တွင် စုမူက

ရုတ်တရက်ပြောလိုက်သည် “ဒီဓားက

ခေါင်းပြတ်ကို ဖိနှိပ်တဲ့နေရာမှာ သူတို့က

ကူညီခိုင်းတာဆိုပေမယ့် သဘာဝအတိုင်း

အကျိုးကျေးဇူးတွေပါပေးထားတယ်။

အဲဒါတွေက ငါးနှစ်ပြည့်တိုင်းတစ်ကြိမ်

အထူးနည်းလမ်းသုံးပြီးတော့

အစွမ်းထက်ကျင့်ကြံရေးနည်းစနစ်တွေ၊

တိုက်ခိုက်ရေးနည်းစနစ်တွေ ပို့ပေးတာပဲ"

သူက ယန်ယဲ့ ကို စိုက်ကြည့်ပြီး ဆက်ပြောတယ် "ဒါဟာ ငါ့ရဲ့ လျှို့ဝှက်ဂိုဏ်းက အရမ်းသန်မာလာရတဲ့ အဓိက အကြောင်းရင်းလို့ ယူဆနိုင်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ခေါင်းပြတ်ရဲ့ စွမ်းအားက ငါတို့ထင်ထားတာထက်ကို ပိုပြီးကြောက်စရာကောင်းနေတာ သိလိုက်ရတယ်။

ဓားကိုချိတ်ပိတ်ထားတော့

ဘာမှမလုပ်နိုင်ခဲ့ဘူး။ ငါတို့ရဲ့

အရင်မျိုးဆက်ဂိုဏ်းသခင်က

သိုင်းပညာဘိုးဘေးဝူမု

နဲ့ရင်းနှီးနေလို့ကံကောင်းသွားတယ်။

မဟုတ်ရင် ငါ့လျို့ဝှက်ဂိုဏ်းက

အပြီးတိုင်ပျောက်ကွယ်သွားလိမ့်မယ်”

သိုင်းပညာဘိုးဘေးဝူမု ။

ဝူကလန်၏ တည်ထောင်သူဘိုးဘေး က

လျှို့ဝှက်ဂိုဏ်း သို့ ရောက်လာပြီး

ကူညီခဲ့သည်ဟု သူ မထင်ထားခဲ့ပေ။

သို့သော် သစ်သားဓားက

ဝူကလန်မှာရှိနေသဖြင့်

လျှို့ဝှက်ဂိုဏ်းဟာ ဝူကလန် နှင့်

သေချာပေါက် ချိတ်ဆက်ထားသည်။

တစ်ချိန်တည်းမှာပင် စုမူ က

ဆက်ပြောခဲ့သည် “ဒါပေမဲ့ ဝူမုလို

ဒဏ္ဍာရီလာပါရမီရှင်တစ်ယောက်ကတော
င် အဲဒီခေါင်းကို မဖျက်ဆီးနိုင်ခဲ့ဘူး။
နောက်ဆုံးမှာ ဝူမု က ငါတို့ဂိုဏ်းရဲ့
အဆင့်မြင့်ကျင့်ကြံသူတွေနဲ့ပေါင်းပြီး
ခေါင်းကို ချိတ်ပိတ်ရုံပဲတတ်နိုင်တယ်။
ပြီးတော့ သူက သစ်သားဓားရဲ့
ချိတ်ပိတ်စည်းကို ဖယ်ရှားဖို့
အစွမ်းထက်ဓားကျင့်ကြံသူ တစ်ယောက်

ရှာတွေ့လိုတွေ့ပြား မျှော်လင့်ချက်နဲ့

သူနဲ့အတူ ယူသွားလိုက်တယ်”

ယန်ယဲ့ က "ငါ့ရဲ့ လက်ရှိ ခွန်အားက

သစ်သားဓားကို ချိတ်ပိတ်ထားတာ

ဖျက်ပေးဖို့ မလုံလောက်ဘူး"

သစ်သားဓားက စည်းတံဆိပ်ကို

ဖယ်ရှားရန်အတွက်

အစွမ်းထက်ဓားစိတ်ဆန္ဒကို

စုပ်ယူရပါမည်။ သို့သော်လည်း သူ၏ လက်ရှိ ဓားစိတ်ဆန္ဒ က မလုံလောက်ပါ။

စုမူ က ခေါင်းညိတ်ပြီး

"ငါသတိထားမိတယ်"

ယန်ယဲ့၏ မျက်နှာက

မည်းမှောင်သွားသည်။

"ဒီကောင်က စကားလုံးတွေနဲ့

လှည့်ပတ်မပြောတတ်ဘူးလား"

တစ်ချိန်တည်းမှာပဲ စုမူ က

ထပ်ပြောလိုက်သည် "ဒါပေမဲ့

မင်းနောက်ကို လိုက်ဖို့

ရွေးချယ်ခဲ့တာဆိုတော့

မင်းနဲ့ပတ်သက်တဲ့ ထူးထူးခြားခြား

တစ်ခုခုတော့ရှိမှာ သေချာတယ်"

ထူးထူးခြားခြား တစ်ခုခုလား ။

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။
မူလစေတီ နှင့် နှင်းပွင့်လေးရှိနေလို့သာ။
မဟုတ်လျှင် သစ်သားဓားက
သူ့နောက်ကိုလိုက်မည်မဟုတ်ပါ။

“မှန်တယ်” ယန်ယဲ့က ရုတ်တရက်
မေးလိုက်သည် "ဂိုဏ်းသခင်စု၊ မင်းက
ဘာလို့များ ခေါင်းကို တခြား

နေရာမရွေ့တာလဲ။ အဲဒါကို ဘာအတွက်နဲ့ လျှို့ဝှက်ဂိုဏ်းမှာ ထားတာလဲ”

စုမူ က အကူအညီမဲ့သောလေသံဖြင့် ရယ်မောရင်း “အဲဒါက အဓိပ္ပါယ်မဲ့တယ်။ ငါ့လျှို့ဝှက်ဂိုဏ်းက ဓားနဲ့အတူအားဖြည့်ပြီး ခေါင်းကိုချိတ်ပိတ်ခဲ့တယ်။ ဒါကြောင့် ငါ့လျှို့ဝှက်ဂိုဏ်းအပေါ် သူ့ရဲ့မုန်းတီးမှုက မင်းစိတ်ကူးဖက်ကို ကျော်သွားပြီ။ သူ

လွတ်မြောက်ပြီးတာနဲ့ ပထမဆုံး
ဖျက်ဆီးမှာက ငါ့ရဲ့ လျှို့ဝှက်ဂိုဏ်းပဲ”

“ဖြစ်သင့်ပါတယ်” ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။ အမှန်တော့
၎င်းသည် လျှို့ဝှက်ဂိုဏ်း၏
အရေးကိစ္စမဟုတ်ခဲ့ပေ။ သို့သော်လည်း
လျှို့ဝှက်ဂိုဏ်းက
အကျိုးအမြတ်အတွက်နှင့်
ခေါင်းကိုချိတ်ပိတ်ထားလိုက်သည်။

ဤအခြေအနေက မည်သူမဆို

နာကြည်းမုန်းတီးနေပေမည်။

ဤအတောအတွင်း စုမူ က

ထပ်ပြောလိုက်ပြန်သည်

"နှစ်တွေနည်းနည်းကြာသွားတော့ ဝူမု

ချန်ထားခဲ့တဲ့ စည်းတံဆိပ်က

အားပျော့လာတယ်။ မကြာသေးခင်ကပဲ

စည်းတံဆိပ်က

လုံးလုံးပျောက်ကွယ်သွားပြီ။

ဒါနဲ့ သစ်သားဓားကို ရှာပြီး ပြန်ယူလာဖို့ ယွန်ချန်းကို စေလွှတ်လိုက်တယ်။ ဒီတစ်ခါ ငါတို့မှာ ရွေးချယ်စရာမရှိသလို သစ်သားဓားမှာလည်း ရွေးစရာမရှိတော့ဘူး။ ငါတို့က သေတဲ့အထိ တိုက်ခိုက်ဖို့ အသင့်ပြင်ထားရတော့မယ်"

ယန်ယဲ့က စုမူ ကို မသိမသာ စိုက်ကြည့်လိုက်သည်။ အမှန်တော့

ဤအခိုက်အတန့်တွင် သူသည် ချက်ချင်း ထွက်ပြေးချင်နေပါပြီ။ သူသည် လျှို့ဝှက်ဂိုဏ်းနှင့် ထိုခေါင်းပြတ်ကြားက ရန်ငြိုးဖွဲ့တိုက်ပွဲကို ဝင်ပြီးမစွက်ဖက်လိုပေ။ ကောင်းကင်ပေါ်ကနေ ပြုတ်ကျလာသဖြင့် ခေါင်းပြတ်ကာ သာမန်အရာမဟုတ်မှန်း သိသာပါသည်။

"တကယ်တော့ ခေါင်းကို

သတ်နိုင်တဲ့လူရှိသေးတယ်" စုမူ က

တိုးတိုးလေးပြောလိုက်သည်

"ကံမကောင်းစွာပဲ၊ အဲဒီလူက

ဒီလိုမလုပ်ဘူး"

ယန်ယွဲ့က မေးလိုက်သည် "ဘယ်သူလဲ"

စုမူက "ဓားသမား၊
အရမ်းသန်မာတဲ့ဓားသမားတစ်ယောက်"
ဟုပြန်ဖြေပါသည်။

ဓားကျင့်ကြံသူတစ်ယောက်လား ။

ယန်ယွဲ့ သည်
ခဏာမျှအံ့အားသင့်သွားသည်။ ထို့နောက်
သိပ်မကြာလိုက်ဘဲ

လူတစ်ယောက်အကြောင်းကို

စဉ်းစားမိလိုက်သည်။

May Be:

၂၁၂၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၆ - မူလအထက်ဆင့်

သူတွေးမိလိုက်သူက အခြားမဟုတ်ပေ။

အနှောင်အဖွဲ့ကင်းမဲ့သူ ပင် ။

အစွမ်းထက်ဓားကျင့်ကြံသူ ဆိုလျှင်တော့ သဘာဝအတိုင်း အနှောင်အဖွဲ့ကင်းမဲ့သူ သာဖြစ်ရပေမည်။

ထိုအချိန်တွင် စုမူ က ဆက်ပြောသည် "သူ့ရဲ့ ဓားအောင်မြင်မှုတွေက

တကယ်ကို ကြောက်စရာကောင်းတယ်။ သူလောက် ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ကို ငါ့တစ်သက် တစ်ခါမှ မတွေ့ဖူးဘူး။”

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည်

"သူ့ကို အနှောင်အဖွဲ့ကင်းမဲ့သူလို့ ခေါ်တယ်မဟုတ်လား"

စုမူ က ယန်ယဲ့ ကို စိုက်ကြည့်ရင်း "မင်း သူ့ကို သိသလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည် “သူက ဝင်ရိုးစွန်းကြယ် ကနေ လာတာပါ။ ငါလည်း သူနဲ့အတူတူပဲ”

"မဆန်းပါဘူး" စုမူ က အနည်းငယ်ခေါင်းညိတ်လိုက်ပြီး "သူက လျှို့ဝှက်ဂိုဏ်းကို ရောက်လာပြီးတော့

ငါတို့ရဲ့ အရင်ဂိုဏ်းသခင် စိန်ခေါ်ခဲ့တယ်။

ငါတို့ဂိုဏ်းသခင်က သူ့ကို ရှုံးသွားတယ်။

ပြီးတော့ ခေါင်းကို ချိတ်ပိတ်ပေးဖို့

သူ့ဆီမှာ အကူအညီတောင်းတယ်။

နောက်တော့ သူက ခေါင်းရှိတဲ့နေရာကို

သွားလိုက်ပါသေးတယ်"

ယန်ယဲ့က "သူဘာလို့ မလုပ်တာလဲ"

စုမူ က “သူက တစ်ကြိမ်ပဲ

တိုက်ခိုက်တယ်။ သူသွားကြည့်တဲ့အခါ

ခေါင်းက မောက်မောက်မာမာ

ပြောတယ်လေ။ ခေါင်းက

အနှောင်အဖွဲ့ကင်းမဲ့သူကို သုံးကြိမ်ထိ

အရင်တိုက်ခိုက်ခွင့်ပေးမယ်လို့

ပြောတာပဲ။ ဒါပေမဲ့

အနှောင်အဖွဲ့ကင်းမဲ့သူက

တစ်ကြိမ်ပဲတိုက်ခိုက်လိုက်တယ်။

ဒီတိုက်ခိုက်မှုက ခေါင်းကို

အမှုန့်ကြိတ်လုနီးပါးပဲ"

ယန်ယဲ့က စကားမပြောနိုင်တော့သလို

ခံစားလိုက်ရသည်။

စုမူ က ဆက်ပြောသည်

"ကံမကောင်းစွာပဲ၊ အဲဒီနောက်မှာ သူက

တခြားဘာမှ မလုပ်ဘဲ ထွက်သွားခဲ့တယ်"

ယန်ယဲ့က အံ့ဩသွားပြီး "ဘာလို့လဲ"

စုမူ က သူ့မျက်နှာတွင်

သဘာဝမကျသော အမူအရာများ

ရှိနေသည်။ အဆုံးတွင် သူက

ခေါင်းယမ်းကာ “မပြည့်စုံတဲ့သူကို

အနိုင်ကျင့်တာမျိုး

မလုပ်ချင်ဘူးလို့ပြောခဲ့တယ်”

ယန်ယဲ့ သည် အတော်ကြာထိ

စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားခဲ့သည်။

စုမူ က "ငါတို့အရင်ဂိုဏ်းသခင်က

သူ့ကိုအကူအညီထပ်တောင်းခဲ့ပေမယ့်

အနှောင်အဖွဲ့ကင်းမဲ့သူက

လစ်လျူရှုခဲ့တယ်" သူက ယန်ယဲ့ကို

စိုက်ကြည့်ပြီး "ညီငယ်၊ ဒါက

သစ်သားဓားရဲ့ ဇစ်မြစ်ပါ။

ဒီရန်ငြိုးဖွဲ့တာက မင်းနဲ့မဆိုင်ဘူး။

ဒါပေမဲ့ သစ်သားဓားနဲ့ ဆက်စပ်နေတယ်။

သစ်သားဓားက

မင်းနဲ့အတူရှိနေပြီဆိုတော့

ဒီအရာအားလုံးကို

မင်းလည်းမလွတ်မြောက်နိုင်တော့ဘူး"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

စုမူ က “တကယ်တော့ အဲဒီခေါင်းက ငါ့လျှို့ဝှက်ဂိုဏ်းကို အမုန်းဆုံးမဟုတ်ဘူး၊ သူက ဒီသစ်သားဓားကို အမုန်းဆုံးပဲ။ သူ လွတ်မြောက်ပြီးတာနဲ့ ပထမဆုံး ဖျက်ဆီးပစ်မှာက ဒီသစ်သားဓား ဖြစ်နိုင်တယ်။ဒါပေမဲ့ သစ်သားဓားက အခုမင်းနဲ့အတူရှိနေတယ်။ ဒါဆို မင်း လွတ်မြောက်နိုင်မယ်လို့ ထင်လား။

ဒီသစ်သားဓားကို စွန့်လွှတ်ရင်တော့ ဟုတ်ပါတယ်”

ယန်ယဲ့ လည်း ငြိမ်သွားသည်။

ထိုအချိန်တွင် စုမူ က ယန်ယဲ့ ဆီသို့ လျှောက်လာကာ “ဒါက ကံတရားရဲ့ အစီအစဉ်ပါပဲ။ တစ်ခုခုကို မင်းရရှိထားရင် အဲဒါနဲ့ပတ်သက်တဲ့ ကံကြမ္မာက

နောက်မှာကပ်ပါလာတာသဘာဝပဲ။

ငါ့လျှို့ဝှက်ဂိုဏ်းလိုပဲ။ ငါတို့ဟာ

အထက်စကြာဝဠာက ရတနာတွေ၊

နည်းစနစ်တွေကို လိုချင်တော့

သစ်သားဓားနဲ့ပေါင်းပြီး

ခေါင်းကိုချိတ်ပိတ်လိုက်တယ်။ ဒါကြောင့်

ငါ့လျှို့ဝှက်ဂိုဏ်းက ဒီဒုက္ခကို ခံရမယ်"

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်

"မင်းပြောတာမှန်တယ်။

အကြောင်းတရားရှိရင်

သက်ရောက်မှုရှိတယ်။ ဒါပေမဲ့ စီနီယာ၊

မင်းရဲ့ခွန်အားက ငါ့ထက်

အများကြီးသန်မာတယ်။ ဒါ့အပြင်

လျှို့ဝှက်ဂိုဏ်းရဲ့ အင်အားက

ငါ့ရဲ့ခွန်အားထက် အဆတစ်ရာမက

ပိုသန်မာတယ်။ မင်းလိုလူတစ်

ယောက်ကတောင် ဒီခေါင်းကို

မဖျက်ဆီးနိုင်ရင်  ငါဘာလုပ်နိုင်မလဲ။

ဒီပြဿနာကနေ ထွက်ပြေးဖို့

မကြိုးစားပေမယ့် တကယ်ကို

မကူညီနိုင်ဘူး”

စုမူ က "ငါသိပါတယ်"

ယန်ယဲ့ က

စကားထပ်ပြောရန်ပြင်လိုက်သော်လည်း

စုမူက ရုတ်တရက်ပြောခဲ့သည်

"ဒါကြောင့် မင်းရဲ့ခွန်အားက

ဒီသစ်သားဓားကို

ချိတ်ပိတ်စည်းဖယ်ပေးနိုင်တဲ့အထိ

သန်မာလာအောင် ငါ့လျှို့ဝှက်ဂိုဏ်းက

အင်နဲ့အားနဲ့ ထောက်ပံ့ပေးမယ်"

ထိုစကားကြားသောအခါ ယန်ယွဲ့ လည်း

အံ့ဩသွားသည်။

"ငါသန်မာလာဖို့

လျှို့ဝှက်ဂိုဏ်းတစ်ခုလုံးရဲ့

အရင်းအမြစ်တွေထောက်ပံ့မှာလား"

ထိုအချိန်တွင် စုမူ က ထပ်ပြောသည်

“ငါ့ကို ဒီလို မကြည့်ပါနဲ့။

ငါအလေးအနက်ပြောနေတာပါ"

ယန်ယဲ့ က စုမူ ကို
တစ်ချက်ကြည့်လိုက်ပြီး "အခြေအနေက
ငါ့အတွက် ခေါင်းကို ချိတ်ပိတ်ရုံပဲလား"

စုမူက ခေါင်းညိတ်ပြီး "ဒါ့အပြင် မင်းက
ငါ့လျှို့ဝှက်ဂိုဏ်းထဲကို ဝင်ရမယ်"

လျှို့ဝှက်ဂိုဏ်းထဲကို ဝင်ရမှာလား။
ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"တောင်းပန်ပါတယ် ငါက

ယန်မျိုးနွယ်ပါ"

စုမူ က “ငါသိပါတယ်။ အဲဒါက

ပြဿနာမဟုတ်ပါဘူး။ မင်းက

အထောက်အထားနှစ်ခုကို တစ်ခါတည်း

ပိုင်ဆိုင်သွားတာပေါ့။ မင်းဘာလုပ်လုပ်

ငါ့လျှို့ဝှက်ဂိုဏ်းက မင်းကို တားမှာ

မဟုတ်ဘူး၊ ဒါပေမဲ့ အနာဂတ်မှာ

ငါ့လျှို့ဝှက်ဂိုဏ်းက မင်းရဲ့အကူအညီကို

လိုအပ်နေတယ်ဆိုရင်

ဂိုဏ်းကိုပြန်လာရမယ်။ စိတ်မပူပါနဲ့၊

ဒါဟာ

မင်းတတ်နိုင်တဲ့အကန့်အသတ်အထဲမှာပဲ

ရှိနေမှာပါ"

ယန်ယဲ့က အချိန်အတော်ကြာအောင်

တိတ်ဆိတ်နေပြီးနောက်

ခေါင်းညိတ်ပြသည်

"ဒါဆိုလည်းကောင်းပြီလေ"

အခြေအနေက သူ့အတွက်

သင့်တော်သောကြောင့် သဘာဝအတိုင်း

ငြင်းဆန်မည်မဟုတ်ပေ။

စုမူ က အနည်းငယ် ခေါင်းညိတ်ပြပြီး

သူ့ညာလက်ကို လှန်လိုက်သည်။

ယန်ယဲ့ရှေ့တွင်

အစိမ်းရင့်ရောင်ဝတ်စုံတစ်ထည်

ပေါ်လာသည်။

ယန်ယဲ့က အံ့သြသွားပြီး "အဲဒါဘာလဲ"

စုမူ က “ဒါဟာ ငါ့လျှို့ဝှက်ဂိုဏ်းက

အကြီးအကဲတစ်ယောက်ရဲ့ ဝတ်ရုံပါ။

ဒီအချိန်ကစပြီး မင်းဟာ

ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ ဂုဏ်ထူးဆောင်

အကြီးအကဲ ပဲ။ မင်းကို ဘယ်သူမှ

အမိန့်မပေးနိုင်ဘူး”

ယန်ယဲ့က အံ့သြသွားပြီး “ဂုဏ်ထူးဆောင်

အကြီးအကဲတစ်ယောက်လား။

ဘာအတွက်များလဲ"

ထိုအတောအတွင်း

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးက

ရုတ်တရက် ပြောခဲ့သည် “ဒါက

သဘာဝကျကျနဲ့ မင်းကို

ဒုက္ခမဖြစ်အောင် ကူညီပေးလိုက်တာ။

အဲဒါကို ဝတ်ဆင်ထားသရွေ့တော့

လှိုဝှက်ဂိုဏ်းရဲ့ တပည့်တွေက မင်းကို

ပြဿနာရှာမှာ မဟုတ်ဘူး။

ဟုတ်ပါတယ်၊ မင်းတစ်ခုခုဖြစ်လာမှာကို

ငါတို့မစိုးရိမ်ဘူး၊ သူတို့အတွက်

တစ်ခုခုဖြစ်မှာကိုပဲ ငါတို့ကြောက်တာ”

ယန်ယဲ့၏ လက်ရှိအဆင့်က မည်သို့နည်း။

လှိုဝှက်ဂိုဏ်း၏ တပည့်များဟာ

ပါရမီရှင်များကြားမှ

ပါရမီရှင်များချည်းသာ။ သို့သော်လည်း

အားလုံးက ယန်ယဲ့ရှေ့တွင်

မလုံလောက်သေးပေ။ ထို့အပြင် ယန်ယဲ့

သည်

ဆက်ဆံရလွယ်ကူသောလူမဟုတ်ပေ။

သူတို့၏ဖြေရှင်းချက်မှာ ယန်ယဲ့အား

ဂုဏ်ထူးဆောင်အကြီးအကဲ

ရာထူးပေးကာ ပြဿနာမဖြစ်အောင်

ကြိုကာလိုက်ခြင်းပင်။

ယန်ယဲ့က သူ့နှာခေါင်းကို

ပွတ်သပ်လိုက်သည်။

"ငါက ဒုက္ခရှာရတာကို

သဘောကျနေတဲ့ရုပ်ဖြစ်နေလို့လား"

ထိုအချိန်တွင် စုမူက အဘိုးကြီးအား

စိုက်ကြည့်လိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးက

အနည်းငယ် ခေါင်းညိတ်ပြကာ ယန်ယဲ့ကို

လှည့်ကြည့်ရင်း "အကြီးအကဲ ယန်၊ ငါနဲ့ လိုက်ခဲ့ပါ"

ယန်ယဲ့က "ငါတို့ ဘယ်သွားမလို့လဲ"

အဘိုးကြီးက ပြန်ဖြေပါသည်
“သိုင်းပညာခန်းမ။ ငါတို့လျှို့ဝှက်ဂိုဏ်းရဲ့ ခေတ်အဆက်ဆက်က ဂိုဏ်းသခင်တိုင်း သူတို့ရဲ့ အတွေးအကြံတွေ၊ နားလည်မှုတွေကို ချန်ထားခဲ့တဲ့နေရာပါ။

သူတို့အားလုံး

အတိတ်တစ်ချိန်မှာတုန်းက

အလယ်စကြာဝဠာရဲ့

ထိပ်သီးပါရမီရှင်တွေ ဖြစ်ခဲ့ကြတယ်။

ဒါကြောင့် မင်းအတွက်

အထောက်အကူဖြစ်မယ်လို့

ငါယုံကြည်တယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"ကောင်းပြီလေ"

ထိုအချိန်တွင် စုမူ က ဝတ်စုံဖြူဝတ်ယွန်ချန်း ကို ရုတ်တရက် ကြည့်လိုက်ပြီး "ယွန်ချန်း၊ မင်းလည်း လိုက်သွား"

ဝတ်စုံဖြူဝတ်ယွန်ချန်း က အနည်းငယ် ထိတ်လန့်သွားပြီး "ကျေးဇူးတင်ပါတယ် ဂိုဏ်းသခင်"

ထို့နောက်တွင် ယန်ယဲ့သည် ယွန်ချန်း၊
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး
နှင့်အတူခန်းမထဲက
ထွက်လာလိုက်သည်။

ဤအခိုက်အတန့်မှာ ခန်းမထဲတွင်ကား ...

ယန်ယဲ့ နှင့် အခြားနှစ်ယောက်
ထွက်သွားပြီးနောက်တွင်

အနက်ရောင်အရိပ်တစ်ခု ရုတ်တရက်
ထွက်ပေါ်လာသည်။

အရိပ်မည်းကြီးက “မင်း
ငါတို့ရဲ့မျှော်လင့်ချက်အားလုံးကို
သူ့အပေါ်ထားမှာလား"

စုမူ က ပြန်မေးလိုက်သည် "ဒါဆို
ငါတို့ဘာလုပ်လို့ရလဲ"

အရိပ်မည်းက “ဘာလို့လဲ” ဟု မေးလိုက်သည်။

စုမူ က ခဏမျှငြိမ်သက်သွားပြီး “ဒီဓားက သူ့နောက်ကို လိုက်ဖို့ ဆန္ဒရှိလို့ပဲ။ ငါတို့ရဲ့ အရင်မျိုးဆက်ဂိုဏ်းသခင်တောင် သစ်သားဓားကို မသိမ်းသွင်းနိုင်ခဲ့ဘူး။ ဒီအတွက် ဂုဏ်ယူမိပါတယ်။ သိုင်းပညာဘိုးဘေးဝူမု လိုလူတောင်မှ ဒီဓားကို မဖိနှိပ်နိုင်ဘူး။ အခုချိန်မှာတော့

တစ်စုံတစ်ယောက်ရဲ့နောက်ကို လိုက်ဖို့ ဆန္ဒရှိနေတယ်။ ဒီလူက သာမာန်လို့ မင်းထင်လား"

အရိပ်မဲက “အဲဒါကြောင့်ပဲလား”

စုမူက ခေါင်းကို အနည်းငယ်ခါယမ်းကာ စာလိပ်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး “သူနဲ့ပတ်သက်တဲ့

အချက်အလက်အားလုံးက အဲဒီထဲမှာ ပါပါတယ်။ ဒါကိုကြည့်ကြည့်လိုက်”

စကားပြောနေစဉ် စာလိပ်က အနက်ရောင် အရိပ်ဆီသို့ ပျံသွားသည်။ အနက်ရောင်အရိပ်က ခဏကြာငြိမ်သက်သွားပြီးနောက် ရုတ်တရက်ပြောလိုက်သည် “သူက တကယ်ကို ထူးချွန်တယ်”

စုမူက ခေါင်းညိတ်လိုက်ပြီး

ကောင်းကင်ကို မော့ကြည့်လိုက်သည်။

သူ့မျက်လုံးထဲမှာတော့

စိုးရိမ်မှုအရိပ်အယောင်များ ရှိနေခဲ့သည်။

သို့သော်လည်း ခဏအကြာတွင်တော့

သူ့မျက်လုံးများရှိ စိုးရိမ်ပူပန်မှုဟာ

အေးခဲသွားသည်။

...

သိုင်းပညာခန်းမ ။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက သူတို့နှစ်ယောက်အား ခန်းမတစ်ခုဆီကို ခေါ်သွားခဲ့သည်။ ခန်းမက သိပ်တော့မကျယ်ပေ။ အားလုံးပေါင်းမှ အထပ် ၃ ထပ်သာ ရှိ၏။

"ဒါက ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ တားမြစ်နယ်မြေပဲ"

အနက်ရောင်ဝတ်ရုံအဘိုးကြီးက
ရုတ်တရက် ပြောခဲ့သည်
“သာမန်တပည့်တွေက ဒီနေရာကို
ဝင်ခွင့်မပြုဘူး။ ငါတောင် ဝင်ခွင့်မရှိဘူး။
အခုဝင်သွားတော့"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။
ထို့နောက် ဝတ်စုံဖြူဝတ်ယွန်ချန်း
နှင့်အတူ ပထမဆုံးအထပ်သို့
ဝင်သွားလိုက်သည်။

သူတို့နှစ်ယောက် ဝင်လာသည်နှင့်
တပြိုင်နက်
ခမ်းနားဖည်ဝါသောအဘိုးကြီးတစ်ဦး
ပေါ်လာသည်။

အဘိုးကြီးကို တွေ့လိုက်သောအခါ
ယန်ယဲ့၏ မျက်နှာသည်
တင်းမာလာသည်။

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ ။

အဘိုးကြီးက အမှန်ပင်
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ ပါ။

အဘိုးကြီးက ယန်ယဲ့ နှင့် ယွန်ချန်းကို
စူးစိုက်ကြည့်ပြီး "ဒီနေရာမှာ မင်းတို့ရဲ့
အပြုအမူတွေကို သတိထား"
ဟူ၍ပြောခဲ့သည်။ ထို့နောက် နေရာမှာပင်
ပျောက်သွားသည်။

ယန်ယဲ့ နှင့် ယွန်ချန်း က အကြည့်ချင်းဖလှယ်လိုက်သည်။ အဆုံးတွင် နှစ်ယောက်သား ရှေ့ကို ဆက်လျှောက်လာကြသည်။

သို့သော်လည်း သိပ်မကြာလိုက်ဘဲ နှစ်ယောက်စလုံး ရပ်တန့်သွားသည်။ သူတို့ရှေ့တွင် သလင်းကျောက်တိုင်လုံး ၃ တိုင် ရှိနေလို့ပါ။ တိုင်လုံးတစ်ခုစီမှာ

အထိမ်းအမှတ်ကျောက်ပြားတစ်ချပ်စီပါ ရှိသည်။

ယွန်ချန်း၏ အကြည့်က အလယ်ဗဟိုရှိ အထိမ်းအမှတ်ကျောက်ပြားပေါ် ဆင်းသက်လာပြီး "ငါဒါကိုရွေးတယ်"

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

ယွန်ချန်း က "ဒီဂိုဏ်းသခင်က

အမျိုးသမီးမို့လို့"

ယန်ယဲ့ က သလင်းကျောက်တိုင်လုံးကို

စိုက်ကြည့်နေသည်။ မှန်သည်၊

ကျောက်တိုင်လုံးပေါ်၌

"လင်းရှူ"ဟူသောနာမည်တစ်ခုရေးထိုး

ထား၏။

"သူမက ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ ၁၄ ယောက်မြောက်ဂိုဏ်းသခင်ပါ" ယွန်ချန်းက ရှင်းပြသည် "သူမက အသက် ၄၀ မှာပဲ မူလနတ်ဘုရားအဆင့် ၆ ကို ရောက်ခဲ့တယ်"

အသက် ၄၀ မှာ မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ ။

ယန်ယဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။ ထိုအခြေအနေက

လုံးဝကို တုန့်နိုင်းမရသော

သဘာဝအရည်အချင်းပါ။

ထိုအချိန်တွင် ယွန်ချန်း က

သလင်းကျောက်တိုင်လုံး ရှေ့သို့

လျှောက်သွားပြီးနောက် မြေပြင်ပေါ်မှာ

တင်ပျဉ်ခွေထိုင်ချလိုက်သည်။ ထိုခဏ

လေးမှာပဲ အလင်းတန်းတစ်ခု

လင်းလက်လာသည်။ အလင်းတန်း

ပြန့်ကျဲသွားသည့်အခါတွင်

တိမ်ဖြူရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ယောက် ပေါ်လာသည်။

အမျိုးသမီးက အသက် ၂၀

ဝန်းကျင်ခန့်သာရှိပုံရသည်။

သူမ၏ရုပ်ရည်က

အလွန်လှပသည်မဟုတ်သော်လည်း

တစ်မျိုးတစ်ဖုံ ဆွဲဆောင်နေလေသည်။

ယန်ယဲ့ က ယွန်ချန်း ကို ကြည့်လိုက်ရာ

ထိုအမျိုးသမီး ပေါ်လာသည်နှင့်

အတော်လေးစိတ်လှုပ်ရှားနေမှန်း

သတိထားမိလိုက်သည်။

လင်းရှူ၊ လျှို့ဝှက်ဂိုဏ်းရဲ့ ၁၄

ယောက်မြောက်ဂိုဏ်းသခင် ။

လင်းရှူ၏ အကြည့်များက

တင်ပျဉ်ခွေထိုင်နေသော ယွန်ချန်းပေါ်သို့

ကျဆင်းသွားသည်။ ထို့နောက် ယွန်ချန်း

ကို ခဏကြာစိုက်ကြည့်လိုက်ပြီး

အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ထိုအခြေအနေကို

သတိထားမိလိုက်သောအခါ ယွန်ချန်း၏

မျက်နှာက ဖြူဖျော့သွားလေသည်။

ခဏာမျှတိတ်ဆိတ်သွားပြီးနောက် လင်းရှူက ခေါင်းခါလိုက်သည် "နင့်ရဲ့ ပင်ကိုယ်စွမ်းရည်က နိမ့်ကျလွန်းတယ်"

စကားပြောပြီးသည်နှင့် အလင်းတိုင်လုံးဆီသို့ ပြန်သွားရန် ပြင်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က ရုတ်တရက် မေးလိုက်၏ "ငါ့ရဲ့

ပင်ကိုယ်စွမ်းရည်ကို
မင်းဘယ်လိုထင်လဲ"

လင်းရှူက ယန်ယဲ့ကို
စိုက်ကြည့်နေသည်။ခဏကြာတော့
ပုံမှန်လိုသာပြန်ပြောခဲ့သည် "သာမာန်ပဲ"

ဓားတစ်ချောင်းက လင်းရှူ၏နဖူးရှေ့ကို
ရောက်လာသည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ထိုအချိန်တွင်

ဒေါသတကြီး အော်ဟစ်သံ

ထွက်ပေါ်လာသည်။ ထို့နောက်

အစောပိုင်းကထွက်ပေါ်လာသော

အဘိုးကြီး ပြန်ပေါ်လာသည်။

ဤအခိုက်အတန့်တွင် အဘိုးကြီးက

ယန်ယဲ့အား

ဒေါသတကြီးစိုက်ကြည့်နေသည်။

ယန်ယွဲ့က အဘိုးကြီးကို

လစ်လျူရှုလိုက်ပြီး လင်းရှူကို

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

"ဒီတိုက်ခိုက်မှုကို မင်းဘယ်လိုထင်လဲ"

လင်းရှူက ယန်ယွဲ့ကို

တည့်တည့်ပြန်ကြည့်ကာ

"အရမ်းအားနည်းနေတယ်"

ယန်ယဲ သည်

ဘာဆက်ပြောရမှန်းမသိတော့ပေ။

တစ်ချိန်တည်းမှာပင် လင်းရှူက

ထပ်ပြောပါသည် "ဒါပေမဲ့ ငါသာ နင်နဲ့

အဆင့်တူဖြစ်နေရင် ဒါကို ခုခံနိုင်မှာ

မဟုတ်ဘူး"

အဘိုးကြီးက

ထိုစကားကိုကြားသောအခါ လင်းရှူအား

စူးစိုက်ကြည့်ကာ

သူ့မျက်လုံးများကလည်း

ထိတ်လန့်မှုအပြည့်ပေါ်လာသည်။

သူသည် သဘာဝအတိုင်း

တုန်လှုပ်သွားခြင်းပင်။ လင်းရှု က

လျှို့ဝှက်ဂိုဏ်း၏

ဂိုဏ်းသခင်တစ်ဦးဖြစ်လို့ပါ။

ဤအခိုက်အတန့်တွင် လင်းရှူက

ယန်ယဲ့နှင့်အဆင့်တူဖြစ်နေလျှင်

ယန်ယဲ့ထက်နိမ့်ကျသည်ဟု ပြောခဲ့သည်။

ယန်ယဲ့က သူ့ဓားကို ဖယ်လိုက်သည်။

ထို့နောက် လင်းရှူ ကို အနည်းငယ်

ဦးညွှတ်ကာ "ပြစ်မှားမိလို့

တောင်းပန်ပါတယ်။ ငါ မင်းကို ဆိုးရွားတဲ့

ရည်ရွယ်ချက်

မရှိဘူး။သဘာဝအရည်အချင်းတွေက

လူတစ်ယောက်ရဲ့ အနာဂတ်ကို မဆုံးဖြတ်နိုင်ပါဘူး၊ အဲဒီလူရဲ့ ပင်ကိုယ်စွမ်းရည်ကို အခြေခံတာ ဒါဟာ လူတစ်ယောက်ရဲ့ အနာဂတ်ကို မဆုံးဖြတ်နိုင်ဘူးလို့ပဲ ပြောချင်ပါတယ်”

လင်းရှု က ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး "နင်က ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ တပည့်လား" ဟု မေးလိုက်သည်။

ယန်ယဲ့က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

လင်းရှူ၏ မျက်လုံးထဲမှ

အနည်းငယ်အံ့သြနေသောအမူအရာ

ပေါ်လာသော်လည်း ချက်ချင်း

မျက်မှောင်ကြုတ်လိုက်သည်။

ထိုအချိန်တွင် အဘိုးကြီးက

ရုတ်တရက်ဝင်ပြောပါသည်

“ဂိုဏ်းသခင်လင်း၊ သူက ငါတို့လျှို့ဝှက်ဂိုဏ်းရဲ့ တပည့်မဟုတ်ဘူး။ သူ…သူက ငါတို့ဂိုဏ်းရဲ့ ဂုဏ်ထူးဆောင်အကြီးအကဲပါ။ ဒီသစ်သားဓားက သူ့နောက်ကိုလိုက်ဖို့ ရွေးချယ်ခဲ့တယ်”

လင်းရှူ က ယန်ယွဲ့ ကို စိုက်ကြည့်ရင်း "နင့်ရဲ့ဓားစိတ်ဆန္ဒက မူလအဆင့်ကို ရောက်နေပြီ။ ဒါပေမဲ့ နင်ဟာ မေ့ပစ်ဖို့

ရွေးချယ်ခဲ့တာပဲ။ ကြည့်ရတာတော့ အစွမ်းထက်ဓားကျင့်ကြံသူတစ်ယောက်ရဲ့ လမ်းညွှန်မှုကို ရခဲ့တာထင်တယ်။ ကဲ၊ အခု နင့်ရဲ့ဓားစိတ်ဆန္ဒကို မူလအဆင့်ထက်ကျော်သွားစေချင်သလား။ မှန်တယ်၊ နင့်ရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါပါတယ်”

ထိုစကားကိုကြားသောအခါ

ယန်ယဲ့၏မျက်လုံးများက ချက်ချင်း

ကျဉ်းမြောင်းသွားသည်။

မူလအဆင့်ရဲ့ အထက်ဆင့် ဓားစိတ်ဆန္ဒ

နဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

May Be:

၂၁၂၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၇ - ဓားတာအို အောင်မြင်မှု

"မူလ" ကို

နားလည်ဆင်ခြင်ပြီးနောက်တွင်

ယန်ယဲ့၏ ဓားစိတ်ဆန္ဒ သည် မူလအဆင့်

သို့ရောက်ရှိသွားခဲ့သည်။ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကလည်း

မူလအဆင့် သို့
အချိန်မရွေးတက်လှမ်းနိုင်သည် ။

သို့သော် သူသည် နှစ်ခုစလုံးကို တစ်ခါမှ
ထုတ်မသုံးတော့ပေ။

ထို့အပြင် သူသည် စိတ်ဆန္ဒနှစ်ခုလုံးအား
အချိန်တိုင်း မေ့ပစ်ရန်ပင်
ကြိုးစားနေခဲ့သည်။

သူသည် မူလအဆင့် ဓားစိတ်ဆန္ဒ ကို

မလိုအပ်ပေ။ စစ်မှန်သော

ဓားအနှစ်သာရကို

လိုက်လံဖမ်းဆုပ်နေခဲ့သည်။

ထို့ကြောင့် ထိုအချက်ကို

စဉ်းစားမိသောအခါ ယန်ယဲ့ က

"အကြီးအကဲ၊ ငါက

ဓားရဲ့အနှစ်သာရကိုပဲ

လိုက်ချင်တယ်"ဟုပြန်ဖြေလိုက်သည်။

“ဘယ်လောက်တောင်

ညဏ်မရှိလိုက်သလဲ" လင်းရှူ က

အေးစက်စွာပြောသည်

"ဘယ်လောက်မိုက်မဲလိုက်သလဲ။

ဘာအတွက်နဲ့ ဓားအနှစ်သာရကို

လိုချင်တာလဲ။ ဓားစိတ်ဆန္ဒကြောင့်လား။

ဓားစိတ်ဆန္ဒ ကို ဓားအနှစ်သာရလို့

ခေါ်တယ်။ ဒီတော့ ဓားနဲ့

ဓားအနှစ်သာရက တစ်ခုတည်းပဲ။

ဒီနှစ်ခုကြားမှာ

ခြားနားချက်ရှိတယ်ထင်သလား"

ယန်ယဲ့ သည် နေရာတွင်ပင်

အံ့အားသင့်သွားသည်။

လင်းရှူ ပြောသည့်စကားက အမှန်ပင်။

ဓားစိတ်ဆန္ဒ သည်

ဓားမှဖြစ်တည်လာသောကြောင့်

နှစ်ခုစလုံးက တစ်ခုတည်းပါ။ပြင်ပ
စွမ်းအင်တစ်ခုလို မယူဆနိုင်ပေ။

ထိုအချက်ကို စဉ်းစားမိလိုက်သည်နှင့်
ယန်ယဲ့ သည် သူ့ကိုယ်သူ
ကျိန်ဆဲလိုက်သည်။နောက်ဆုံးတွင်
သူ၏ဓားတာအိုက တဖြည်းဖြည်း
ကြောက်စရာကောင်းလာသည်မဟုတ်ပါ
လား။ အကယ်၍ သူ၏ဓားစိတ်ဆန္ဒ သာ
အဆင့်တစ်ခုသို့ ရောက်သွားလျှင်

ဆားတစ်ချက်က မူလနတ်ဘုရားအဆင့် ၅
ကျင့်ကြံသူကိုသတ်ပစ်နိုင်၏။ ထို့အပြင်
မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူကိုပင် ဖိနှိပ်ထားနိုင်ပေမည်။

ထိုအချက်ကို တွေးမိသည်နှင့် ယန်ယဲ့
သည် ကိုယ့်ကိုယ်ကို
မထိန်းချုပ်နိုင်တော့ပေ။

ထိုအချိန်တွင် လင်းရှု က ရုတ်တရက်ပြောပါသည် “နင် သွေးဆောင်ခံရသလား”

ယန်ယဲ့ က သူမကို စိုက်ကြည့်ကာ ပြန်ပြောသည် "အကြီးအကဲ၊ ငါတို့တွေက ဂိုဏ်းတစ်ခုတည်းကပဲဆိုတော့ ရိုးရိုးသားသားပြောတာ ပိုကောင်းပါတယ်။ ဒါဆို မင်းဘာလိုချင်လဲ ငါ့ကိုပြောပါ”

လင်းရှူ က အနည်းငယ် ခေါင်းညိတ်ကာ

“ဒါက ဘာမှ မထူးခြားပါဘူး။

အနာဂတ်မှာနင်က ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းကို

ကာကွယ်နိုင်လိမ့်မယ်လို့

မျှော်လင့်ပါတယ်"

ယန်ယွဲ့ က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

"လျှို့ဝှက်ဂိုဏ်းအတွက်

မင်းရဲ့ခံစားချက်က

ဒီလောက်လေးနက်နေလား"

သူမြင်ဖူးသမျှ မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူအများစုဟာ

ကိုယ်ပိုင်ဘဝနှင့်သေခြင်းတရား ကလွဲ၍

အခြား ဘာကိုမှ ဂရုမစိုက်ကြတော့ပေ။

လင်းရှူ က အနည်းငယ်

ခေါင်းညိတ်လိုက်သည် "ဒါဟာ

ဂိုဏ်းတစ်ခုတင် မဟုတ်ဘူး၊ ဒါက

ငါ့အိမ်ပဲ" စကားပြောနေရင်း

အခြားအလင်းတိုင်လုံးများကို

လှည့်ကြည့်ကာ "သူတို့

ဘယ်လိုသေသွားလဲ သိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

လင်းရှူ က ဆက်ပြောသည်

“တကယ်တော့

သူတို့လိုအဆင့်ရောက်နေတဲ့

ကျင့်ကြံသူတွေက သေဖို့
အရမ်းခက်ခဲပါတယ်။
တချို့ကျင့်ကြံသူတွေတောင် သူတို့ကို
သတ်ဖို့ဆိုတာ
ထင်သလောက်မလွယ်ဘူး။ ဒါပေမဲ့
သူတို့တွေ အကုန်သေသွားကြတယ်။
တစ်ယောက်ယောက်က သတ်လိုက်တာ
မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို
အဆုံးစီရင်သွားကြတာပဲ”

ယန်ယဲ့က မျက်မှောင်ကြုတ်သွားသည်။ သူ့မျက်လုံးထဲ၌ အံ့သြသောအမူအရာဖြင့်  "သူတို့က ကိုယ့်ကိုယ်ကို သတ်သေလိုက်တာလား"

လင်းရှူ က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး "တံဆိပ်ကို အားဖြည့်တဲ့အခါတိုင်း ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ အဆင့်မြင့်ကျင့်ကြံသူတွေအားလုံး

သူတို့ရဲ့ ဘဝတစ်လျှောက်လုံး

စုဆောင်းထားတဲ့ ခွန်အားကို

အသုံးပြုရတယ်"

ယန်ယဲ့၏ မျက်လုံးထဲတွင်

အံ့အားသင့်မှုတစ်ချက်

ဖြတ်ပြေးသွားသည်။

သူတို့က နည်းနည်းတော့

ကိုယ်ကျိုးမဖက်ဘူး မဟုတ်လား။

လင်းရှူ က "နင် အရမ်းအံ့သြနေလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"ငါအတော်လေးစိတ်ဝင်စားမိပါတယ် ”

လင်းရှူ က ဆက်ပြောလိုက်သည်

“စည်းတံဆိပ် ကျိုးပျက်သွားတာနဲ့

ငါ့လျှို့ဝှက် ဂိုဏ်း ပျက်သုဉ်းသွားမှာ

သေချာတယ်”

ယန်ယဲ့က တိုးညှင်းသောလေသံဖြင့်
“ငါလည်း ရင်ဆိုင်နိုင်မယ်လို့
အာမမခံနိုင်ဘူး”ဟုပြောလိုက်သည်။

လင်းရှု က ခေါင်းညိတ်ပြီး
ပြန်ပြောပါသည် “ဒါပေမဲ့ နင့်မှာ
အခွင့်အရေးရှိတယ်”

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

လင်းရှု က သူ့ကိုကြည့်ရင်း

"ဒီစားကြောင့်၊ ဒါက

နင့်ကိုရွေးချယ်ခဲ့တာ"

ယန်ယဲ့၏ မျက်နှာက တင်းမာသွားသည်။

ထို့နောက် သူက ခေါင်းခါလိုက်သည်။

အမှန်တော့ သူပြောချင်နေသည်မှာ

သစ်သားဓားက သူ့နောက်ကို

လိုက်ပါလိုတာမဟုတ်ပါ။

နှင်းပွင့်လေးကြောင့်ပင်။

နှင်းပွင့်လေးကသာ ထူးဆန်းသော

ခေါင်းကို ချိတ်ပိတ်လိုက်သင့်သည်။

ထိုအချိန်တွင် လင်းရှူ က

ရုတ်တရက်ပြောခဲ့သည် "မူလအဆင့်

စိတ်ဆန္ဒ ဒါမှမဟုတ်

မူလနတ်ဘုရားအဆင့် ရဲ့အထက်ဆင့်ကို

နင်ဘာသိထားလဲ"

ယန်ယဲ့က သူ့အတွေးကို ထိန်းကာ လင်းရှူကို စိုက်ကြည့်ရင်း “ကျေးဇူးပြုပြီး ပြောပြပါ”

လင်းရှူက ခေါင်းညိတ်ကာ "နိဗ္ဗာန်ဆိုတာ သမ္မာတရားရဲ့နောက်မှာဖြစ်တည်တယ်။ သမ္မာတရားရဲ့ နောက်က ဉာဏ်အလင်း ဖြစ်တည်တယ်” ဟု တိုးတိုးလေးပြန်ပြောသည်။

ယန်ယဲ့ က အံ့သြသွားပြီး "ဉာဏ်အလင်း

လား"

လင်းရှူ က ခေါင်းညိတ်လိုက်ပြီး

"တကယ်တော့ နှလုံးသားက

အရာခပ်သိမ်းကို မြင်နိုင်တဲ့

မှန်တစ်ချပ်လိုပဲ

ရိုးရှင်းပါတယ်။မှူလ(အမှန်တရား)ဆိုတာ

က အရာခပ်သိမ်းရဲ့ အနှစ်သာရကို

နားလည်တဲ့ နေရာတစ်ခုပဲ။

ညာဏ်အလင်းအဆင့်

(ညာဏ်အလင်းပွင့်တဲ့နယ်ပယ်)ဟာ

အရာခပ်သိမ်းရဲ့

အနှစ်သာရကိုနားလည်ရုံတင်မဟုတ်ဘူး၊

အရာခပ်သိမ်းကို မျက်စိရှေ့မှာ

သူ့အလိုလိုမြင်နေရတာကို

ကိုယ်စားပြုတယ်။ ဒါဟာ

တူညီတဲ့သဘောတရားတွေဖြစ်ပေမယ်

လို့ မတူကွဲပြားတာတွေရှိတယ်။

ဥပမာပြောရရင် ရေနဲ့ ရေခဲလိုပါပဲ။
တူပေမယ့် မတူဘူး"

ယန်ယဲ့က လေးနက်စွာပြောလိုက်သည်
"ငါဘယ်လိုလုပ်ရမလဲ"

လင်းရှူ က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်
"ဖြတ်လမ်းတွေ မရှိဘူး။ နင်က
တဖြည်းဖြည်းချင်း

စောင့်ကြည့်ပြီးတော့ပဲ
နားလည်ဆင်ခြင်နိုင်တယ်”

"လေ့လာပြီး နားလည်ဆင်ခြင်ရမှာလား"
ယန်ယဲ့က လင်းရှူ ကို စိုက်ကြည့်ရင်း
ပြန်ပြောပါသည် "ငါ ဘယ်လို
နားလည်ဆင်ခြင်ရမယ်ဆိုတာ သိပေမယ့်
ငါ ဘယ်လို စောင့်ကြည့်လေ့လာရမှာလဲ"

လင်းရှု က “ငါ အရင်တုန်းက ညာဏ်အလင်းပွင့်အဆင့်ကို ရောက်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဖြစ်စဉ်တွေကို ချန်ထားခဲ့တယ်။နင်အဲဒါတွေကို လေ့လာကြည့်လို့ရတယ်"

ယန်ယဲ့ က အံ့သြသွားပြီး အလျင်စလိုမေးလိုက်၏ "မင်းက

ညာဏ်အလင်းပွင့်အဆင့်မှာ

ရောက်နေတာလား"

လင်းရှူ က ခေါင်းခါလိုက်သည် “စိတ်ဆန္ဒ

သက်သက်ပဲ၊

ကျင့်ကြံမှုအဆင့်တော့မဟုတ်ပါဘူး။

ဒါကြောင့် နင့်ရဲ့ဓားစိတ်ဆန္ဒနဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

ညာဏ်အလင်းပွင့်အဆင့် ရောက်အောင်

ငါကူညီပေးနိုင်တယ်။ ဟုတ်ပါတယ်၊ နင်

ဒါကိုအောင်မြင်မယ်လို့တော့ ငါ
အာမမခံရဲဘူး။ဒါတွေအားလုံးဟာ
လူတစ်ယောက်ရဲ့ ကံကြမ္မာပေါ်မှာ
မူတည်တယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်
"ရှင်းပြပေးလို့ကျေးဇူးတင်ပါတယ်"

ထိုအချိန်တွင် လင်းရှူ က ယွန်ချန်း ကို
စိုက်ကြည့်ကာ "သူနဲ့အတူ လိုကလာခဲ့"

ယွန်ချန်း၏ မျက်နှာပေါ်တွင် အံ့ဩမှုများ ပေါ်လာလေသည်။

လင်းရှူ က ရုတ်တရက်ပြောလိုက်သည်

“သူပြောတာ မှန်ပါတယ်။ သဘာဝ အရည်အချင်းနဲ့ အလားအလာကို အခြေခံပြီးတော့ လူတစ်ယောက်ကို မဆုံးဖြတ်သင့်ပါဘူး။

နင်ဒီကိုရောက်လာပြီး

ငါ့ကိုရွေးချယ်ခဲ့တာဆိုတော့
ငါတို့ကြားမှာ ကံကြမ္မာရှိတယ်။ ဒီတော့
နင်ရရှိတဲ့အရာက
နင့်ရဲ့ကံကြမ္မာပေါ်မှာပဲမူတည်တယ်”

ယွန်ချန်း က လေးလေးစားစား
ဦးညွှတ်လိုက်ပြီး "ကျေးဇူးတင်ပါတယ်၊
ဂိုဏ်းသခင်လင်း" ထို့နောက် ယန်ယဲ့ကို
စိုက်ကြည့်ပြီး "ကျေးဇူးတင်ပါတယ်
အကြီးအကဲယန်"

အကယ်၍ ယန်ယဲ့ သာ
အကြောင်းအရာများကို ရှင်းမပြခဲ့လျှင်
လင်းရှူက လက်ခံမည်မဟုတ်ကြောင်း
သိသာပါသည်။

ယန်ယဲ့က ပြုံးပြီး ဘာမှပြန်မပြောပေ။
သူ့အတွက်တော့
ပါးစပ်တစ်ချက်လှုပ်လိုက်ရုံသာ။

ထိုအချိန်တွင် လင်းရှု က သူမ၏လက်ကို ရုတ်တရက် ဆွဲယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ သူတို့ပတ်ဝန်းကျင်ရှိ မြင်ကွင်းဟာ ပြောင်းလဲသွားသည်။ ထိုအချိန်တွင် သူတို့သုံးယောက်စလုံး အနက်ရောင် အခန်းကျဉ်းလေးထဲ၌ ပေါ်လာကြသည်။ အခန်းအလယ်ရှိ ကြမ်းပြင်ပေါ်တွင်တော့

တင်ပျဉ်ခွေထိုင်နေသော
အမျိုးသမီးတစ်ယောက်ရှိနေခဲ့သည်။

သူတို့နှစ်ယောက်ကို အခန်းထဲသို့
ခေါ်လာခဲ့သော လင်းရှူ ပါ ။

ဤအခိုက်အတန့်တွင် လင်းရှူက
မျက်လုံးမှိတ်ထားလျက်
တင်ပျဉ်ခွေထိုင်နေခဲ့သည်။

ယန်ယဲ့ နှင့် ယွန်ချန်း က

အကြည့်ချင်းဖလှယ်လိုက်သည်။

တစ်ချိန်တည်းတွင် သူတို့နှစ်ယောက်က

လင်းရှူ နှင့်

ဆက်နွယ်မှုအချို့ရှိနေသည်ကို

သတိပြုမိသောကြောင့်

သူတို့အမူအရာများ

ရုတ်တရက်ပြောင်းလဲသွားသည်။

သိပ်မကြာလိုက်ပေ၊ လင်းရှူ

အာရုံခံနေသည့်အရာအားလုံးကို
သူတို့နှစ်ယောက်ပါ အာရုံခံနိုင်မှန်း
သဘောပေါက်သွားကြသည်။

“ဒါဟာ အမွေဆက်ခံတဲ့
နည်းလမ်းတစ်မျိုးပါ” ထိုအချိန်တွင်
လင်းရှု၏စကားသံက
သူတို့နှစ်ယောက်စလုံး၏
စိတ်ဝိညာဉ်ထဲသို့ ရုတ်တရက်
ပဲ့တင်ထပ်လာခဲ့သည်

"လူတွေအချင်းချင်း သူတို့ကြားမှာ

ဝိညာဉ်ဆက်သွယ်တဲ့နည်းလမ်းတစ်ခု

ပေါ့။ ဒါဟာ အချိန်ခဏလေးနဲ့

တစ်ယောက်နဲ့တစ်ယောက်အကြောင်း

အရာအားလုံးကို

နားလည်သဘောပေါက်နိုင်တယ်။

ကောင်းပြီ၊ ဒီနောက်ပိုင်း

နင်တို့ရမယ့်အရာက

ကိုယ်ကံကြမ္မာအပေါ်မှာပဲမူတည်တယ်”

ထိုစကားများပြောပြီးနောက် အသံက

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည်

ချက်ချင်းပင်မျက်လုံးမှိတ်လိုက်ပြီး

သူ၏စိတ်ဝိညာဉ်ပင်လယ်ထဲသို့

နစ်မြုပ်ထားလိုက်သည် ။

အချိန်သိပ်မကြာလိုက်ပါ၊ သူသည်

လင်းရှူ နှင့်

တစ်သားတည်းပေါင်းစည်းသွားသလိုခံ

စားလိုက်ရလေသည်။ ထိုအခြေအနေက

သူဆန္ဒရှိသရွေ့ လင်းရှူ

နှင့်ပတ်သက်သည့် အရာအားလုံးကို

ပြန်ကြည့်နိုင်သည်ဟုဆိုလိုပါသည်။

သို့သော် ယန်ယွဲ့က ထိုသို့မလုပ်ခဲ့ပါ။

သူသည်

ကိုယ်ပိုင်အကန့်အသတ်ကိုသိထားရပါမ

ည်။

ယန်ယဲ့ သည် သူ့အတွေးများကို

ထိန်းထားလိုက်သည်။ ထို့နောက်တွင်

လင်းရှု အာရုံခံနေသည်ကိုသာ

အာရုံစူးစိုက်ထားသည်။

ပထမထပ်ရှိ လျှို့ဝှက်ခန်းထဲတွင် ။

လင်းရှု နှင့်

ခမ်းနားထည်ဝါသောအဘိုးကြီးတို့နှစ်

ယောက်ရှေ့တွင် အလင်းပြင်ကြီး

ရှိနေသည်။ ၎င်းအထဲတွင် ယန်ယဲ့၊

ယွန်ချန်း နှင့် အတိတ်က

လင်းရှူတို့၏ပုံရိပ်များပေါ်နေခဲ့သည်။

အဘိုးကြီးက ရုတ်တရက် မေးလိုက်သည်

"ဂိုဏ်းသခင်လင်း၊ ငါတို့ရဲ့

လျို့ဝှက်ဂိုဏ်းကို ကယ်တင်နိုင်ပါ့မလား"

လင်းရှူ က ခေါင်းယမ်းကာ

"သူမလုပ်နိုင်ဘူး"

အဘိုးအိုက အံ့သြသွားပြီး “ဒါဆို....”

လင်းရှု က ဖန်သားပြင်မှတစ်ဆင့်

ယန်ယဲ့ကို စိုက်ကြည့်ကာ

တိုးတိုးလေးပြောလိုက်ပါသည်

“ဒီခေါင်းက အထက်စကြဝဠာထဲက

ပြုတ်ကျလာတယ်။

ရောက်ရှိလာတဲ့အချိန်မှာ

ဒဏ်ရာအပြင်းအထန်ရနေခဲ့တယ်။

ဒါပေမဲ့

လျှို့ဝှက်ဂိုဏ်းရဲ့ကျင့်ကြံသူတွေနဲ့

သိုင်းပညာဘိုးဘေးဝူမု တောင်မှ

ခေါင်းကို မသတ်နိုင်ခဲ့ဘူး။ ဒါကြောင့်

အဲဒီခေါင်းက

ရှေးဟောင်းကျင့်ကြံသူတွေထဲက

တစ်ယောက်ဆိုတာ သေချာပါတယ်”

သူမက စကားကိုခဏရပ်ပြီး “ဒါပေမဲ့

ယန်ယဲ့က မူလနတ်ဘုရားအဆင့်

မှာပဲရှိနေတာဆိုတော့ အဲဒီ့ခေါင်းကို သူဘယ်လိုဖြေရှင်းနိုင်မလဲ”

အဘိုးကြီးက မေးလိုက်သည် “ဒါဆို မင်းနဲ့ ဂိုဏ်းသခင်စုမူ က ဘာလို့ သူ့ကို ကူညီနေတာလဲ”

လင်းရှူ က ယန်ယွဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်နေပြီး "ငါတို့က သူ့ကို

ကူညီနေတယ်လို့
ဘယ်သူပြောလဲ"ဟုပြန်ဖြေသည်။

အဘိုးကြီးက ရုတ်တရက်
ငြိမ်သက်သွားသည်။

ခဏအကြာတွင် အဘိုးကြီးက
အကူအညီမဲ့စွာ ရယ်မောရင်း
“တကယ်တော့ အဲ့ဒီခေါင်းကို သတ်နိုင်တဲ့

လူတစ်ယောက်ရှိနေတယ်။

ကံမကောင်းစွာပဲ....”

လင်းရှူ က

အသံတိုးတိုးလေးပြောလိုက်သည်

“အနှောင်အဖွဲ့ကင်းမဲ့သူလား”

အဘိုးကြီးက ခေါင်းညိတ်ပြီး

“ဂိုဏ်းသခင်လင်း၊ သူ့ကို

ဘယ်လိုမြင်လဲ”ဟုမေးလိုက်သည်။

လင်းရှူ က ခေါင်းညိတ်လိုက်သည်။

အချိန်တော်တော်ကြာနှုတ်ဆိတ်နေပြီးမှ ပြန်ပြောခဲ့သည် "ကြောက်စရာကောင်းတဲ့ ဓားတာအို နဲ့သမိုင်းတစ်လျှောက်မှာ တုနှိုင်းမရတဲ့ ဓားကျင့်ကြံသူ"

...

အခန်းထဲတွင်တော့ ယန်ယဲ့ နှင့် ယွန်ချန်း

တို့နှစ်ယောက်စလုံး

တင်ပျဉ်ခွေထိုင်နေကြဆဲပါ။

အမှန်တော့

အတိတ်ကာလတစ်လျှောက်လုံး လင်းရှူ

နားလည်ထားသည့် စိတ်ဆန္ဒများကို

လေ့လာဆင်ခြင်နေသည်ဟုပြောရင်ပိုမှန်

ပါသည်။ သဘာဝအတိုင်း ယန်ယဲ့ နှင့်

ယွန်ချန်း အတွက်

အတော်လေးအကျိုးရှိခဲ့သည်။

အကြောင်းမှုကား

စစ်မှန်သောလမ်းကြောင်းအတိုင်း

လျှောက်လှမ်းရန်သို့မဟုတ်

လမ်းလွဲမသွားအောင် ဆင်ခြင်နိုင်လို့ပါ။

၎င်းသည် မျိုးနွယ်စုများနှင့်

ဂိုဏ်းအသီးသီး၏ တပည့်များက

လေလွင့်ကျင့်ကြံသူများ ထက်

နှစ်ဆမြန်အောင်ကျင့်ကြံနိုင်သည့်အ

ကြောင်းအရင်းပါ။ ကျင့်ကြံခြင်းလမ်းစဉ်
လျှောက်လှမ်းရာတွင် သဘာဝအတိုင်း
သတိပေးလမ်းညွှန်ချက်များ ရှိကြလို့ပါ။

ထိုအတိုင်းပါပဲ။ အချိန်များ တရွေ့ရွေ့
ကုန်ဆုံးသွား၏။ သိပ်မကြာလိုက်ပေ၊
အချိန် ၂ နာရီပင်ကုန်သွားလေပြီ။

ထိုအချိန်တွင် ယန်ယဲ့ နှင့် ယွန်ချန်း က

ပထမထပ်ရှိ ခန်းမထဲသို့

ပြန်ရောက်နေခဲ့သည်။

သို့သော် နှစ်ယောက်စလုံး

တင်ပျဉ်ခွေထိုင်လျက်ပါ။

မျက်လုံးမဖွင့်ကြသေးပေ။

လင်းရှု က သူတို့နှစ်ယောက်ကို

ကြည့်လိုက်ပြီး "သူတို့ကို

မနှောင့်ယှက်ပါနဲ့"

စကားပြောပြီးသည်နှင့်

အလင်းတိုင်လုံးထဲသို့ ဝင်သွားခဲ့သည် ။

၁၅ မိနစ်ခန့်အကြာတွင်တော့ ယန်ယဲ

သည် နေရာမှာပင် ပျောက်သွားသည်။

မူလစေတီ၏ တတိယမြောက်အထပ်

တွင်။

ယန်ယဲ့ သည် သူ့ထုံးစံအတိုင်း

မူလစေတီထဲမှာ ကျင့်ကြံရန်

ရည်ရွယ်ထားသည်။အမှန်တော့

မူလစေတီထဲမှ အချိန် ၁၀ ရက်က

အပြင်ကမ္ဘာရှိ အချိန် ၁

ရက်သာရှိလေသည်။ မှန်သည်၊ ယန်ယဲ့

သည် သတိလက်လွတ်တော့ မနေဝံ့ပေ။

ချုန်းချီက အချိန်မရွေးတိုက်ခိုက်ရန် အသင့်ပြင်ထား၏။ အပြင်ဖက်မှ အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်လာရုံဖြင့် ချက်ချင်းတိုက်ခိုက်ဖို့ပါ။

လက်ရှိတွင် ချုန်းချီ၏ ခွန်အားက မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူကို အချိန်အတိုင်းအတာတစ်ခုထိ တိုက်ခိုက်နိုင်လေပြီ။

ခမ်းနားထည်ဝါသောအဘိုးကြီးက
ယန်ယဲ့ ပျောက်ကွယ်သွားသဖြင့်
အံ့အားသင့်နေသော်လည်း
ဘာမှမလုပ်ခဲ့ပေ။ လူတိုင်း
ကိုယ်ပိုင်လျှို့ဝှက်ချက်များ ရှိကြလို့ပါ။

ထိုအတိုင်းပင် အချိန်များ
တဖြည်းဖြည်းကုန်ဆုံးလာခဲ့သည်။

သိပ်မကြာလိုက်ပါ၊ အပြင်လောကတွင်
အချိန် ၁ လ ကုန်သွားပါပြီ။

ထိုအချိန်တွင် ယွန်ချန်းက မျက်လုံးများ
ရုတ်တရက်ဖွင့်လာသည်။
သူမ၏မျက်လုံးထဲမှ အားရကျေနပ်သော
အရိပ်အယောင်များပင် ရှိခဲ့သည်။
သူမ၏ ကျင့်ကြံမှုအဆင့်က
တိုးမလာသော်လည်း
စိတ်ဝိညာဉ်အခြေအနေကတော့

သိသိသာသာ မြင့်တက်သွားလေပြီ။

ထိုကဲ့သို့တိုးတက်မှုဟာ

ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင်

တံခါးပိတ်ကျင့်ကြံသည်ထက်ပင်

သာလွန်ပါသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ယွန်ချန်၏

နံဘေး၌ ပြန်ပေါ်လာသည်။

ခဏအကြာတွင် သူ၏

မျက်လုံးများကိုဖွင့်လိုက်သည် ။

ယန်ယဲ့ ကို လှည့်ကြည့်လိုက်သောအခါ

ယွန်ချန်း က အတော် အံ့အားသင့်သွားပြီး

"ဘာ... ဘာဖြစ်သွားတာလဲ..."

May Be:

၂၁၂၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၈ - လင်းဝေယန်

ဤအခိုက်အတန့်တွင် ယန်ယဲ သည်

ယခင်နှင့် လုံးဝကို မတူတော့ပါ။

သူ့ခေါင်းပေါ်ရှိ

နဂိုအနက်ရောင်ဆံပင်များဟာ

အနည်းငယ်ပင်ဖြူဖွေးနေ၏။

သူ့ဆံပင်သာ

ပြောင်းလဲသွားသည်မဟုတ်ဘဲ

မျက်နှာကလည်း

အတော်လေးအိုမင်းရင့်ရော်နေပါပြီ။

ယခင်က အသက် ၂၀

ကျော်အရွယ်ဆိုရင်တော့ လက်ရှိတွင်

အသက် ၄၀ ကျော်အရွယ်ပါ။

တဖြည်းဖြည်းနှင့်

အိုမင်းရင့်ရော်သွားပုံပါ။

ဤအချိန်တွင် ယန်ယဲ့ သည်
အတော်လေး အိုမင်းလာပုံရသည်။

ဤအခိုက်အတန့်တွင် လင်းရှူ က ယန်ယဲ့
နှင့် ယွန်ချန်း ရှေ့၌ ရုတ်တရက်
ပေါ်လာခဲ့သည်။

လင်းရှူ က ယန်ယဲ့ကို ကြည့်ပြီး
"ဘယ်လိုဖြစ်တာလဲ"

ယန်ယဲ့ သည် စကားမပြောဘဲ သူ့လက်ကို

ငုံ့ကြည့်ကာ ဖြည်းညှင်းစွာပဲဆန့်ထုတ်ပြီး

ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။

ဝုန်း....

ခန်းမတစ်လျှောက်လုံးရှိ

အာကာသပြင်သည် ရုတ်ချည်းပင်

တုန်ခါလာသည်။

ထိုမြင်ကွင်းကြောင့် နံဘေးမှ ယွန်ချန်း

လည်း အံ့သြသွားခဲ့လေသည်။

ဤအခိုက်အတန့်တွင်

အာကာသပြင်သည် ပွက်ပွက်ဆူနေသော

ချော်ရည်ပူများကဲ့သို့ပင်။ သို့သော်လည်း

စွမ်းအင်အတက်အကျကို

နားမလည်နိုင်ပေ။

ထိုအချိန်တွင် လင်းရှူက

တိုးတိုးလေးပြောခဲ့သည်

“ဉာဏ်အလင်းပွင့် ဓားစိတ်ဆန္ဒ…

ဒြပ်စင်(၅)ပါးနဲ့မဟုတ်သလို

ကောင်းကင်နဲ့မြေကြီးလည်းမဟုတ်ဘူး။

လုံးဝကွဲပြားတာမရှိတဲ့ အရာခပ်သိမ်းလို

ပေါင်းစည်းနိုင်တယ်။

ဂုဏ်ယူပါတယ်…..”

လင်းရှူ၏ ချီးကျူးစကားသံကို

ကြားလိုက်သောအခါ ယွန်ချန်းက

အံ့သြသွားကာ

ပါးစပ်ဟောင်းလောင်းပင်ဖြစ်နေလေသ

ည်။

ဉာဏ်အလင်းပွင့် (Enlightened Rank)

ဓားစိတ်ဆန္ဒ ။

ယန်ယဲ့ သည် အချိန် ၁ လအတွင်းမှာပင်

ညဏ်အလင်းပွင့် ဓားစိတ်ဆန္ဒကို

နားလည်သွားလေပြီ။

အမှန်တော့ ယန်ယဲ့အတွက်ကား

အချိန်ခဏတာသာ မဟုတ်ခဲ့ပေ။

အပြင်ကမ္ဘာက အချိန် ၁

လသာရှိသေးသော်လည်း

မူလစေတီထဲမှာတော့ ရက်ပေါင်း ၃၀၀

(၁နှစ်နီးပါး)ပင် ရှိခဲ့လေသည်။

ဤအတောအတွင်း ယန်ယဲ့ သည်
နားလည်ဆင်ခြင်ခြင်း ဖြစ်စဉ်အပြင်
ရက်ပေါင်း ၃၀၀ လုံးလုံး
လေ့လာနေခဲ့သည်။ မည်မျှ
ပင်ပန်းဆင်းရဲခဲ့ရသည်ကို
သူကိုယ်တိုင်သာလျှင် နားလည်သည်။
ထိုအချိန်က လေ့ကျင့်နေရင်းဖြင့်
သူ၏စိတ်ဝိညာဉ်အခြေအနေပင်လျှင်
အပြင်းအထန်အားနည်းသွားရသည်။

ဤအတောအတွင်း သူ့အတွက်
အနာကျင်ဆုံးအခိုက်အတန့်ပင်။
အကြောင်းကတော့ သူသည်
တစ်စုံတစ်ခုပျောက်ဆုံးသွားသလို
ခံစားရလို့ပါ။ နောက်ဆုံးတွင်
မတတ်သာလို့ စွန့်လွှတ်လိုက်သရလို
ခံစားလိုက်ရသည်။ သူ့ခေါင်းထဲ၌
ကျောက်တုံးကျောက်ခဲများ
အပြည့်ထည့်ထားသလိုပင်။

ကံကောင်းထောက်မစွာ

ဤအတောအတွင်း ယန်ယဲ့ သည်

လက်မလျှော့ခဲ့ပေ။

အပြင်းအထန် အာရုံစူးစိုက်ကာ

နားလည်ဆင်ခြင်ခဲ့သည်။ နောက်ဆုံးတွင်

သူသည် ညဏ်အလင်းပွင့် ဓားစိတ်ဆန္ဒ

ကို နားလည်ခဲ့လေပြီ။ ထို့အပြင် သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါ

ညာဏ်အလင်းပွင့်အဆင့် သို့

ရောက်ရှိခဲ့သည်။

ညာဏ်အလင်းပွင့်အဆင့် နှင့်

မူလအဆင့်ကြားက အကြီးမားဆုံး

ခြားနားချက်မှာ ညာဏ်အလင်းပွင့်အဆင့်

သည် ကောင်းကင်နှင့် မြေကြီးကြား

မဟုတ်ပါ။ ဒြပ်စင် (၅)ပါးထဲမှာလည်း

ရှိမနေသလို ဖျက်ဆီး၍ပင်မရတော့ပေ။

အရာခပ်သိမ်းသို့

ပေါင်းစည်းသွားနိုင်ခြင်းကြောင့်ပင်။

ဉာဏ်အလင်းပွင့် ထဲ၌ "မူလအစ" လည်း

ပါဝင်ခဲ့သည်။

၎င်းတွင် ဓား၏အနှစ်သာရနှင့်

အရာခပ်သိမ်းတို့ပါဝင်၏။

တစ်နည်းအားဖြင့်

မူလအဆင့် မှ ဖန်တီးထားသည့်

အခြေခံအုတ်မြစ်ဟာ

တစ်ဆင့်မြင့်တက်သွားသလိုပင်။

မြူခိုးမြူငွေ့များ

ရေအဖြစ်ပြောင်းသွားသလို၊ ရေများ

ရေခဲအဖြစ်ပြောင်းသွားသလိုပါ။

ထို့ကြောင့် ညဏ်အလင်းပွင့်အဆင့်

ဟူသည်

မူလအဆင့်ကိုဖျက်ဆီးလိုက်ခြင်းမဟုတ်

ပါ၊ ထိုအစား မူလအဆင့်ပေါ်တွင်

တည်ဆောက်ထားသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများကို

ဂရုစိုက်နေစရာမလိုတော့ပေ။

ခြွင်းချက်မှာ သူသည်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများကို သတ်နိုင်သည်ဟုတော့

မဆိုလိုပါ။ သို့သော် ယခင်အတိုင်း

ဖိနှိပ်ခံရမည်မဟုတ်ဘဲ
လက်ရည်တူတိုက်ခိုက်နိုင်ပါပြီ။

ယန်ယဲ့ က သူ့အတွေးတွေကို
ထိန်းထားပြီး သူ့ရှေ့မှ လင်းရှူ ကို
စိုက်ကြည့်ရင်း "ကျေးဇူးတင်ပါတယ်"

၁၄ ယောက်မြောက်ဂိုဏ်းသခင်
လင်းရှူ၏

လမ်းညွှန်သင်ပြမှု နှင့်

အတွေ့အကြုံကြောင့်သာ မဟုတ်လျှင်

သူသည် ဉာဏ်အလင်းပွင့်

စားစိတ်ဆန္ဒကို အချိန်ခဏလေးဖြင့်

နားလည်သွားမည်မဟုတ်ပါ။

လင်းရှူ၏ ရည်ရွယ်ချက်က

မည်သို့မည်ပုံဖြစ်စေ သူ့အား

ကူညီပေးခဲ့သည်သာ။

"ဒါဟာ နင့်ရဲ့ ကံကြမ္မာပဲ" လင်းရှူ က

ဆက်ပြောလိုက်သည် သူမက “နင့်ရဲ့

စိတ်ဆန္ဒနှစ်ခုလုံး

အဆင့်တက်သွားပြီဆိုတော့ နင့်

ခွန်အားက သိသိသာသာ တိုးလာတာ

သေချာပါတယ်။ ဒါပေမယ်လို့

ဘယ်သူ့ကိုမှ လျှော့မတွက်မိဖို့

သတိရပါ။အထူးသဖြင့်တော့ တချို့သော

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူတွေကိုပေါ့"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

“ငါနားလည်ပါတယ်။

ဘယ်သူ့ကိုမှလျှော့တွက်မှာမဟုတ်ဘူး”

ပြိုင်ဖက်ကို လျှော့တွက်ခြင်းသည်

ကိုယ့်သေတွင်းကို တူးသည်နှင့်

အတူတူပင်။

လူအများအပြားက

ကိုယ့်ထက်သန်မာသူကြောင့်

သေဆုံးကြခြင်းမဟုတ်ပါ။ ထိုအစား

ပြိုင်ဖက်ကို လျှော့တွက်ခဲ့သောကြောင့်

အသတ်ခံရသည်ချည်းသာ။

ဤလောကတွင် မည်သူ့ကိုမှ

လျှော့မတွက်သင့်ပေ။

ဤအချိန်တွင် လင်းရှု က ရုတ်တရက် ပြောပါသည် "သစ်သားဓားကို ငါကြည့်ခွင့်ရှိမလား"

ယန်ယဲ့ က လင်းရှုကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ့လက်ဝါးကို လှန်လိုက်၏။ နှင်းပွင့်က သစ်သားဓား ကိုင်ထားလျက်ဖြင့် သူ့လက်ပေါ်တွင် ပေါ်လာသည်။

"ဝိညာဉ်အင်ပါယာ" လင်းရှူ၏

အကြည့်က နှင်းပွင့် ဆီသို့

ရောက်သွားသည် ။ နှင်းပွင့်က လင်းရှူကို

မော့ကြည့်ကာ ချစ်စဖွယ်အပြုံးလေးဖြင့်

တုံ့ပြန်လိုက်သည်။

လင်းရှူ က ပြုံးပြီး ယန်ယဲ့ ကို

စိုက်ကြည့်ရင်း ပြောလိုက်သည်

"ကံကောင်းလိုက်တာ။ ဒါပေမဲ့

တစ်ခုခုတော့ နားမလည်ဘူး။

ဒီကောင်ငယ်လေးက ဖြူစင်ပြီး

ကြင်နာတတ်တဲ့သူတွေကို

နှစ်သက်သင့်တယ်။ ဒါပေမဲ့ ငါ

ရိုးရိုးသားသားပြောရရင်

နင်ကဖြူစင်တယ်၊

ကြင်နာတတ်တာတော့ မဟုတ်ဘူး”

ယန်ယဲ့၏ မျက်နှာက

မည်းမှောင်သွားသည်။

ဒီလင်းရှူက

စကားကိုဘယ်လိုလှအောင်ပြောရမလဲမ

သိတာလား။

ထိုအတောအတွင်း နှင်းပွင့်က

သစ်သားဓားကို ရုတ်တရက်

လွှတ်လိုက်ပြီး ယန်ယွဲ့၏ လည်ပင်းကို

သိုင်းဖက်ထားသည်။ထို့နောက် သူမက

ယန်ယွဲ့၏ မေးစေ့ကို သဘောကျသည်ဟု

ပြောနေသလိုမျိုး ခေါင်းလေးဖြင့်
ညင်သာစွာ ပွတ်သပ်လိုက်သည်။

ယန်ယဲ့၏ နှလုံးသားက
နွေးထွေးသွားသည်။ သူသည် နှင်းပွင့်၏
ခေါင်းလေးကို ပွတ်သပ်ပြီး "ငါလည်း
မင်းကို ချစ်တယ်"

ထိုအချိန်တွင် လင်းရှုက ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ သစ်သားဓားက

သူမဆီသို့ ပျံတက်သွားသည်။ ခဏကြာ တိတ်ဆိတ်သွားပြီးနောက် ယန်ယွဲ့ နှင့် နှင်းပွင့် ကို လှည့်ကြည့်ကာ “ကလေး၊ ငါ့ကို အမှန်အတိုင်းပြောပါ။ ဒီဓားက နင့်နောက်ကို လိုက်နေတာလား ဒါမှမဟုတ် ဒီကောင်ငယ်လေးလား"

ယန်ယွဲ့၏မျက်နှာက တင်းမာသွားသော်လည်း ခဏလေးဖြင့် ပုံမှန်အတိုင်းပြန်ဖြစ်လာသည်။ သူက

လင်းရှူကို စိုက်ကြည့်ကာ "အကြီးအကဲ၊ ဘာလို့မေးတာလဲ"

လင်းရှူ က “ဒီဓားဟာ ဖြူစင်ပြီး ကြင်နာတတ်တယ်။ ဖြူစင်ပြီး ကြင်နာတတ်တဲ့ လူတွေ၊ သဘာဝတရားက ဖန်ဆင်းထားတဲ့အရာတွေကို နှစ်သက်တယ်။ နင့်ရဲ့အကောင်ငယ်လေးက အဲဒါနဲ့

လိုက်လျောညီထွေ ဖြစ်သွားတာပဲ။
ဒါပေမဲ့ နင်မလုပ်နိုင်လောက်ဘူး၊ ဒါ့ပြင်
ဒီသစ်သားဓား က နင့်ကို
တကယ်ငြင်းပယ်သင့်တယ်"

ယန်ယဲ့ က ဘာမှပြန်မပြောဘဲ
သူ့ဘယ်ဖက်လက်ကို
ဝှေ့ယမ်းလိုက်သည်။ သစ်သားဓားက
ချက်ချင်းဆိုသလို သူ့လက်ထဲသို့
ရောက်ရှိလာသည်။ ထို့နောက်

အနည်းငယ် ငေ့ါယမ်းလိုက်သည်။

သစ်သားဓား ကနေ ဓားအူသံ

ထွက်ပေါ်လာသည်။

ယန်ယဲ့ က လင်းရှူ ကို မော့ကြည့်ပြီး

"အကြီးအကဲ၊ ငါ့ကို ငြင်းပယ်တယ်လို့

မင်းထင်သေးလား"

အမှန်တော့

ထိုသောက်ကျိုးနည်းသစ်သားဓားက

သူ့ကို ငြင်းပယ်ခဲ့တာပါ။

သို့သော် ယခင်အဖြစ်အပျက်ကြောင့်

သစ်သားဓား က

ငြင်းပယ်ဝံ့ခြင်းမရှိတော့ပေ။

လင်းရှူ က ယန်ယွဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်ပြီးနောက် ပေါ့ပေါ့ပါးပါး

ခေါင်းညိတ်လိုက်သည်။ သူမက "ဒါက

အရေးမကြီးပါဘူး။

အရေးကြီးတဲ့အချက်က နင့်ရဲ့

ခွန်အားတွေ အမြန်တိုးတက်လာဖို့ပဲ။

နင်ငါ့ကိုပေးထားတဲ့ကတိကို

မှတ်မိမယ်လို့မျှော်လင့်ပါတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြသည် “ဒါပေါ့"

အမှန်ဆိုရလျှင် ဂိုဏ်းသခင်စုမူ ပြောခဲ့သလိုပါ။ သစ်သားဓားကို ပိုင်ဆိုင်ထားပြီးနောက်တွင် မမြင်နိုင်သောကံကြမ္မာင သူ့အပေါ်ကို ချည်နှောင်လာခဲ့သည်။

လင်းရှူ က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး "အထဲမှာ ငါ့လျှို့ဝှက်ဂိုဏ်းက တခြားဂိုဏ်းသခင်တွေရဲ့ အတွေ့အကြုံနဲ့

အစွမ်းထက်တဲ့ နည်းစနစ်တချို့ ရှိသေးတယ်။ နင်ဒါတွေကို စိတ်ဝင်စားသလား"

"ဒါပေါ့၊ ငါလေ့လာကြည့်ချင်တယ်" ယန်ယဲ့ က ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။သူသည် အရူးမဟုတ်ပါ။ ကြိုတောင့်ကြိုခဲ အခွင့်အရေးကို မည်သို့လက်လွှတ်ခံနိုင်မည်နည်း။

လင်းရှူ က

ရုတ်တရက်ပြန်ပြောလိုက်သည်

“လူတော်တော်များများကို

အာရုံစိုက်တာထက်

ကိုယ့်ကိုယ်ကိုအာရုံစိုက်တာက

ပိုကောင်းပါတယ်။ နင်ဖန်တီးထားတဲ့

ဓားနည်းစနစ်က

တကယ်ကိုအစွမ်းထက်ပါတယ်။ ဒါဟာ

နင်နဲ့လိုက်ဖက်ညီတယ်။ခေတ်အဆက်ဆ

က် ဂိုဏ်းသခင်တွေရဲ့ နည်းစနစ်တွေက
နင့်ထက်အဆင့်မြင့်နေရင်တောင်
အများစုက သင့်လျော်တာရှိသလို
မသင့်တာလည်းရှိတယ်"

သူမက ခဏရပ်ပြီး “တတိယအဆင့်ကို
တက်သွားပါ။ နင့်အတွက်
သင့်တော်တာတစ်ခုရှိတယ်"

စကားပြောပြီးသည်နှင့်
အလင်းတိုင်လုံးထဲကို ပြန်ဝင်သွားရန်
ပြင်လိုက်သည်။

ယန်ယွဲ့ က ရုတ်တရက်မေးလိုက်သည်
"ဂိုဏ်းသခင်လင်း၊ မင်းအသက်ရှင်
သေးလားဆိုတာ ငါသိနိုင်မလား"

လင်းရှူ က ယန်ယွဲ့ ကို လှည့်ကြည့်ရင်း
ပြန်ဖြေသည် "ငါသေတာကြာပြီ။ ဒါက

ငါချန်ထားခဲ့တဲ့ ဝိညာဉ်ကြိုးမျှင်ပဲ။

ငါ့အမွေအနှစ်ကို

နောင်လာနောက်သားတွေဆီ

လက်ဆင့်ကမ်းဖို့ပေါ့။ ဒါဟာ အပြင်ကို

ငါထွက်လာတဲ့ နောက်ဆုံးအကြိမ်လို့

မျှော်လင့်ပါတယ်”

ယန်ယဲ့က ထပ်မေးလိုက်ပါသည်

"ဘာဖြစ်လို့လဲ"

လင်းရှူ က ခဏလောက် ငြိမ်ပြီး

“ကိုယ်ထင်ထပ်ပြလာရင် အဲဒါကို

ကိုယ်စားပြုတယ်...” ဟူ၍ ပြန်ဖြေသည်။

ထို့နောက် ခေါင်းကို ခါယမ်းကာ

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ယန်ယွဲ့ သည် အလင်းတိုင်လုံးကို

ငုံ့ကြည့်လိုက်သည်။ လင်းရှူ၏

လေသံအရ လျှို့ဝှက်ဂိုဏ်းတွင်

ကြီးကြီးမားမားတစ်ခုခုဖြစ်လာတော့မည်ကို ရိပ်မိခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယွန်ချန်းက ရုတ်တရက်မေးလာခဲ့သည် "အကြီးအကဲယန်၊ နင်က ညဏ်အလင်းပွင့် ဓားစိတ်ဆန္ဒကို ဘယ်လိုရခဲ့တာလဲ"

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း ပြန်ပြောလိုက်သည် “မိန်းကလေးယွန်၊ ငါ့ရဲ့ သဘာဝ အရည်အချင်းက သိပ်မကြီးမားဘူး။ မင်းလုပ်ခဲ့တာထက် ငါအချိန်ပိုကုန်တယ်။အဲဒါကို ကောင်းကောင်းနားလည်သွားမှ မင်းလည်း အောင်မြင်မှာပါ”

ထိုစကားပြောပြီးသည်နှင့် တတိယအဆင့်ကို ဆက်တက်သွားသည်။

သူ၏ သဘာဝစွမ်းရည်က ယွန်ချန်း ထက် ပိုကောင်းသလား။

မဟုတ်ပေ။

သူ၏ပင်ကိုယ် အရည်အချင်းက အနိမ့်ဆုံးပါ။ အကြောင်းကတော့ လင်းရှူ၏ သင်ပြမှုအားလုံးကို နားလည်သဘောပေါက်ရန်အတွက်

ယွန်ချန်း ထက် အချိန် ၁၀ ဆ

ပိုယူရလို့ပါ။ သို့သော်လည်း

သူ၏စိတ်ဝိညာဉ်အခြေအနေကတော့

ယွန်ချန်းထက် လုံးဝသာလွန်ပါသည်။

သို့တည်းမဟုတ်

ကျင့်ကြံသူအများစုထက်

သာလွန်သည်ဟု ဆိုရပေမည်။

အဓိကကတော့

အလျှော့မပေးတတ်သောဇွဲလို့လ ပင် ။

သူသည် အရာရာတိုင်းကို
ဘယ်သောအခါမှ လက်မလျှော့ခဲ့ပေ။

ထိုအချက်က ဤအဆင့်ထိ
သူရောက်လာနိုင်သော
အဓိကအကြောင်းအရင်းတစ်ခုပါ။

ယွန်ချန်းက ခေါင်းကို အနည်းငယ်ငုံ့ကာ
ငြိမ်နေလိုက်သည်။ ခဏအကြာတွင်

နောက်ပြန်လှည့်ပြီး ခန်းမထဲက ထွက်သွားခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့ သည် ခမ်းနားထည်ဝါသောအဘိုးကြီး၏ ဦးဆောင်မှုဖြင့် အဆင့် (၃) ထပ်သို့ ရောက်လာခဲ့သည်။

အဘိုးကြီးက ရုတ်တရက်ရပ်လိုက်ပြီး "အကြီးအကဲယန်၊ ဒါက

ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ တားမြစ်နယ်မြေပါ။
ပြီးတော့ ငါတို့ဂိုဏ်းရဲ့ ဘိုးဘေးတွေ
အိပ်စက်ရာနေရာပါ။ ဒါကြောင့် မင်းရဲ့
လုပ်ရပ်တွေကို ဒီမှာအထူးသတိထားပါ"

ယန်ယဲ့က ၁၄
ယောက်မြောက်ဂိုဏ်းသခင်လင်းရှူ အား
စားဖြင့်ထိုးချိန်လိုက်သည့်မြင်ကွင်းကို
သူ့မျက်စိထဲ မထွက်သေးပါ။

ယန်ယဲ့က ရှက်ရွံ့စွာ ပြုံးလိုက်ပြီး "ငါသတိထားပါ့မယ်"

အဘိုးကြီးက ယန်ယဲ့ကို ငုံ့ကြည့်ပြီး ခေါင်းညိတ်ပြသည် “ကျေးဇူးပြုပြီး ဝင်သွားပါ”

ယန်ယဲ့က "မင်းမလိုက်လာဘူးလား"

အဘိုးကြကြ ခေါင်းခါပြီး

“ငါမလုပ်နိုင်ဘူး”

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

အဘိုးကြွေးက တံခါးကို စိုက်ကြည့်ရင်း

“အဲဒီ့လူက သူ့ကို ဘယ်သူမှ

မနှောင့်ယှက်ရဘူးလို့ ပြောထားတယ်"

ယန်ယဲ့က

အနည်းငယ်မျက်မှောင်ကြုတ်ကာ "ဒါဆို ငါဘာလို့ ဝင်ရမှာလဲ"

အဘိုးကြီးက အကူအညီမဲ့စွာ ရယ်မောလိုက်သည် "ဂိုဏ်းသခင်လင်းက မင်းကို ဝင်သွားခိုင်းလို့။ သူ့အမိန့်ကို မနာခံဘဲမနေရဲဘူး"

ယန်ယဲ့ က ဘာပြောရမှန်းမသိတော့ပေ။

အဘိုးကြီးက ထပ်ပြောပါသည်

"အကြီးအကဲယန်၊ အထဲကိုဝင်သွားပါ”

ယန်ယဲ့ က အဘိုးကြီးကို သံသယဖြင့်

တစ်ချက်ကြည့်လိုက်ပြီး "အထဲမှာ

လုံခြုံရဲ့လား"

အဘိုးကြီး ခဏမျှတုံ့ဆိုင်းသွားပြီး

"ငါထင်တယ်"

ယန်ယဲ့က "မင်းသေချာနိုင်ပါ့မလား"

အဘိုးကြီးက ခေါင်းခါလိုက်ပြီး ပြန်ပြောသည် “အဲဒီလူရဲ့ ဒေါသက နည်းနည်းတော့ ထူးဆန်းတယ်”

ယန်ယဲ့သည် ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။ သို့သော်

နောက်ထပ် စကား မပြောတော့ဘဲ
တံခါးကိုတွန်းဖွင့်ကာ ဝင်လိုက်သည် ။

ယန်ယဲ့ ဝင်သွားသည်ကို ကြည့်နေရင်း
အဘိုးကြီးက အသက်ပြင်းပြင်းရှူကာ
“အကြီးအကဲယန်၊ မင်းအတွက်
ဆုတောင်းပေးပါ့မယ်”

...

ယန်ယွဲ့ သည် တံခါးကို
တွန်းဖွင့်ကာဝင်လိုက်သည်နှင့် အထဲ၌
အလင်းတိုင်လုံးတစ်ခုသာရှိနေသည်ကို
သတိပြုမိခဲ့သည်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင်
သူ့အကြည့်က အလင်းတိုင်လုံးပေါ်ကို
ဆင်းလာပြီး “အဟမ်း၊ ဒီမှာ

တစ်ယောက်ယောက်ရှိသလား” ဟု
တိုးတိုးလေး ပြောလိုက်သည်။

ဘယ်သူမှ အကြောင်းမပြန်ခဲ့ပါ။

ယန်ယွဲ့က အလင်းတိုင်လုံး ဆီသို့
လျှောက်သွားကာ အောက်ခြေကို
စူးစိုက်ကြည့်လိုက်သည်။ ထိုနေရာတွင်
"လင်းဝေယန်"ဟူ၍ နာမည်တစ်လုံး
ရေးထိုးထားသည်။

လင်းဝေယန် လား။

ယန်ယွဲ့သည် အလင်းတိုင်လုံးကို လှည့်ပတ်ကြည့်နေသည်။ ထိုအချိန်တွင် လက်တစ်ဖက်က သူ့လည်ပင်းရိုတ်တရက် ဖမ်းဆုပ်ထားသည်။

ထိုခဏလေးမှာပဲ လက်က ယန်ယွဲ့ ကို ဆွဲမြောက်လိုက်သည် ။

တစ်ချိန်တည်းမှာပင် “မင်းကို ဘယ်သူက ဝင်ခွင့်ပြုလိုက်တာလဲ”

အစ်....

လည်ပင်းအစ်သံ ထွက်လာ၏။

May Be:

၂၀၂၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၂၉ - မဟာပေါ်တယ်နည်းစနစ်

လည်ပင်းအစ်သံ က ယန်ယဲ့ဆီကနေ

ထွက်ပေါ်လာတာပါ။

ယန်ယဲ့၏ အမူအရာသည်

သိသိသာသာပြောင်းသွားသည်။

တစ်ချိန်တည်းမှာပင် သူ့ထံမှ

ကြောက်မက်ဖွယ်ရာ စိတ်ဆန္ဒနှစ်ခု ပေါက်ကွဲထွက်လာသည်။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည် သူ့လည်ချောင်းအပေါ်မှ ဖိအားများ ပျောက်ကွယ်သွားသည်ကို ခံစားလိုက်ရသည်။

"ညဏ်အလင်းပွင့် ဓားစိတ်ဆန္ဒ နဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ " ယန်ယဲ့

၏နောက်မှ အသံတစ်သံ ထွက်လာသည်

"တော်တော် စိတ်ဝင်စားဖို့ကောင်းတယ်"

ယန်ယဲ့ သည်

ချက်ချင်းလှည့်ကြည့်လိုက်ရာ

ပိတ်ချောဝတ်ရုံအမျိုးသမီးတစ်ဦး

လွင့်မျောနေတာကို မြင်လိုက်ရသည်။

အမျိုးသမီးက အသက် ၂၀

ကျော်သာရှိသေးပုံရသည်။

သူမ၏ခေါင်းပေါ်ရှိ ဆံပင်ရှည်များဟာ

အခြားအမျိုးသမီးများနှင့်မတူပေ။

ဆံပင်ရှည်များကို

သေးငယ်သောရွှေကြိုးလေးများဖြင့်

စည်းနှောင်ထား၏။

သူမ၏ရုပ်ရည်က

အလွန်လှပသော်လည်း

ထူးထူးခြားခြား

နှုတ်ခမ်းမွေးများပေါက်နေသဖြင့်

အနည်းငယ်အရိုင်းဆန်နေပါသည်။

နောက်ထပ်

အမျိုးသမီးတစ်ယောက်လား။

ယန်ယွဲ့ သည် ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

ဒီလျှို့ဝှက်ဂိုဏ်းမှာ ဘာကြောင့်
အမျိုးသမီးဂိုဏ်းသခင်တွေ
အများကြီးရှိနေတာလဲ။

ယန်ယဲ့ သည် ထိုအမျိုးသမီးကို
တစ်ချက်စိုက်ကြည့်ပြီးနောက်
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။
ထိုခဏလေးမှာပဲ ယန်ယဲ့ သည်
အမျိုးသမီးရှေ့တွင် ပြန်ပေါ်လာသည်။
တစ်ဆက်တည်း သူ၏ဓားက

အမျိုးသမီး၏ဖနောင့်ဖူးတည့်တည့်ကိုထိုးသွင်းလိုက်သည်။

ယန်ယဲ့က သူ့ကိုယ်သူ မထိန်းထားဘဲ အရှိန်ကို အကန့်အသတ်ထိ မြှင့်တင်ထား၏။

ထိုတိုက်ခိုက်မှုက မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူကိုပင် သတ်ပစ်နိုင်ပါသည်။

ထို့အပြင် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများပင်လျှင် ခုခံနိုင်မှာ

မဟုတ်ပေ။

သို့သော်လည်း ဓားက

အမျိုးသမီး၏နဖူးမှ

လက်မဝက်ခန့်အကွာ ရောက်သည်နှင့် ၁

တလက်မမျှပင် မရွေ့နိုင်ပေ။

ဖြူဖွေးသွယ်လျသောလက်နှစ်ချောင်းက

စားကို ဖမ်းချုပ်ထားသောကြောင့်ပင်။

ထိုမြင်ကွင်းအား မြင်လိုက်သောအခါ

ယန်ယဲ့၏မျက်နှာသည် ချက်ချင်းပင်

တင်းမာသွားခဲ့သည်။

ထိုအချိန်တွင် အမျိုးသမီး၏

ပါးစပ်ထောင့်မှ ချစ်စရာကောင်းသော

အပြုံးတစ်ခုပေါ်လာသည် “မဆိုးပါဘူး။

လာ၊ ဆက်ကစားရအောင်”

စကားပြောပြီးသည်နှင့်

ယန်ယဲ့ကိုလက်ညှိုးထိုးလိုက်သည်။

အုန်း...

ယန်ယဲ့ သည် မီတာ ၃၀ အကွာသို့

လွင့်ထွက်သွားသည် ။

ယန်ယွဲ့ သည် သူ့ကိုယ်သူ

ရုပ်တန့်ပြီးနောက် သူ့လက်ထဲမှဓားက

တဆတ်ဆတ်တုန်ခါနေကြောင်း

သတိထားမိလိုက်သည်။ မဟုတ်ပေ၊

သူ၏လက်တစ်ဖက်လုံးလည်းတုန်ရီနေ

သည်။

ထိုအချိန်တွင် လင်းဝေယန် ဟုခေါ်သော အမျိုးသမီးက လက်ညိုးကိုဆန့်ကာ ယန်ယဲ့ အား ကွေးပြပြီး “ဆက်လုပ်ပါ”

ယန်ယဲ့က အောက်ကို အနည်းငယ်ငုံ့ကြည့်ကာ ခဏမျှ ငြိမ်သက်သွားသည်။ ထို့နောက်တွင်တော့ နေရာမှာတင် ပျောက်သွားသည်။ ထိုခဏလေးမှာပဲ သူသည် လင်းဝေယန် ရှေ့တွင် ပြန်ပေါ်လာ၏။ တစ်ဆက်တည်း

သစ်သားဓား က လင်းဝေယန်၏

လည်ပင်းဆီသို့

တည့်တည့်ပိုင်းချလာသည်။ သို့သော်

လင်းဝေယန် က မလှုပ်ဘဲ နေရာတွင်သာ

ရပ်နေခဲ့သည်။ ထိုအချိန်တွင်

သစ်သားဓား က

သူမ၏လည်ကုပ်ကိုပိုင်းဖြတ်သွားသည်။

သို့သော် လင်းဝေယန်၏

ပုံရိပ်ယောင်တစ်ခုသာ။

တစ်ချိန်တည်းမှာပဲ လက်တစ်ဖက်က ယန်ယဲ့၏ ပခုံးပေါ်ကို ရုတ်တရက် ဖိချလိုက်သည်။

ယန်ယဲ့၏ခန္ဓာကိုယ်က ချက်ချင်းပင် တောင့်တင်းသွားသည်။ ထိုအချိန်တွင် လင်းဝေယန် က သူ့ရှေ့သို့ ရောက်လာခဲ့သည်။

သူမက ယန်ယဲ၏ပခုံးပေါ် အသာပုတ်ပြီး "မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊ နင်က အရမ်းနွေးနေသေးတယ်။ ဒါကိုကြည့်လိုက်"

စကားပြောပြီးသည်နှင့် ယန်ယဲ့၏လက်ထဲမှ ဓားက လင်းဝေယန်၏လက်ထဲကိုရောက်သွားသည်။ ထိုအချိန်တွင် လင်းဝေယန်က မီတာ ၃၀ အကွာမှ ပေါ်လာသည်။

လင်းဝေယန် က ယန်ယွဲ့ ကို
စိုက်ကြည့်ရင်း ပြုံးပြီး "ကဲ၊
အခုဘယ်လိုလဲ"

စကားပြောပြီးသည်နှင့် ဓားက
ယန်ယဲ၏နဖူးရှေ့သို့
ချက်ချင်းရောက်လာသည်။

အလင်း၏အမြန်နှုန်းထက်ပင်မြန်ဆန်နေသလိုပါ။

အလွန်ကြောက်စရာကောင်းလှသည်။

ယန်ယဲ့ သည် မတုံ့ပြန်နိုင်ခဲ့ပေ။

သူသည် နေရာတွင်ပင်

တောင့်တင်းနေခဲ့သည်။

ထိုအချိန်တွင် လင်းဝေယန် က

မျက်တောင်ခတ်လိုက်ပြီး

"အရမ်းမြန်နေသလား။

ရှင်းရှင်းလင်းလင်းမမြင်နိုင်ခဲ့ဘူးလား။

ဒါဆိုရင်

အရှိန်လျှော့လိုက်မယ်"ထိုစကားပြောပြီး

သည်နှင့် မီတာ ၃၀ အကွာမှ ပေါ်လာပြီး

"လာ၊ သေချာကြည့်လိုက်"

ထို့နောက် နေရာတွင်ပင်

ပျောက်ကွယ်သွားပြန်သည်။

လင်းဝေယန် ပျောက်ကွယ်သွားသည်နှင့်

ယန်ယဲ့ထံမှ စိတ်ဆန္ဒ ၂ ခု ရုတ်ချည်း

ထွက်လာသည်။ သို့သော်လည်း

လင်းဝေယန်၏ ဓားက သူ့နဖူးရှေ့သို့

ရောက်ရှိလာဆဲပင်။

လင်းဝေယန် က မျက်တောင်ခတ်ပြီး
“မြန်တယ် ဟုတ်လား” ဟုထပ်
မေးလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်
"အရမ်းမြန်တယ်" အမှန်ပင်
ကြောက်စရာအတိပါ။သူသည်
လင်းဝေယန်ကို ဘာမှမတတ်နိုင်ခဲ့ပေ။

လင်းဝေယန် က ပြုံးလိုက်ပြီး

"နင်သိလား..

ဒီလှုပ်ရှားမှုကို ငါကိုယ်တိုင်

ဖန်တီးခဲ့တာ။မဟာပေါ်တယ်နည်းစနစ်

လို့ခေါ်တယ်။ တည်နေရာခုန်ကူး

နိုင်တယ်။ အာကာသပြင်ထဲကနေ

ရွေ့လျားတာမဟုတ်ဘူး။ ဒါဟာ

နင်ရှိနေတဲ့နေရာကနေ

သွားချင်တဲ့နေရာကို ခုန်ကူးလိုက်တာပဲ။ အံ့သြစရာပဲ၊ ဟုတ်တယ်မဟုတ်လား"

"မဟာပေါ်တယ်နည်းစနစ်" ယန်ယွဲ့က လင်းဝေယန် ကိုကြည့်ကာ ခေါင်းညိတ်လိုက်ပြီး "ဒါဟာ လုံးဝကို အံ့သြစရာပဲ"

လင်းဝေယန် က ယန်ယွဲ့၏ဓားကို ပြန်ပေးလိုက်ရင်း ပြောပါသည်

"ကံမကောင်းစွာပဲ၊ အဲဒါက
ဒီလောက်မပြည့်စုံပါဘူး။
ဒီလိုမှမဟုတ်ရင် တစ်ခါသုံးလိုက်တာနဲ့
ငါ့ကို ကမ္ဘာတစ်ဒါဇင်နဲ့ချီပြီး
ဖြတ်သွားနိုင်လိမ့်မယ်"

ယန်ယဲ့ သည် အံ့အားသင့်သွားကာ
ချက်ချင်း စကားပြန်မပြောနိုင်ပေ။

"ဘယ်လိုလုပ်ရမလဲ.." လင်းဝေယန်က သူမ၏နဖူးကို လက်ညှိုးဖြင့် ဖိကာ တွေးနေပုံရသည်။

ထိုအချိန်တွင် ယန်ယဲ့က မေးလိုက်သည် “အခုကော ဘယ်လိုလဲ။ အခု ဘယ်လောက်ဝေးဝေး ခုန်ကူးနိုင်လဲ"

လင်းဝေယန် က ယန်ယဲ့ ကို စိုက်ကြည့်ပြီး "နင်က ဘယ်သူလဲ" ဟု မေးခဲ့သည်။

ယန်ယဲ့ က အံ့သြသွားပြန်သည်။

လင်းဝေယန်၏ မျက်နှာသည်

အေးခဲသွားကာ "ငါ့ကို ဘယ်သူမှ

နှောင့်ယှက်ဖို့ ခွင့်မပြုဘူးလို့

ငါပြောထားတာ မဟုတ်ဘူးလား"

စကားပြောပြီးသည်နှင့်

သူမ၏အမူအရာက

ရက်စက်ကြမ်းကြုတ်လာသည်။

ယန်ယဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။

"ဒီမိန်းမက ပုံမှန်မဟုတ်ဘူးလား"

ယန်ယဲ့က သူ့အတွေးကို ထိန်းထားပြီး

အလျင်အမြန်ပြန်ပြောလိုက်သည်

“အကြီးအကဲလင်းရှု က ငါ့ကို ဒီကိုလာဖို့

ပြောခဲ့တယ်။ မှန်ပါတယ်၊ အဲ့ဒါ သူမပဲ”

"လင်းရှု လား..." လင်းဝေယန် က

အနည်းငယ်

မျက်မှောင်ကြုတ်သွားသည်။

အချိန်တော်တော်ကြာအောင်

တွေးတောနေပြီးမှ ယန်ယဲ့ကို ကြည့်ကာ

“လင်ရှုဆိုတာ ဘယ်သူလဲ”

ယန်ယဲ့ သည် စကားမပြောနိုင်အောင်

ခံစားလိုက်ရသည်။

ထိုအချိန်တွင် လင်းဝေယန် က

ထပ်ပြောပါသည် “လင်းရှု… လင်းရှု….

အိုး.. အခုမှ မှတ်မိတယ်။ သူက

ငါ့တပည့်ပဲ”

သူ့တပည့်လား။

ယန်ယဲ့၏မျက်လုံးများက

ပြူးကျယ်သွားသည်။

"၁၄ ယောက်မြောက်ဂိုဏ်းသခင်

လင်းရှူက တကယ်ပဲ ဒီအမျိုးသမီးရဲ့

တပည့်လား။

လင်းရှူက မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူလေ။ ဒါ့အပြင် သူမရဲ့ စိတ်ဆန္ဒက ဉာဏ်အလင်းပွင့်နေပြီ။ ဒါပေမဲ့ သူမက ဒီလင်းဝေယန် ရဲ့ တပည့်ဖြစ်နေတာလား"

"ဒီအမျိုးသမီးက ဘယ်သူလဲ"

ထိုအတောအတွင်း လင်းဝေယန် က ယန်ယွဲ့ကို စိုက်ကြည့်ကာ "ဘာလို့ ဒီကိုလာဖို့ ပြောတာလဲ"

ယန်ယွဲ့က ခဏမျှစဉ်းစားပြီး "သူမကိုတွေ့တဲ့အခါ ငါ့ရဲ့အရှိန်က အရမ်းမြန်တယ်လို့ ခံစားမိပေမယ့် တခြားတစ်ယောက် ရှိနေတယ်လို့ ပြောခဲ့တယ်။ ပြီးတော့ မယုံရင်

သွားကြည့်လို့ ပြောတယ်။ မင်းရဲ့အရှိန်ကို
ငါမြင်ပြီးတော့...."

လင်းဝေယန်၏ မျက်လုံးများက အရောင်
တောက်ပလာသည် "ဒါဆိုရင်...."

ယန်ယဲ့က လင်းဝေယန် ကို
တစ်ချက်ကြည့်လိုက်ပြီး ရုတ်တရက်
ဦးညွှတ်ကာ "မင်းရဲ့အရှိန်ကို
ငါမြင်ပြီးတာနဲ့ ငါ့ရဲ့အရှိန်က

ဘယ်လောက်ဆိုးလဲဆိုတာ

ငါသတိထားမိတယ်။ မင်းရဲ့အမြန်နှုန်းနဲ့

နှိုင်းစာရင် ငါ့အမြန်နှုန်းက

လရောင်ရှေ့မှာ

ပိုးစုန်းကြူးတစ်ကောင်လိုပါပဲ။

လုံးဝမယှဉ်နိုင်ပါဘူးအကြီးအကဲ၊

ငါမင်းရဲ့တပည့်ဖြစ်လိုပါတယ်။ ပြီးတော့

မဟာပေါ်တယ်နည်းစနစ် ကို သင်ယူဖို့

ဆန္ဒရှိတယ်”

လင်းဝေယန်၏ မျက်နှာပေါ်ရှိ
အပြုံးသည် ပို၍ပင် တောက်ပလာသည်။
သူမက ယန်ယဲ့၏ ပခုံးကို
အသာအယာပုတ်လိုက်ပြီး "ကလေး၊
နင့်ရဲ့အရှိန်က မဆိုးပါဘူး။အထူးသဖြင့်
နင့်အသက်အရွယ်မှာပေါ့။ ဒါပေမဲ့
ငါနင့်ကို မသင်ပေးနိုင်ဘူး”

ယန်ယဲ့က အံ့သြသွားပြီး
“ဘာလို့လဲ။အကြီးအကဲ၊ ငါမင်းရဲ့

နည်းစနစ်ကို တကယ်လေ့လာချင်တာပါ။ ငါအရှက်မခွဲဘူး"

လင်းဝေယန် က ခေါင်းခါလိုက်ပြီး "နင် မလေ့လာနိုင်သေးဘူး"

ယန်ယဲ့ က အံ့ဩသွားပါသည် "ဘာလို့လဲ"

လင်းဝေယန် က ဆက်ပြောသည်

"မဟာပေါ်တယ်နည်းစနစ် က

အာကာသကို တိုက်ရိုက်ခုန်ကူးတယ်။

ဒါပေမဲ့ အဆင့်မြင့်မားတဲ့ သမ္မပတ္တိတွေ

မလုဘူး။ နင့်ရဲ့ခန္ဓာကိုယ်က

လုံလောက်အောင်သန်မာနေရမယ်။

ဘာကြောင့်လဲဆိုတော့ နင်က

တည်နေရာခုန်ကူးနေတဲ့အချိန်မှာ

နင့်ရဲ့အမြန်နှုန်းက

အကန့်အသတ်ထိမြန်ဆန်နေမှာမို့လို့ပဲ။

ဒါဟာ နင့်ခန္ဓာကိုယ်ကို ဖြိုခွဲပစ်နိုင်တယ်။

ဒါကြောင့် နင့်ခန္ဓာကိုယ်က

မသန်မာဘူးဆိုရင် တစ်ခါတည်း

မင်းအပိုင်းပိုင်းကွဲသွားလိမ့်မယ်”

ထိုစကားကြားသောအခါ ယန်ယဲ့ က

ပြုံးလိုက်သည်။

လင်းဝေယန် က "နင်ဘာရယ်တာလဲ"

နယ်ယဲ့က ပြုံးရုံသာ ပြုံးလိုက်ပြီး ညာလက်ကို ပေါ့ပေါ့တန်တန် ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ သူ့ပတ်ဝန်းကျင်ရှိ အာကာသပြင်ဟာ ချက်ချင်းပြောင်းသွားပြီး နေရာမှာတင် ပျောက်သွားသည်။

လင်းဝေယန်၏ မျက်လုံးထဲမှ အံ့အားသင့်သွားသော

အရိပ်အယောင်များ ပေါ်လာခဲ့သည်

"အာကာသနိယာမ... "

ထိုအချိန်တွင် ယန်ယွဲ့ သည် လင်းဝေယန် ရှေ့မှာ ပြန်ပေါ်လာပြီး “အခု ငါက လိုအပ်ချက်တွေနဲ့ ကိုက်ညီရဲ့လား" ဟု ပြောလိုက်သည်။

လင်းဝေယန် က လက်ကို ဆန့်ပြီး ယန်ယွဲ့၏ပခုံးပေါ် တင်လိုက်သည်။

ထို့နောက် “နင့်ရဲ့ ခန္ဓာကိုယ်

ခွန်အားကလည်း လက်ခံနိုင်စရာပါပဲ....”

သူ၏ တိုးတိုးလေး ပြောလိုက်ပါသည်။

သူမက ခဏရပ်ပြီး “တကယ်

သင်ယူချင်တာလား” ဟုထပ်မေးသည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး

"ငါသင်ယူချင်ပါတယ်"

လင်းဝေယန် က ခဏမျှစဉ်းစားပြီး ခေါင်းညိတ်ပြီး "ကောင်းပြီ။ ငါသင်ပေးမယ်"

ယန်ယဲ့ သည် အတော်လေးဝမ်းသာသွားသည်။ သူက ကမန်းကတန်း ဦးညွှတ်ကာ "ကျေးဇူးတင်ပါတယ်"

လင်းဝေယန်က ဘာမှပြန်မပြောဘဲ
ညာဖက်လက်ညိုးဖြင့် ယန်ယွဲ့၏နဖူးကို
ပုတ်လိုက်သည် ။ သိပ်မကြာလိုက်ပေ၊
ယန်ယွဲ့၏ စိတ်ဝိညာဉ်ထဲသို့
အချက်အလက်များ
စီးဝင်လာပါတော့သည်။

မဟာပေါ်တယ်နည်းစနစ် ။

တစ်စုံတစ်ယောက်ဟာ နည်းစနစ်ကို
ထုတ်ဖော်လိုက်သည်နှင့် ချက်ချင်းပင်
တည်နေရာခုန်ကူးသွားနိုင်သည်။
ထို့အပြင် မဟာပေါ်တယ်နည်းစနစ်က
နတ်ဘုရားအင်ပါယာအဆင့်နည်းစနစ်တ
စ်ခုပါ။ နည်းစနစ်ကို အဆင့် ၃ ဆင့်
ခွဲထား၏။ တတိယအဆင့်ထိ
ကျင့်ကြံနိုင်လျှင်
ခြေတစ်ချက်ဆောင့်ရုံဖြင့်

ကြယ်ဒေသပေါင်းဒါဇင်ချီကို
ဖြတ်ကျော်သွားနိုင်ပါသည်။

အဆင့် ၃ ထိလေ့ကျင့်ဖို့က
အတော်လေးကို ခက်ခဲပါသည်။

အနည်းဆုံးတော့ လက်ရှိ
သူတတ်နိုင်သောအရာမဟုတ်ပေ။

ထို့နောက်တွင်တော့ ယန်ယဲ့ သည်
အရှူးတစ်ယောက်အလား
ကျင့်ကြံပါတော့သည်။

အကယ်၍ သူအောင်မြင်သွားသည်နှင့်
မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူများကို
လုံးဝကြောက်ရွံ့နေစရာမလိုတော့ပေ။
ထိပ်တိုက်ရင်ဆိုင်နိုင်၏။

ထို့အပြင်

တိုက်ပွဲရှုံးနိမ့်သွားရင်တောင်နည်းစနစ်ကို

အသက်သွင်းကာ ထွက်ပြေးနိုင်ပါသည်။

သူသည် လျှို့ဝှက်ဂိုဏ်းထဲတွင်

ထာဝရမနေနိုင်ပါ။ သူ

ထွက်သွားချင်သော်လည်း ယင်ကာလန်

နှင့် မဟာမိတ်အဖွဲ့က

လွတ်မြောက်ခွင့်မပေးမည်မဟုတ်ပေ။

သူ့တွင် ခွန်အားအလုံအလောက်မရှိပါက

နောက်တစ်ကြိမ် အမဲလိုက်ခံရပေမည်။

ဒီနည်းစနစ်အောင်မြင်အောင်

လေ့ကျင့်ရမယ်။

ယန်ယဲ့ သည် ဆုံးဖြတ်ပြီးသည်နှင့်

အရူးတစ်ယောက်လို လေ့ကျင့်နေခဲ့သည်.

ဤအခိုင်အတန့်တွင် အဆင့် ၃ ထပ်ရှိ

လှျို့ဝှက်ခန်းတစ်ခုထဲ၌ လူ ၃ ဦးရှိနေခဲ့သည်။ ထိုလူများက လင်းရှူ၊ စုမူ နှင့် လင်းဝေယန် တို့ပါ။

လင်းဝေယန် က ရှေ့ကနေ မတ်တပ်ရပ်နေသည်။ စုမူ နှင့် လင်းရှူ က သူမ၏နောက်တွင် ရပ်နေပါသည်။

စုမူက “ဆရာ၊ သူက ထူးထူးခြားခြား

ပါရမီရှင်ပါ… ဒါဆို အားလုံး

အဆင်ပြေသွားမှာလား”

လင်းဝေယန် က

မျက်လုံးများကိုမှိတ်ထားကာ

ပြန်ပြောပါသည် "သူ ဘယ်လောက်ပဲ

ထူးထူးခြားခြား အရေးမကြီးပါဘူး၊

သူက အဲဒီလူနဲ့ ယှဉ်နိုင်မှာ မဟုတ်ဘူး"

စုမူ က "သူယုံနိုင်မလား"

လင်းဝေယန် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “ငါတို့မှာ

တခြားရွေးချယ်စရာမရှိပါဘူး။

လွန်ခဲ့တဲ့နှစ်တွေမှာကတည်းက

သူ့ကိုသတ်ဖို့

အကောင်းဆုံးအခွင့်အရေးကို ငါတို့တွေ

လက်လွှတ်လိုက်ရတယ်။ အခု ငါတို့

သူ့ကို တားလို့မရဘူး။ လင်းရှူ နဲ့

ငါ့ရဲ့မူလခန္ဓာကိုယ်ကသာ ဒီမှာရှိနေရင် ဖြစ်ကောင်းဖြစ်နိုင်မှာပါ။ ဒါပေမဲ့ ငါတို့ရဲ့ အဓိကခန္ဓာကိုယ်တွေ ဒီမှာ မရှိဘူး”

စုမူက ရှေ့ကို လှမ်းကြည့်လိုက်သည်။ ယန်ယဲ့ လေ့ကျင့်နေသောအခန်းက သူ့ရှေ့တွင်ရှိနေခဲ့သည်။ စုမူ က အခန်းထဲကို စိုက်ကြည့်ရင်း ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "သူက ငါနဲ့မတူဘူးလို့ ခံစားရတယ်။

ဒီအရာတွေအားလုံးမှာ

သူပြောင်းလဲနိုင်လိမ့်မယ်လို့

ငါဆက်ပြီးခံစားနေမိတယ်”

လင်းဝေယန် က အခန်းကို ကြည့်လိုက်ပြီး

"ဒါဆို စောင့်ကြည့်ရအောင်"

ထိုအချိန်တွင် လင်းရှု က ရုတ်တရက်

ပြောခဲ့သည်"သူထွက်လာနေပြီ"

May Be:

၂၁၃၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၃၀ - နတ်ဆိုးလောက၏

ကျောင်ကြီး

အခန်းထဲတွင် ။

ယန်ယဲ့ သည် မျက်လုံးကို

ဖြည်းညှင်းစွာဖွင့်လိုက်ပြီး ရှေ့၁၀

မီတာအကွာကနေပေါ်လာသည်။.ခဏ

ကြာတော့ သူက ရှေ့ ၁၅

မီတာအကွာရနေ ပေါ်လာပြန်သည်။

ထိုခဏလေးမှာပဲ သူသည် မီတာ ၃၀

အကွာသို့ ရောက်နေပါပြီ။

ထိုအတိုင်းပင်၊ ယန်ယဲ့၏အရှိန်က

တစ်စထက်တစ်စ မြန်ဆန်လာသည်။

နောက်ကွယ်မှ ပုံရိပ်အယောင်များပင်

မကျန်ခဲ့ပေ။

ယခင်ကဆိုလျှင် သူ့အရှိန်ကြောင့်

ပုံရိပ်ယောင်များစွာ ကျန်နေခဲ့၏။

သို့သော်လည်း လက်ရှိတွင်တော့

ထိုသို့မဟုတ်တော့ပေ။

မဟာပေါ်တယ်နည်းစနစ် နှင့်
သူ၏ယခင်အရှိန်ကြားက
ကွာဟမှုကြောင့်ပါ။

တည်နေရာခုန်ကူးခြင်း ။

၎င်းသည် အာကာသပြင်ကို
တိုက်ရိုက်ခုန်ကျော်သွားတာပါ။
အာကာသပြင်မှတစ်ဆင့်
ရွေ့လျားသွားခြင်းမဟုတ်ပါ။ ထို့ကြောင့်

နောက်ကွယ်တွင်

မည်သည့်ပုံရိပ်ယောင်မျှ မကျန်ခဲ့ပေ။

သို့သော် ယန်ယွဲ့ သည် နည်းစနစ်၏

အဆင့် ၁ ကိုသာ လေ့ကျင့်နိုင်သေးသည်။

အဆင့် ၁ က

ကနဦးအစသာရှိနေသေးသည်။ အဆင့် ၂

နှင့် အဆင့် ၃ က

လုံး၀ကိုကြောက်စရာကောင်းပေသည်။

မဟာပေါ်တယ်နည်းစနစ် အဆင့် ၂ က

အသုံးပြုသူအား ကမ္ဘာတစ်ခုလုံးရှိ
အာကာသပြင်ကို လိုသလို
ခုန်ကူးသွားနိုင်ပါသည်။ အဆင့် ၃
ကတော့ လင်းဝေယန်
ပြောသည့်အတိုင်းပါ။ အဆင့် ၃ ကို
အသက်သွင်းလိုက်သည်နှင့်
ကြယ်ဒေသပေါင်း ဒါဇင်ချီကို
တိုက်ရိုက်ဖြတ်ကျော်သွားနိုင်၏။

အဆင့် ၁ မဟာပေါ်တယ်နည်းစနစ်က

ကနဦးအဆင့်သာ ရှိသေးသော်လည်း

သာမန်မူလအဆင့်နည်းစနစ်များထက်ပ

င် ကြောက်စရာကောင်းလှသည်။

အနည်းဆုံးတော့ သူ့အရင်က

အရှိန်ထက်ကို ကျော်သွားပါပြီ။

သို့သော်လည်း အဝေးထိတော့

တည်နေရာခုန်ကူးသွားလို့မရပေ။

အဝေးထိ ခုန်ကူးသွားလျှင်

သူ၏ဆန်းကြယ်ချီစွမ်းအင်က
မလုံလောက်လို့ပါ။ ထို့အပြင် သူ၏
ရုပ်ခန္ဓာလည်း
ခံနိုင်ရည်ရှိတော့မည်မဟုတ်ပေ။

မီတာ ၃၀၀ ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
သူ့ပတ်ဝန်းကျင် မီတာ ၃၀၀ အကွာမှ
မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူများ

ကိုချက်ချင်းသတ်နိုင်ကြောင်း
ယုံကြည်ခဲ့သည်။

သို့သော် မီတာ ၃၀၀ အကွာအဝေးထက်
ကျော်သွားရင်တော့ သူ၏စွမ်းရည်ကို
မယုံကြည်တော့ပေ။ ထို့အပြင်
မဟာပေါ်တယ်နည်းစနစ်ကို မီတာ ၃၀၀
အကွာထက်ပိုပြီး အသုံးမပြုဝံ့ပါ။
မတတ်နိုင်လို့ပါ၊အကန့်အသတ်ထက်
ကျော်လွန်သွားခဲ့လျှင်

သူ၏ဆန်းကြယ်ချီးစွမ်းအင် သာမကဘဲ
ခန္ဓာကိုယ်တစ်ခုလုံးပါ
ခြောက်သွေ့ကွဲအက်သွားပေမည်။

မှန်သည်၊ သူ့ခွန်အား တိုးတက်လာသရွေ့
မဟာပေါ်တယ်နည်းစနစ်၏ စွမ်းအားက
တိုးတက်လာမှာပါ။ နောင်တွင်
ထိုမျှလောက်အကွာဖြင့်
ရှိနေမည်မဟုတ်ပေ။

သို့သော် ၎င်းသည် တဖြည်းဖြည်းနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုပင်။

ထိုအချိန်တွင် လင်းဝေယန် က ယန်ယဲ့ရှေ့မှာ ပေါ်လာသည်။ သူမ၏ နှုတ်ခမ်းထောင့်မှ အပြုံးတစ်ခု ပေါ်လာခဲ့သည်။ ယန်ယဲ့ကို စိုက်ကြည့်ရင်း “ဂုဏ်ယူပါတယ်။ နင်အောင်မြင်သွားပြီ"

ယန်ယဲ့က သူမကို ကြည့်ပြီး

"ကျေးဇူးတင်ပါတယ်"

လင်းဝေယန် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “အဲဒါ

မလိုပါဘူး။ ငါတို့က

တစ်ယောက်နဲ့တစ်ယောက်

ကူညီနေကြတာပဲ"

ယန်ယဲ့ က အံ့သြသွားပြီး

"တစ်ယောက်နဲ့တစ်ယောက်

ကူညီနေတာလား"

လင်းဝေယန် က လက်ကို

ဝှေ့ယမ်းလိုက်သည် “ထွက်သွား။

ငါ့ကိုယ်ငါ ခဏအနားယူဖို့လိုတယ်"

ယန်ယဲ့က လင်းဝေယန်ကို

တစ်ချက်စိုက်ကြည့်ပြီး

ခေါင်းညိတ်ပြကာ အဆင့် ၃ မှ ပြန်ဆင်းသွားသည်။

ခန်းမအပြင်ဖက်သို့ ရောက်လာချိန်တွင်တော့ စုမူ က ယန်ယဲ့ရှေ့မှာ ပေါ်လာသည်။

စုမူ က ပြုံးပြီး "ဂုဏ်ယူပါတယ်"

ယန်ယဲ့က ပြုံးလိုက်

"ကျေးဇူးတင်ပါတယ် ဂိုဏ်းသခင်စု"

စုမူက  အနည်းငယ် ခေါင်းညိတ်ပြပြီး

“သုံးရက်လောက်နေရင် ခေါင်းကို

ချိတ်ပိတ်ထားတဲ့နေရာဆီ

ငါခေါ်သွားမယ်။ ဟိုမှာ အခြေအနေကို

အရင်ဆုံးလေ့လာကြည့်လို့ရတာပေါ့။

အဆင်ပြေမလား"

ယန်ယွဲ့ က ခဏာမျှစဉ်းစားပြီး

ခေါင်းညိတ်ကာ "ကောင်းပြီ" သူသည်

လျှို့ဝှက်ဂိုဏ်းမှအကျိုးအမြတ်များ

ယူထားသဖြင့် သဘာဝအတိုင်း

အစွမ်းကုန်လုပ်ရပေမည်။ သို့သော် သူ

မကိုင်တွယ်နိုင်လျှင်တော့

ကိုယ့်သေတွင်းကို တူးမှာမဟုတ်ပေ။

စုမူ က ခေါင်းညိတ်ပြကာ

“သွားအနားယူပါ။ အချိန်တန်ရင်

လာခဲ့မယ်"

စကားပြောပြီးနောက် နေရာမှာပင်

ပျောက်သွားသည်။

စုမူ ထွက်သွားပြီးနောက် ခဏအကြာတွင်

အဘိုးကြီးတစ်ယောက် ပေါ်လာသည်။

အဘိုးကြီးက ယန်ယဲ့ကို

လက်သီးနှစ်ဖက်စုကာ "အကြီးအကဲယန်၊ ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး အဘိုးကြီးနောက်ကနေ လိုက်သွားသည်။ သိပ်မကြာလိုက်ပါ၊ ခြံဝန်းငယ်လေးတစ်ခုဆီကို ရောက်လာခဲ့သည်။

“ဒီနေရာက မင်းနေရမယ့်နေရာပဲ။
တစ်ခုခုလိုအပ်ရင် ငါ့ကိုပြောပါ"
ထိုစကားပြောပြီးနောက် အဘိုးကြီးက
နေရာမှာပင် ပျောက်သွားသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
ကြည့်လိုက်ပြီးနောက် အခန်းတစ်ခုထဲသို့
တန်းဝင်သွားသည် ။ ထို့နောက်တွင်
ကုတင်ပေါ်တင်လိုက်ပြီး တစ်ခါတည်း
တင်ပျဉ်ခွေထိုင်ချလိုက်သည်။

တစ်ဆက်တည်း သူ၏မျက်လုံးများကို မှိတ်ထားလိုက်သည်။ စိတ်အာရုံအသိကို မူလစေတီထဲသို့ ပို့လွှတ်လိုက်သည်။

ယန်ယဲ့၏ဝိညာဉ်ကိုယ်ပွားက မူ စေတီထဲသို့ဝင်လာခဲ့သည်။ ထိုအချိန်တွင် ချုန်းချီ က သူ့ရှေ့မှာ ရုတ်တရက်ပေါ်လာခဲ့သည်။

ချန်းချီ က ရုတ်တရက် ပြောလိုက်သည်

"ကလေး၊ တစ်ခုခုတော့

မှားနေပြီထင်တယ်"

ယန်ယဲ့ က "အစ်ကိုချန်းချီ၊ ဘာတွေ

မမှန်ဘူး ထင်လို့လဲ"

ချန်းချီ က "ကလေး၊

တမင်သရုပ်ဆောင်နေတာတွေ

ရပ်လိုက်ပါ။ မင်းက အရမ်း

ညာဏ်ကောင်းတာငါသိတယ်၊ တစ်ခုခု လွဲနေတာကို မင်း နားမလည်ဘူးလို့တော့ မပြောနဲ့"

ယန်ယဲ့က အချိန်အနည်းငယ်ကြာအောင် ငြိမ်သက်သွားသည်။ ထို့နောက် သူက မထူးခြားဟန်ဖြင့် ပြန်ပြောသည် "တကယ်တော့ အဲဒါကို အများကြီး စဉ်းစားနေဖို့ မလိုပါဘူး။ ငါ့ကို သူတို့ဆက်ဆံသလိုပဲ ငါဆက်ဆံမယ်"

ချုန်းချီ က ထပ်ပြောသည် "ပြဿနာက

သူတို့ မင်းကို မကောင်းကြံရင်

မင်းရဲ့ ခွန်အားက သူတို့ကိုရင်ဆိုင်ဖို့

လုံးလုံး မလုံလောက်လို့ပဲ။

သူတို့အားလုံးကို မပြောလိုပါဘူး၊

အရင်က ဒီမိန်းမနှစ်ယောက်တင်

မင်းရင်ဆိုင်နိုင်ပါ့မလား။ အထူးသဖြင့်

ဒုတိယအမျိုးသမီးပဲ။ ဒါ သူမရဲ့

အစိကခန္ဓာကိုယ် မဟုတ်ဘူးဆိုတာ မင်းသိလား"

ယန်ယဲ့ က ချန်းချီ ကို ရုတ်တရက် စိုက်ကြည့်လိုက်၏။ ထို့နောက် မေးလိုက်သည် "အစ်ကိုချန်းချီ၊ ငါ့မှာ မေးခွန်းတစ်ခုရှိတယ်။ မင်းငါ့အတွက် ဖြေပေးနိုင်မလား"

ချန်းချီ က "ဘာလဲ"

ယန်ယဲ့ က ဆက်ပြောလိုက်သည်

"နတ်ဆိုးမျိုးနွယ်ထဲမှာ

မင်းရဲ့အဆင့်အတန်းက

အင်မော်တယ်အနက်ရောင်ဖီးနစ်

ထက်နိမ့်နေရင်တောင်မှ

အများကြီးနိမ့်မှာမဟုတ်ဘူး။

ယန်လျန်ရှမ်း က

အင်မော်တယ်အနက်ရောင်ဖီးနစ်ရဲ့

စွမ်းအားကို သုံးပြီး

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူကို
တိုက်ခိုက်နိုင်ခဲ့တယ်။ဒါပေမဲ့
အစ်ကိုချုန်းချီ က မူလနတ်ဘုရားအဆင့်
၆ ကျင့်ကြံသူကို ကိုယ့်ဘာသာ
တိုက်ခိုက်နိုင်တယ်။ ဒါပေမဲ့ မင်းက
အဲဒီလူကို အနိုင်ယူဖို့တော့
လုံးဝမဖြစ်နိုင်ဘူး။ မဟုတ်သေးဘူး၊
မူလနတ်ဘုရားအဆင့် ၆ ကိုမပြောနဲ့
မင်းငါ့ကို အနိုင်ယူဖို့တောင် မဖြစ်နိုင်ဘူး"

ချုန်းချီ က ဂရုမစိုက်ဘဲ လေသံမာမာဖြင့် ပြန်ပြောသည် “ဘာပြောဖို့ ကြိုးစားနေတာလဲ”

ယန်ယဲ့က ချုန်းချီ ဆီကို လျှောက်သွားပြီး မျက်လုံးချင်းတည့်တည့်ကြည့်ကာ "ဒါက မင်းရဲ့ မူလခန္ဓာကိုယ်မဟုတ်ဘူးလို့ ငါထင်တယ်"

ယန်ယဲ့ ပြောပြီးသည်နှင့်

ပတ်ဝန်းကျင်တစ်ခုလုံး

တိတ်ဆိတ်သွားသည်။

အမှန်တော့ ယန်ယဲ့ သည်

ယခင်ကတည်းက

ထိုအတိုင်းမေးချင်နေတာပါ။ ချူန်းချီ

သည် အထက်စကြာဝဠာ

(လောကသုံးပါး)မှ ဆင်းလာသော

နတ်ဆိုးသားရဲတစ်ကောင်ပါ။

အထက်လောကမှ ဆင်းလာသောကြောင့်

သာမန်နတ်ဆိုးသားရဲမဟုတ်သည်မှာ

သေချာပါသည်။ သို့သော်

လက်တွေ့တွင်မူ ချုန်းချီ က

အတော်လေးအားနည်းနေ၏။

ထိုအခြေအနေက သိပ်တော့

ပုံမှန်မဟုတ်ခဲ့ပါ။

နောက်ဆုံးတွင် ရှေးဟောင်းမျိုးနွယ်၏

တစ်စိတ်တစ်ပိုင်းဖြစ်သော လူသားနှင့်

နတ်ဆိုးသားရဲများသည်

အလွန်ကြောက်မက်ဖွယ်ကောင်းသည့်

တည်ရှိမှုများပင်။ ချုန်းချီ သည်

လက်ရှိတွင် အတော်လေး

သန်မာသော်လည်း

ကြောက်မက်ဖွယ်ကောင်းသည်ဟုတော့

မဖော်ပြနိုင်ပေ။

"ဒါက သူ့ရဲ့မူလခန္ဓာကိုယ်မဟုတ်ဘူး"

ထိုအချိန်တွင် နတ်ယင်မီးတောက် က

ယန်ယဲ့ရှေ့မှာ ပေါ်လာပြီး

ပြောလိုက်ပါသည် “ချုန်းချီ က

ရှေးဟောင်း နတ်မိစ္ဆာ(နယ်ခြားမိစ္ဆာ)

သားရဲ (၄) ပါးထဲက တစ်ပါးလေ။

နတ်ဆိုးလောကမှာ သန်းနဲ့ချီတဲ့

နတ်ဆိုးတွေကို အုပ်စိုးခဲ့တယ်။ ဒါ့အပြင်

နတ်ဆိုးလောကတစ်ခုလုံးက သူ့ကို

အနန္တတန်ခိုးရှင် လို့

နာမည်ပေးထားကြတယ်။ ဒါဆို

နတ်ဆိုးလောကရဲ့

ဂုဏ်သိက္ခာကြီးမြတ်တဲ့

နတ်မိစ္ဆာဧကရာဇ်ကြီးက ဘယ်လိုနည်းနဲ့

ဒီလောက် အားနည်းနိုင်မှာလဲ”

ယန်ယဲ့ က ချန်းချီ ကို စိုက်ကြည့်ရင်း

"အစ်ကိုချန်းချီ၊ မင်းက တကယ်ပဲ

ကိုယ်ပွားတစ်ခုလား"

"ဒါအမှန်ပဲ" နတ်ယင်မီးတောက် က ဆက်ပြောသည် “နတ်ဆိုးလောကရဲ့ နတ်မိစ္ဆာဧကရာဇ်တစ်ပါးအနေနဲ့ လောကသုံးပါးကနေ ထွက်သွားရင် လူတိုင်းရဲ့အာရုံစိုက်ရာဖြစ်လာလိမ့်မယ်။ ဒါ့အပြင် သူ့ရဲ့ မူလခန္ဓာကိုယ်နဲ့လည်း ဒီနေရာကို ဆင်းမလာရဲဘူး”

ယန်ယဲ့ က အံ့ဩသွားပြီး "ဘာလို့လဲ"ဟုမေးလိုက်သည်။

နတ်ယင်မီးတောက် က ရှင်းပြသည်

“ဒီအလယ်စကြာဝဠာကို ငါ့သခင်နဲ့

ရှေးဟောင်းကျင့်ကြံသူအုပ်စုက

ဖန်တီးခဲ့တာ။ ပြီးတော့ သူတို့က

အလယ်စကြာဝဠာ နဲ့

အဆင့်နိမ့်စကြာဝဠာတွေ ကို

စည်းတံဆိပ်တွေနဲ့

ကာကွယ်ပေးထားခဲ့တယ်”

သူက စကားခဏလောက်ရပ်ပြီး

“လောကသုံးပါးက ဘယ်သူမဆို

စိတ်ကြိုက်ဆင်းလာလို့မရဘူး။ ဒါ့အပြင်

ဆင်းလာရင်တောင်မှ သူတို့ရဲ့ခွန်အားက

သိပ်ပြီးမြင့်မားတော့မှာမဟုတ်ဘူး။

သူတို့ အရမ်းသန်မာနေရင်

စည်းတံဆိပ်က

အလိုလိုအသက်ဝင်လာလိမ့်မယ်။ ဒီတော့

ငါ့ဆရာ ကိုယ်တိုင်တောင် ကိုယ်ပွားကို

လွှတ်လိုက်တာပဲ၊ သူ့ရဲ့ မှူခန္ဓာကိုယ်နဲ့ ဒီကို ဆင်းမလာဘူး။ ဒါဟာ ဆင်းမလာနိုင်တာ မဟုတ်ဘူး၊ သူက အတားအဆီးကို မပျက်စီးစေချင်လို့ပါ”

အဲဒါကြောင့်ကိုး ။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး တိတ်ဆိတ်နေသော ချုန်းချီ ကို ကြည့်ကာ ပြုံးလိုက်သည်။ ထို့နောက်

“နတ်ဆိုးလောကရဲ့

နတ်မိစ္ဆာဧကရာဇ်ကြီး၊ အစ်ကိုချုန်းချီ၊

မင်းက လောကသုံးပါး

မှာအတော်လေးအဆင့်အတန်းကောင်း

တာပဲ"

ချုန်းချီ က ယန်ယဲ့ ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ ဘာလို့

ဒီကိုဆင်းလာတာလဲ သိလား"

ယန်ယဲ့ က"မူလစေတီ မဟုတ်လား"

ချုန်းချီ က ခေါင်းညိတ်လိုက်ပြီး "ဒါက လောကသုံးပါးရဲ့ နံပါတ်တစ် ရတနာပါ။ ဒါကို မလိုချင်တဲ့သူ ဘယ်သူမှ မရှိဘူး"

...

"ဒါက တကယ်တော့ နံပါတ်တစ် ရတနာမဟုတ်ဘူး" ထိုအချိန်တွင်

နတ်ယင်မီးတောက် က ရုတ်တရက် ပြောခဲ့သည် “ဒါဟာ တကယ်တော့ လောကသုံးပါး ရဲ့ နံပါတ်တစ် ရတနာမဟုတ်ဘူး”

ယန်ယဲ့ နှင့် ချုန်းချီ လည်း နတ်ယင်မီးတောက် ကို စိုက်ကြည့်နေသည်။ မူလစေတီ ထက်ပင် ပို၍ကြီးမြတ်သောအရာတစ်ခု ရှိနေသည်လား။ နတ်ယင်မီးတောက် က

မူလစေတီ ကို စူးစိုက်ကြည့်လျက် ပြန်ပြောပါသည် “တခြား ရတနာတစ်ခု ရှိသေးတယ်။ တကယ်တော့ အဲဒါက မူလစေတီထဲမှာပဲ”

"ဒီအထဲမှာလား" ယန်ယွဲ့ က အံ့အားသင့်သွားပြီး "ဘယ်မှာလဲ"ဟု ထပ်မေးလိုက်သည်။

နတ်ယင်မီးတောက် က "အဆင့် ၉ "

ယန်ယွဲ့ က "ဒါကဘာလဲ"

နတ်ယင်မီးတောက် က “မင်း နဝမမြောက်အထပ်ကို တက်ခွင့်ရရင် သိလိမ့်မယ်” ဟုသာပြန်ဖြေသည်။ စကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ယန်ယွဲ့ သည်

အချိန်တော်တော်ကြာသည်အထိ

စကားမပြောနိုင်ပေ။

ထိုအချိန်တွင် ချူန်းချီ က ရုတ်တရက်

ပြောခဲ့သည် "ကလေး၊ အလုပ်ကြိုးစား။

မင်းရဲ့လက်ရှိခွန်အားက

အလယ်စကြာဝဠာမှာ မဆိုးပါဘူး။

ဒါပေမဲ့ အရင်တုန်းက ငါပြောခဲ့သလိုပဲ

လောကသုံးပါးက မင်းထင်ထားတာထက်

အများကြီး ကျယ်ပြန့်တယ်။ အဲဒီမှာရှိတဲ့

စွမ်းအားရှင်တွေက မကုန်မခမ်းနိုင်တဲ့

ပင်လယ်ရေတွေလိုပဲ၊

အများကြီးရှိတယ်"

ထိုစကားပြောပြီးသည်နှင့် ချုန်းချီ က

နောက်လှည့်ကာ

ထွက်သွားရန်ပြင်လိုက်သည်။ သို့သော်

သူ့စိတ်ထဲ တစ်ခုခုကို

တွေးမိသသည့်အလား ယန်ယဲ့ကို

ရုတ်တရက် စိုက်ကြည့်ကာ "ကလေး၊
နောင်မှာ မင်းဆီက ဒီမူလစေတီကို
လုယူသွားမှာ မကြောက်ဘူးလား"

ယန်ယဲ့ က ချုန်းချီ ကို စိုက်ကြည့်ရင်း
"မင်းလိုချင်တာလား"

ချုန်းချီ က ယန်ယဲ့ ကို ကြည့်ပြီး "ငါ
ဘာလုပ်ရင်ကောင်းမလဲ"

ယန်ယဲ့က ပြုံးပြီး "ဒါဆို ယူလိုက်ပါ"

ချုန်းချီ က ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက် ပြောပါသည်

"ရိုးရိုးသားသားပြောရရင် မင်းကိုသိလာတာကြာပြီ။ ဒါ့အပြင် မင်းကို အမြဲလျှော့တွက်နေတာ ငါသတိထားမိတယ်။ အနာဂတ်မှာ မင်းဘယ်ဖက်ကနေနေ ငါမင်းနဲ့ရန်သူမဖြစ်ချင်ဘူး။

ဟုတ်ပါတယ်၊ ငါတို့ဟာ အနာဂတ်မှာ ရန်သူတွေမဖြစ်ဖို့ မျှော်လင့်ပါတယ်။နောက်ဆုံးတော့ မင်းပြောသလိုပဲ အရာရာတိုင်းကို ငါ့စိတ်ကြိုက်လုပ်တယ်"

ထိုစကားပြောပြီးနောက် နေရာမှာပင် ပျောက်သွားသည်။

ယန်ယဲ့ လည်း တဟားဟားရယ်မောပြီး

ဖျတ်ခနဲပျောက်ကွယ်သွားသည် ။

အပြင်လောကသို့

ပြန်ရောက်လာသည်နှင့် တပြိုင်နက်

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် တံခါးကို

တစ်ချက်လှမ်းကြည့်ကာ "ဝင်လာခဲ့ပါ"

ချပ်....

တံခါးက ဖြည်းညှင်းစွာပွင့်အလာပြီး

အဖြူရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ယောက်

သူ့အမြင်အာရုံထဲကို ပေါ်လာသည်။

ယွန်ချန်း လား...

သူမက အလွန်လှပသည်ထက်

ပိုပါသည်။

အထူးသဖြင့် သူမ၏

စိတ်နေသဘောထားပင်။

သူမ၏ရုပ်ရည်သွင်ပြင်ဟာ

နှင်းတောင်ထိပ်ပေါ်မှာသာ

ပေါက်တတ်သော

နှင်းကြာပန်းနှင့်တူသည်။

ယန်ယဲ့ က သူမကို
တစ်ချက်ကြည့်လိုက်ပြီး
"မိန်းကလေးယွန်၊ မင်း
တစ်ခုခုလိုသေးလား" ဟု
မေးလိုက်သည်။

ယွန်ချန်း က ပြုံးပြီး "အစ်ကိုယန်၊
ငါ့လျှို့ဝှက်ဂိုဏ်းရဲ့ လူငယ်မျိုးဆက်သစ်
ပြိုင်ပွဲတစ်ခု လုပ်နေတယ်။ ဒါဟာ
အပြန်အလှန်ဆွေးနွေးတာ၊

အမြင်ချင်းဖလှယ်တာလို့ပြောရမှာပေါ့။

အစ်ကိုယန်

စိတ်ဝင်စားသလား"

"အပြန်အလှန်ဆွေးနွေးပွဲလား" ယန်ယဲ့

က ခေါင်းခါလိုက်သည်

"ငါစိတ်မဝင်စားဘူး"

လူငယ်မျိုးဆက်များက သူ့အတွက်

သားသမီးတွေလိုပါ။

ယွန်ချန်း က ထပ်ပြောသည်  "နင် သန်မာတာ ငါသိပါတယ်။ ဒါပေမဲ့ နင့်အတွက် အကျိုးရှိနိုင်တယ်"

ယန်ယဲ့ က "မင်းဘာကိုဆိုလိုတာလဲ"

ယွန်ချန်း က ရှင်းပြသည် "လျှို့ဝှက်ဂိုဏ်းက အပြင်ကမ္ဘာရဲ့ ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တွေကို

စုဆောင်းတယ်ဆိုတာ

နှင်လည်းသိထားမှာပါ။ ဒါ့ကြောင့်

အပြင်ကမ္ဘာရဲ့

ထိပ်သီးပါရမီရှင်တွေအားလုံးနီးပါးက

ငါတို့လျှို့ဝှက်ဂိုဏ်းထဲမှာရှိနေတယ်လို့

ပြောနိုင်တယ်။ ဥပမာအနေနဲ့

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

နံပါတ်တစ် ကျင့်ကြံသူ။ အခုလက်ရှိမှာ

သူက ငါ့လျှို့ဝှက်ဂိုဏ်းထဲမှာ

ရှိနေတယ်။ဒါ့အပြင်

အလယ်စကြာဝဠာထဲက

နာမည်ကျော်မဟုတ်တဲ့

ပါရမီရှင်တွေပါရှိနေသေးတယ်။

အစ်ကိုယန်၊ နင် သူတို့ကို

မတွေ့ချင်ဘူးလား"

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့

နံပါတ်တစ် လား ။

ယန်ယဲ့ သည် ခဏမျှ နှုတ်ဆိတ်နေပြီးမှ

ခေါင်းညိတ်ပြီး "ကောင်းပြီ

ငါသွားကြည့်မယ်" မည်သို့ပင်ဖြစ်စေ

ဤအခိုက်အတန့်တွင် သူသည်

အနည်းငယ်ပျင်းရိနေ၏။

ယွန်ချန်း၏ မျက်နှာလေးပေါ်တွင်

ချစ်စရာကောင်းသော အပြုံးတစ်ခု

ပေါ်လာသော်လည်း အနည်းငယ်

ထူးဆန်းလှသည် ။

May Be:

၂၁၃၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၃၁ - ရှာမန်း (Shaman) မျိုးနွယ်

ယန်ယဲ့ သည် ယွန်ချန်း နှင့်အတူ

လျှို့ဝှက်ဂိုဏ်း၏

လှေကျင့်ရေးကွင်းပြင်သို့

လိုက်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊ နှစ်ယောက်သား

လှေကျင့်ရေးကွင်းပြင်ထဲသို့

ရောက်လာကြသည်။

ကွင်းပြင်အလယ်ဗဟို၌

ရောမတိုက်ပွဲစင်မြင့်ကြီးတစ်ခုရှိနေခဲ့သ

ည်။ ဤအခိုက်အတန့်တွင်

လူငယ်တော်တော်များများက ဝိုင်းဖွဲ့ပြီး

ဆွေးနွေးနေကြလေသည်။

ယန်ယဲ့ နှင့် ယွန်ချန်း

ရောက်လာသည့်အခါ လူတိုင်း၏

အကြည့်များသည် သူတို့နှစ်ယောက်

ဆီသို့ ရောက်လာကြသည်။

သို့မဟုတ် ယွန်ချန်း အပေါ်ကို
စုပြုံရောက်လာသည်ဟုပြောရင်
ပိုမှန်ပါသည်။

အတော်များများဟာ မျက်လုံးထဲတွင်
ဖုံးကွယ်မထားသော
ချစ်ခြင်းမေတ္တာအရိပ်အယောင်များ
ရှိနေကြသည်။

ယန်ယဲ့ သည် သူ့ဘေးမှ ယွန်ချန်းကို မသိမသာလေးစောင်းငဲ့ကြည့်လိုက်သည် ။ ပြောစရာမလိုအောင်ပါပဲ၊ ယွန်ချန်း က အမှန်ပင် လျှို့ဝှက်ဂိုဏ်း၏ နာမည်ကျော်တစ်ယောက် ဖြစ်နေပုံပါ။

ဤအခိုက်အတန့်တွင် ယွန်ချန်းက ယန်ယဲ့၏လက်မောင်းကို ဖက်ထားလိုက်သည်။

ဤမြင်ကွင်းကြောင့်

လူတိုင်း၏အကြည့်များက ယန်ယဲ့အပေါ်

ကျရောက်လာတော့သည်။

ယန်ယဲ့ သည် ယွန်ချန်းကို စိုက်ကြည့်ကာ

ပြုံးပြီး "ငါ့ကို လက်တစ်ဖက်

ဂှားခိုင်းနေတာလား"

ယွန်ချန်း က သူ့ကို အကာအကွယ်တစ်ခုသဖွယ်လုပ်နေတာပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့အား သူမ၏အကာအကွယ်တစ်ခုအဖြစ် သဘောထားနေပုံပါ။ ယန်ယဲ့ သည် အရှုံးမပေးတတ်လေရာ ယွန်ချန်း၏ရည်ရွယ်ချက်ကို ချက်ချင်းနားလည်လိုက်သည်။

သို့သော် တွေးမိသည်နှင့်

အတော်လေးစိတ်ပျက်သွားသည်။

အကြောင်းမှာ သူသည် ပြဿနာကို

သဘောမကျလို့ပါ။

အကယ်၍ ယွန်ချန်း သာ သူ့အတွက်

ဒုက္ခရောက်နေလျှင်တော့ သေချာပေါက်

ဝင်ပါရပေမည်။ သို့ရာတွင်

လက်ရှိပြဿနာက သူနှင့်

လုံးလုံးမဆိုင်ပေ။

ယန်ယွဲ့ သည် ယွန်ချန်းကို ကြည့်ကာ

စကားထပ်ပြောရန် ပြင်လိုက်သည်။

ထိုအချိန်တွင် ခပ်ဝေးဝေးမှ

စွမ်းအင်လှိုင်းများ

ရုတ်ချည်းတိုးဝင်လာသည်ကို

ခံစားမိလိုက်၏။ တစ်ချိန်တည်းမှာပင်

ပုံရိပ်တစ်ခုက

ယန်ယွဲ့အထက်ကိုရောက်လာပြီး

လက်သီးဖြင့် သူ၏ခေါင်းကို

ထိုးချလိုက်လေသည်။

လက်သီးချက်မှ

သယ်ဆောင်လာသောအားက

ယန်ယဲ့၏အနီးအနားရှိ အာကာသပြင်ကို

ပွင့်ထွက်သွားစေသည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သို့သော်

သိပ်ပြီးထွေထွေထူးထူး စဉ်းစားမနေဘဲ
သူ၏ လက်သီးကို အပေါ်မြှောက်ကာ
ပင့်ထိုးလိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ထိုပုံရိပ်က
မီတာ ၃၀ ကျော်အကွာသို့
လွင့်ပျံသွားခဲ့သည်။

ယန်ယဲ့ သည် ထပ်ပြီးမတိုက်ခိုက်ဘဲ တစ်ချက်လှမ်းကြည့်လိုက်သည်။ သူနှင့် မလှမ်းမကမ်း၌ အနက်ရောင်ဝတ်စုံဝတ်လူငယ်တစ်ဦး ရပ်နေခဲ့သည်။ လူငယ်က အသက် ၂၅ နှစ်ဝန်းကျင်လောက်သာ ရှိသေးပုံရ၏။ သို့သော် သူ့ထံမှ ထွက်ပေါ်နေသော အငွေ့အသက်ဟာ အတော်လေးပြင်းထန်လှသည်။

ဤအခိုက်အတန့်တွင်

အခြားလူများလည်း အနီးအနားသို့

ရောက်ရှိလာကြသည်။

သူတို့၏အကြည့်များက

ယန်ယဲ့အပေါ်တွင် ရှိနေသည်။ လူတိုင်း၏

မျက်လုံးထဲ၌ အံ့သြနေသော

အရိပ်အယောင်များအပြည့်ပါ။

"အဲ့ဒီလူငယ်က ဘယ်သူလဲ။ သူက ရုပ်ခန္ဓာခွန်အားသက်သက်နဲ့တင် မန်ယုကို နောက်ပြန်ရိုက်ချနိုင်တယ်"

"မသိဘူး၊ ဒါပေမဲ့ သူက စီနီယာအစ်မယွန်ချန်း နဲ့ ရင်းနှီးပုံရတယ်"

ယန်ယဲ့က အနက်ရောင်ဝတ်စုံဝတ်လူငယ် ကို ကြည့်လိုက်ပြီးနောက် ယွန်ချန်းကို လှည့်

ကြည့်လိုက်သည်။ အဆုံးတွင် သူက ရှင်းပြရန်ပြင်လိုက်သည်။ သူ့ရှေ့မှ လူငယ်ကို မကြောက်ပေမယ့်လည်း မလိုအပ်ဘဲ ပြဿနာမဖြစ်လိုပေ။

သို့သော်လည်း မန်ယု က ယန်ယဲ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ "ယွန်ချန်း၊ ငါ မင်းနဲ့မထိုက်တန်ရင် သူလည်း မထိုက်တန်ဘူး"

ယန်ယဲ့ သည် မန်ယု

ပြောလိုက်သည့်စကားကြောင့်

ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

ယွှန်ချန်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "မန်ယု၊ ဒါ

ငါ့ကိစ္စပဲ"

မန်ယု က ယွှန်ချန်း ကို လစ်လျူရှုပြီး

ယန်ယဲ့ကို စိုက်ကြည့်ကာ

"မင်းဘယ်သူလဲဆိုတာ ငါဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ သူ့ကိုထားခဲ့လိုက်ပါ။ မဟုတ်ရင် နောက်တစ်နေ့ နေထွက်တာကို မမြင်စေရဘူး"

ယန်ယွဲ့၏မျက်နှာက မည်းမှောင်သွားသည်။ ဒီတစ်ခါတော့ သူ့လက်က ယွန်ချန်း၏ခါးကို ဆွဲဖက်လိုက်သည်။ ထို့နောက် မန်ယု ကို

တည့်တည့်စိုက်ကြည့်ကာ

"မင်းဘာလုပ်နိုင်မလဲ"

အားလုံးက ယန်ယဲ့ ကို စိုက်ကြည့်နေရင်း

ဆူညံသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာသည်။

ယွန်ချန်း က ယန်ယဲ့ ကို

စိုက်ကြည့်နေသည်။

ဤအခိုက်အတန့်တွင်

သူမ၏မျက်လုံးထဲ၌

အင်မော်တယ်ဓားမြို့တော် အပြင်ဖက်က

မြင်ကွင်းကို သတိရမိသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည်

လူပေါင်းထောင်သောင်းချီ

သတ်ဖြတ်ပစ်ခဲ့သည်။

ယန်ယွဲ့ က မန်ယု ကို စိုက်ကြည့်နေရှံသာ။

မန်ယု က အေးစက်စက်ပြောခဲ့သည်

"ဒါဆို မင်းအတွက် ဒီည လထွက်တာကို

မမြင်ရအောင် ငါလုပ်ပေးလိုက်မယ်"

စကားပြောပြီးသည်နှင့် သူ့လက်ထဲတွင်

ဓားရှည်တစ်ချောင်း ပေါ်လာသည်။

တစ်ဆက်တည်း ညာခြေကို

တစ်ချက်ဆောင့်ကာ

အလင်းတန်းတစ်ခုအဖြစ် ယန်ယဲ့ ဆီသို့

ပြေးဝင်လာသည်။

ဓားက ယန်ယွဲ့၏ခေါင်းအထက် ၁၀

စင်တီမီတာအကွာသို့ရောက်လာပါသည်။

သို့သော်လည်း

ဘယ်ကနေဘယ်လိုပေါ်လာမှန်းမသိသော

လက်နှစ်ချောင်းက

ရုတ်တရက်ညှပ်ထားသဖြင့်

ရှေ့ဆက်မတိုးတော့ပေ။

ဤအခိုက်အတန့်တွင် လူတိုင်း၏
အမူအရာများသည်
ပြောင်းလဲသွားသည်။

မန်ယု၏ အမူအရာသည်လည်း
သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

ယန်ယဲ့က မန်ယုကို ကြည့်ပြီး "ဒီညရဲ့
လရောင်ကို မမြင်ရအောင် တားမှာလား"
ဓားသွားကို လွှတ်ပေးလိုက်ပြီးနောက်

မန်ယု မတုံ့ပြန်နိုင်ခင်မှာပဲ

လည်ပင်းကိုဖမ်းကိုင်လိုက်သည်။

ထို့နောက် မန်ယုကို လည်ပင်းကနေ

ဆွဲမြှောက်ကာ မြေပြင်နှင့်

ကိုင်ရိုက်ချလိုက်သည်။

အုန်း....

မြေပြင်သည်

ချက်ချင်းပွင့်ထွက်သွားသည်။ မန်ယု၏

ခေါင်းက မြေကြီးထဲကိုနစ်ဝင်နေသည်။

ယန်ယဲ့က မန်ယု ကို

တစ်ချက်ငုံ့ကြည့်ပြီးနောက်

ခြေထောက်ဆန့်ကာ ဗိုက်ကို

ကန်ထုတ်လိုက်သည် ။

ဘုန်း...

မန်ယုက တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။ ၃
ကီလိုမီတာအကွာသို့
ရိုက်ထုတ်ခံလိုက်ရသည်။

ဤအတောအတွင်း ယန်ယဲ့ နှင့်
မလှမ်းမကမ်းကနေ
ငွေရောင်ဝတ်စုံဝတ်လူငယ်တစ်ယောက်
ရုတ်တရက် ပေါ်လာသည်။ ထိုလူငယ်က

ယန်ယဲ့ ကို ငုံ့ကြည့်ကာ

"နည်းနည်းလွန်သွားပြီလို့မထင်ဘူးလား"

"လွန်လွန်းသွားပြီလား" ယန်ယဲ့၏

ပါးစပ်ထောင့်မှ

အေးစက်စက်အပြုံးတစ်ခု ပေါ်လာသည်

"အခုလေးတင် သူက

လုံးဝမထိန်းထားဘူး။ ဒီလူက ငါ့ကို

တကယ်သတ်ချင်နေတာသိသာတယ်။

ရိုးရိုးသားသားပြောရရင် သူ့ကို

အသက်မသေရုံထားတာနဲ့တင်

ငါ့ကိုကျေးဇူးတင်ရမယ်”

ထိုလူငယ်က ယန်ယွဲ့ ကို

အချိန်အကြာကြီး စိုက်ကြည့်ကာ "မင်းကို

ငါ သည်းမခံနိုင်ဘူး"

ယန်ယွဲ့က ဂရုမစိုက်ဘဲ

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

“လူတော်တော်များများက

ဒီလိုပဲပြောကြတယ်။ ဒါ့အပြင်

မင်းကိုယ်မင်း ဘယ်သူထင်နေလို့လဲ"

ငွေရောင်ဝတ်စုံဝတ်လူငယ် က

အနည်းငယ် ခေါင်းညိတ်ပြပြီးနောက်

သူ့လက်ကို တစ်ချက်ယမ်းလိုက်ရာ

အနက်ရောင်လှံတစ်ချောင်း

ပေါ်လာသည်။ လူငယ်၏လက်က

လှံကိုဆုပ်ကိုင်လိုက်သည်နှင့် သူ့ထံမှ

အလွန်ပြင်းထန်သော

အငွေ့အသက်တစ်ခု ထွက်ပေါ်လာသည်။
ဒီအချိန်မှာ လူငယ်က
ကမ္ဘာကိုဖျက်ဆီးပစ်နိုင်သလိုပင်ထင်ရ
လေသည်။

ထိုလူငယ် က မတိုက်ခိုက်သေးဘဲ
ယွန်ချန်း ကို စိုက်ကြည့်ရင်း "ငါ
သူ့ကိုသတ်ရင် မင်း စိတ်ဆိုးမှာ
မဟုတ်ဘူး... ဟုတ်တယ်မလား"

ယွန်ချန်း က ထိုလူငယ်ကို

ငုံ့ကြည့်လိုက်ပြီး "စုယု၊ နင် သူ့ကို

မတိုက်ခိုက်တာ အကောင်းဆုံးပဲ"

စုယု ဟုခေါ်သောလူငယ်က

တဟားဟားရယ်ပြီး “ဘာလို့လဲ။ ငါ သူ့ကို

မသတ်နိုင်ဘူးလို့ မင်းထင်လား"

ယွန်ချန်း က ခေါင်းညိတ်လိုက်သည်။

"ငါ့ကို စောင့်ကြည့်စမ်းလိုက်"

ကားပြောပြီးသည်နှင့် စုယု က နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ခဏအကြာမှာပဲ သူသည် ယန်ယဲ့ရှေ့တွင် ရောက်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ၏လှံက ယန်ယဲ့ ထံတည့်တည့်ထိုးသွင်းသွားကာ အာကာသပြင်တစ်လျှောက် အပိုင်းပိုင်းကွဲထွက်သွားလေသည်။

ယန်ယဲ့၏ အကြည့်များသည်

အေးခဲသွားသည် ။ သူသည် အချိန်တိုင်း

ထစ်ခနဲရှိသတ်ဖြတ်တတ်သော

သွေးအေးလူသတ်သမား မဟုတ်ခဲ့ပေ။

အနည်းဆုံးတော့ သူ့အား

ပြဿနာမရှာပါက တိုက်ခိုက်စရာမလိုပါ။

ဤအခိုက်အတန့်တွင်

ထိုလူငယ်နှစ်ယောက်က အထင်မှားကာ

သူ့ကို သတ်ပစ်ချင်နေ၏။

သို့သော် ယန်ယဲ့ သည် သူ့အတွေးများကို ထိန်းလိုက်သည်။ သူ့ဘယ်ဖက်လက်ကို အနည်းငယ်လှုပ်လိုက်ရာ သူ့လက်ထဲမှာ ဓားတစ်ချောင်း ပေါ်လာသည်။ ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ အရာအားလုံး အေးခဲသွားပုံရသည်။

စုယု၏ အနက်ရောင်လှံက ယန်ယဲ့၏နဖူးရှေ့ လက်မအနည်းအကွာမှာ

ရပ်တန့်သွားသည်။ ရှေ့သို့

အနည်းငယ်ရွေ့လျားသွားမည်ဆိုလျှင်

ယန်ယွဲ့၏ခေါင်းကို

ထုတ်ချင်းဖောက်သွားပေမည်။

သို့သော်လည်း ဓားထိပ်ဖျားက

လှုံ့ကိုယ်ထည်ကို

ထည့်တည့်ထိုးသွင်းထားလေရာ

လေထဲမှာပင်ရပ်တန့်နေခဲ့သည်။

ဆူး…

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ဓားက

အနက်ရောင်လုံ့ကို

ထက်ပိုင်းဖြတ်ချလိုက်သည်။

စုယု၏ အမူအရာက

သိသိသာသာပြောင်းလဲသွားကာ လုံ့ကို

အမြန်လွှတ်ပြီး မီတာ ၃၀၀ အကွာသို့

ခုန်ဆုတ်လိုက်သည်။သို့သော်

သူ့ညာဖက်လက် ကတော့ ပါမလာခဲ့ပေ။

သွေးတစ်စက်စက် စီးကျနေသော

လက်ပြတ်တစ်ဖက်က

လေထဲကနေဖြည်းညှင်းစွာ

ပြုတ်ကျလာသည်။

ဤအခိုက်အတန့်တွင် လူတိုင်း၏
အမူအရာများသည်
ပြောင်းလဲသွားသည်။

အားလုံးက ယန်ယွဲ့အား
စိုက်ကြည့်နေကြသည်။

ဒီလူကဘယ်သူလဲ။

လူတိုင်း၏ စိတ်ထဲမှ
တူညီသောအတွေးများပင်။

ထိုအချိန်တွင် စုယု က ယန်ယဲ့
ကိုကြည့်ကာ “ဘယ်သူလဲ....”

စကားမဆုံးသေးခင်မှာပဲ
ဓားတစ်ချောင်းက သူ၏နဖူးအလယ်ကို
ဖိကပ်ထားသဖြင့်

စုယု။ ခန္ဓာကိုယ်က
တောင့်တင်းသွားသည်။

"အစ်ကိုယန်… " ထိုအချိန်တွင် ယွန်ချန်း
က ရုတ်တရက် အမြန်ပြောလိုက်သည်
"သတ်စရာမလိုပါဘူး"

ယန်ယဲ့က သူမကို
တစ်ချက်ကြည့်လိုက်ပြီး ပြုံးပြသည်။
ထို့နောက် ဆက်ပြောလိုက်သည်

"ဟုတ်ပါတယ်၊ ငါသူ့ကိုမသတ်ပါဘူး"

ထိုစကားပြောပြီးသည်နှင့်

ဓားကိုဆွဲဖယ်လိုက်ပြီး စုယုကို

တစ်ချက်ကြည့်ကာ "မင်းမှာ

ခွန်အားမရှိရင်

ကိုယ့်ကိုယ်ကိုနှိမ့်ချနေသင့်တယ်"

စုယုက စကားပြန်မပြောဘဲ

ယန်ယဲ့ကိုသာ စိုက်ကြည့်နေသည်။

ထိုအချိန်တွင် ယန်ယဲ့ရှေ့ရှိ

အာကာသပြင်ထဲမှ

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးတစ်ဦး

ရုတ်တရက် ပေါ်လာသည်။ အဘိုးကြီးက

“သခင်လေးယန်၊ ဂိုဏ်းသခင်က မင်းကို

တွေ့ချင်နေတယ်။ ဒီနေရာက

စကားပြောဖို့နေရာမဟုတ်ဘူး၊ ဒါဆို

ငါနဲ့လိုက်ခဲ့ပါလား"

ယန်ယဲ့ က ခေါင်းညိတ်သည် "ကောင်းပြီ"

ထိုစကားပြောပြီးနောက် ယန်ယဲ့ က ယွန်ချန်း ကို လှည့်ကြည့်ပြီး "ခွင့်လွှတ်ပါ"

ထို့နောက် အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးနှင့်အတူ နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ထိုအချိန်တွင် စုယု က ယွန်ချန်း ကို ကြည့်ပြီး "သူက ဘယ်သူလဲ" ဟု မေးလိုက်သည်။

ယွန်ချန်း က အသံတိုးတိုးလေးပြောခဲ့သည်
“အရမ်းရှုးသွပ်တဲ့လူ....”

...

ခန်းမတစ်ခုထဲ၌ ။

ယန်ယဲ့၊ စုမူ နှင့်
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးသာ
ရှိနေခဲ့သည်။

စုမူ က ရုတ်တရက်ပြောလိုက်သည်
"အစ်ကိုယန်၊
ခေါင်းကိုချိတ်ထားတဲ့နေရာကို
သွားရအောင်"

ယန်ယွဲ့ က "ငါတို့ အဲဒီကို သုံးရက်ကြာမှ

သွားမှာမဟုတ်ဘူးလား"

စုမူ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“တချို့အကြောင်းတွေကြောင့်

ရက်ရွှေ့လိုက်ရတယ်။ ငါတို့မှာ

ရွေးချယ်စရာ မရှိတော့ဘူး။ ဒါဟာ

မင်းအတွက် ပြဿနာမဟုတ်ဘူး
ဟုတ်တယ်မလား"

ယန်ယဲ့ က စုမူ ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒါပေါ့"

စုမူ က အနည်းငယ်
ခေါင်းညိတ်လိုက်သည် "ဒါဆို
သွားကြရအောင်"

စကားပြောပြီးသည်နှင့် ညာလက်ကို

ဝှေ့ယမ်းကာ ယန်ယဲ့ နှင့်အတူ နေရာတွင်

ပျောက်သွားခဲ့သည်။

အချိန်သိပ်မကြာလိုက်ပါ။

နှစ်ယောက်စလုံး

ရောမတောင်တန်းကြီးတစ်ခုရှေ့သို့ရော

က်လာခဲ့သည်။ တောင်တန်းကြီးသည်

သွေးနီရောင်သကော်တများနှင့်

သွေးချိန်းကြိုးများဖြင့်

ရစ်ပတ်ထားလေရာ

အလွန့်အလွန်ထူးဆန်းနေပုံရသည်။

သွေးချိန်းကြိုးများက

သံမဏိတိုင်လုံးကဲ့သို့ ထူထဲပြီး

များပြားလှသည်။

ယန်ယဲ့ က “အဲဒီထူးဆန်းတဲ့ခေါင်းက ဘယ်မှာလဲ” ဟု ရုတ်တရက် မေးလိုက်သည်

စုမူ က ခေါင်းညိတ်ပြီး “အဲဒါက တောင်ရဲ့ အလယ်မှာ။ လာပါ”

စကားပြောပြီးနောက် စုမူ က တောင်ဝင်ပေါက်ဆီသို့ လျှောက်သွားသည်။

ယန်ယဲ့ သည် စုမူကို တစ်ချက်

ကြည့်လိုက်ပြီး နောက်မှ လိုက်လာသည် ။

အချိန်သိပ်မကြာလိုက်ပါ။

တောင်ထိပ်ပေါ်ရောက်လာကြသည်။

ဤအတောအတွင်း ယန်ယဲ့ သည်

တောင်အလယ်ဗဟိုမှ

ရောမသွေးစက်ဝိုင်းကြီးကို

သတိပြုမိလိုက်သည်သည်။ ထို့အပြင်
သွေးသကော်တပေါင်း မြောက်များစွာ
ဖုံးအုပ်ထားသည်။

သေချာသည်မှာတော့
အလွန်အစွမ်းထက်သော
ချုပ်နှောင်ခြင်းအစီအရင် တစ်ခုပါ။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး

သတိအပြည့်ထားနေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏

စိတ်ဝိညာဉ်ထဲသို့ ချုန်းချီ၏အသံ

ဝင်လာသည် "ကလေး၊ ဒီနေရာက

သာမန်မဟုတ်ပါဘူး။သတိထားပါ"

ယန်ယဲ့ က "ဒါကဘာလဲ"

ချုန်းချီ က ပြန်ဖြေသည် "ရှာမန်း

·Shaman)မျိုးနွယ်ရဲ့ ဆိုးယုတ်တဲ့

အငွေ့အသက်ကို ငါ ခံစားမိလိုက်တယ်"

"ရှာမန်း ( Shaman) မျိုးနွယ် လား" ယန်ယွဲ့

က "အဲဒါဘာလဲ"

ချုန်းချီ က

"အရမ်းကြောက်စရာကောင်းတဲ့

မျိုးနွယ်စုကြီးတစ်ခုပဲ" ဟု

ပြန်ဖြေသည်။သူက ခဏရပ်ပြီး

“မင်းပိုင်ဆိုင်တဲ့

စစ်နတ်ဘုရားရဲ့လက်မောင်းပိုင်ရှင်က

ရှာမန် ( Shaman) မျိုးနွယ် ထဲကပါ”

ယန်ယဲ့ သည် စကားမပြောနိုင်တော့သလို

ခံစားလိုက်ရသည်။

စုမူ က ရုတ်တရက် ရပ်လိုက်ပြီး နေရာ

မှာပင် ပျောက်သွားသည်။ သူ

ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်

ပတ်ဝန်းကျင်ရှိ

သွေးနီရောင်သင်္ကေတများ ရုတ်တရက်

တောက်ပလာသည်။ ထိုခဏလေးမှာပဲ

မမြင်နိုင်သော ပတ်ဝန်းကျင်မှ

မမြင်နိုင်သော စွမ်းအင်လှိုင်းများ

ထွက်ပေါ်လာပြီး ယန်ယွဲ့အပေါ်

ဖုံးလွှမ်းထားသည်။

"ကလေး၊ မင်း အခု မလွတ်နိုင်တော့ဘူး"

ချုန်းချီ က လေးနက်စွာပြောခဲ့သည်။

"ဟားဟား။ ကျေနပ်ပါတယ်

ဒီခန္ဓာကိုယ်က မဆိုးပါဘူး၊

တကယ်လည်း မဆိုးပါဘူး။ဟားဟား"

ထိုအချိန်တွင် တောင်အလယ်ဗဟိုမှ

ရှူးသွပ်ရယ်မောသံကြီး

ရုတ်တရက်ပွဲ့တင်ထပ်လာသည်။

တောင်တစ်ခုလုံးလည်း ပြင်းထန်စွာ

တုန်လှုပ်သွားပါတော့သည်။

May Be:

၂၁၃၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၃၂ - သိမ်းပိုက်မယ်

ယန်ယဲ့ သည် သူ၏ညာဖက်လက်ကို ဖြည်းညှင်းစွာ ဆုပ်ကိုင်လိုက်သည်။

ထောင်ချောက်ဆင်ထားတာလား။

ဤအခိုက်အတန့်တွင် လျို့ဝှက်ဂိုဏ်းက သူ့အား တိုက်ခိုက်ရန် ကြံစည်နေမှန်း မသိဘဲနေမည်နည်း။ လျို့ဝှက်ဂိုဏ်း က ခေါင်းကို ချိတ်ပိတ်ရန် ခေါ်ဆောင်လာခြင်းမဟုတ်ပေ။

ထူးဆန်းသောခေါင်း နှင့်ပူးပေါင်းကာ
သူ့အား တိုက်ခိုက်ခဲ့သည်။

ထိုအချိန်တွင် ယန်ယွဲ့ နှင့် မနီးမဝေးကနေ
ခေါင်းတစ်လုံးပေါ်လာသည်။ ခေါင်းတွင်
ဆံပင်မရှိဘဲ အနက်ရောင်
အလင်းတန်းတစ်ခုသာ ရှိနေသည်။
ထို့အပြင် လက်နှစ်ချောင်းပါသည်။
ထူထပ်သော
သံမဏိချိန်းကြိုးနှစ်ချောင်းက

လက်နှစ်ဖက်စလုံးကို
တင်းတင်းကျပ်ကျပ်
ချည်နှောင်ထားသည်။

ခေါင်းက ယန်ယဲ့ ကို
စူးစိုက်ကြည့်နေသည်။
သူ့အကြည့်များက ဝတ်လစ်စားလစ်
အလှကို ကြည့်နေသော
လူတစ်ယောက်လိုပင်။

ထိုအချိန်တွင် စုမူ က ယန်ယဲ့နှင့်မလှမ်းမကမ်းကနေ ပေါ်လာသည်။

ယန်ယဲ့ က စုမူ ကို ကြည့်ပြီး "ဂိုဏ်းသခင်စု၊ အနည်းဆုံး မသိနားမလည်တဲ့ သေခြင်းမျိုးနဲ့ မသေပါစေနဲ့"

စုမူက ခဏမျှ ငြိမ်သက်သွားပြီး ခေါင်းကို

စိုက်ကြည့်ကာ “ဘာပဲဖြစ်ဖြစ် သူ

လွတ်မြောက်တော့မယ်။

သစ်သားဓားတောင်မှ သူ့ကို

မတားနိုင်တော့ဘူး”

ယန်ယဲ့ က "ဒါဆို"

စုမူ က ဆက်ပြောတယ် " သူ

လွတ်မြောက်သွားပေမယ့်

ငါ့ရဲ့လျှို့ဝှက်ဂိုဏ်းက ဂိုဏ်းတစ်ခုလုံးရဲ့

အင်အားကို ပေါင်းစည်းလိုက်မယ်ဆိုရင်

သူ့ကို မသတ်နိုင်ရင်တောင်

အနည်းနဲ့အများတော့

ထိခိုက်ဒဏ်ရာရစေနိုင်တယ်။ သူလည်း

အဲဒါကို မလိုချင်ဘူး၊

ငါ့လျှို့ဝှက်ဂိုဏ်းကလည်း

မတိုက်ခိုက်ချင်ဘူး။ အဲဒီတော့

သဘောတူညီချက်တစ်ခု

လုပ်လိုက်တယ်။ သူ့အတွက်

ခန္ဓာကိုယ်နစ်ခုရှာပေးပြီးတော့

လျှို့ဝှက်ဂိုဏ်းက ထွက်သွားဖို့

သူ့စိတ်ဝိညာဉ်ကို

ကတိသစ္စာပြုခိုင်းလိုက်တယ်"

ယန်ယဲ့ က "ဒါဆို မင်းငါ့ကို

လုပ်ခိုင်းလိုက်တာလား"

စုမူ က ခေါင်းညိတ်ပြီး “မင်းက စံနှုန်းနဲ့ မညီမှာကို စိုးရိမ်လို့ မင်းရဲ့ ခွန်အားကို မြှင့်တင်ဖို့ ငါတို့ ဆုံးဖြတ်လိုက်တယ်။ အခုတော့ သူအရမ်းကျေနပ်နေပုံပါပဲ”

"ဒီလိုပဲလား" ခေါင်း က ယန်ယွဲ့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်း ရုတ်တရက် ရယ်မောလိုက်ပြီး “ဒီခန္ဓာကိုယ်က အရမ်းကောင်းပါတယ်။ သူ့စိတ်ဝိညာဉ်နဲ့ ခန္ဓာကိုယ်က

သန်မာတယ်။ အရေးကြီးဆုံးကတော့

သူ့ရဲ့ ဓားတာအို ပဲ။ မဆိုးပါဘူး၊

တကယ်မဆိုးပါဘူး”

ယန်ယဲ့ က ခေါင်းကို လစ်လျူရှုပြီး စုမူကို

စိုက်ကြည့်ကာ "မင်း သူ့ကို

တကယ်ယုံသလား"

စုမူ က ပြုံးပြီး “ငါ့လျှို့ဝှက်ဂိုဏ်းက

သူ့အပေါ်ငါတို့ရဲ့

မျှော်လင့်ချက်အားလုံးကို

သဘာဝအတိုင်း ထားမှာမဟုတ်ဘူး။

သူ့စကားကို ပြန်ပြင်ရင်

ငါ့လျှို့ဝှက်ဂိုဏ်းက သဘာဝအတိုင်း

အရန်အစီအစဉ်တစ်ခု ရှိပါတယ်”

"ကလေး" ထိုအချိန်တွင် ခေါင်းက စုမူကို

ရုတ်တရက် စိုက်ကြည့်ရင်း

"အရန်အစီအစဉ်တစ်ခုလား။ ငါ

ဒဏ်ရာမရရင် ဒီလိုဂိုဏ်းတစ်ရာတောင်
ငါ့ရှေ့မှာ ဘာမှဖြစ်မလာနိုင်ဘူး”

စုမူ က ဂရုမစိုက်ဘဲ “ကံမကောင်းစွာပဲ၊
မင်း ဒဏ်ရာက ပြင်းထန်တယ်။
အချင်းချင်း တိုက်ခိုက်တာက
ငါတို့အတွက် အဓိပ္ပါယ်မရှိဘူးလို့
ငါ့ဘိုးဘေးက ပြောခဲ့တယ်။ ဒါဆို မင်းက
ခန္ဓာကိုယ်အသစ်ရှာတွေ့ပြီဆိုတော့
ထွက်သွားနိုင်ပြီ။ အဲဒါက

မင်းအပေါ်ထားတဲ့ ငါ့လှိုဝှက်ဂိုဏ်းရဲ့
ရိုးသားမှုနဲ့ သဘောထားကို ပြသနေတာ။
မင်းက ဘယ်လိုလဲ.... "

ခေါင်းက စုမူကို အချိန်အတော်ကြာ
စိုက်ကြည့်ရင်း “ကောင်းပြီ၊
ငါပြောသလိုပဲ ငါလွတ်မြောက်နိုင်ရင်
လှိုဝှက်ဂိုဏ်းနဲ့
ပြဿနာရှာမှာမဟုတ်ဘူး။ စိတ်မပူပါနဲ့၊

ငါက လူကောင်းမဟုတ်ပေမယ့်
လိမ်ညာတာကို အထင်အမြင်သေးတယ်"

စုမူ က ခေါင်းညိတ်ပြပြီး ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
ခေါင်းကိုလှည့်ကြည့်ကာ "မင်း
ငါတို့အကူအညီလိုသေးလား"

ခေါင်း၏ပါးစပ်ထောင့်မှ
အထင်အမြင်သေးမှုတစ်ခုပေါ်လာသည်

“မူလနတ်ဘုရားအဆင့် ၁ က ပုရွက်ဆိတ်ကိုတောင် မဖြေရှင်းနိုင်ရင် ငါ လုံးဝအားနည်းနေမှာ မဟုတ်ဘူးလား”

စုမူ က အနည်းငယ် ခေါင်းညိတ်လိုက်သည် "ကံကောင်းပါစေ"

စကားပြောပြီးသည်နှင့် နေရာမှာပင်ပျောက်သွားသည်။

ယန်ယွဲ့ နှင့် ထူးဆန်းသောခေါင်း သာလျှင် ကျန်နေခဲ့သည်။

ခေါင်းက ယန်ယွဲ့ကို စိုက်ကြည့်လာပြီး "ငါသာ မင်းနေရာမှာဆိုရင် ငြင်းမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အဲဒါက အစိပ္ပါယ်မရှိသလို အရမ်းနာကျင်ရလိမ့်မယ်"

ယန်ယဲ့ က ခဏမျှ နှုတ်ဆိတ်သွားပြီး "ငါတို့ သဘောတူညီမှု လုပ်ရအောင် ဘယ်လိုလဲ" ဟုမေးလိုက်သည်။

ခေါင်းက "အပေးအယူရှိလား။ လာ၊ ငါ့ကိုအကြောင်းပြောပါဦး"

ယန်ယဲ့ က ရယ်မောလိုက်ပြီး "မင်းကို ဒီကနေ ထွက်သွားနိုင်အောင် ငါကူညီပေးမယ်၊ ငါ့ခန္ဓာကိုယ်ကို

ထိန်းချုပ်ဖို့ မင်းမကြိုးစားရဘူး။

အဆင်ပြေလား"

"ကူညီမှာလား" ခေါင်းက

ပါးစပ်ထောင့်တွင်

အထင်အမြင်သေးမှုတစ်ခု ပေါ်လာသည်

၊ "မင်း မင်းရဲ့ အရည်အချင်းကို

တော်တော်လွှန်ကဲနေတာပဲ။ ဒီအစီအရင်နဲ့

သွေးချိန်းကြိုးတွေက

ဒီအလယ်စကြာဝဠာကမဟုတ်ဘူး။

အဲဒီအမျိုးသမီး က လောကသုံးပါးကနေ ဆင်းလာတာ။ မင်းရဲ့ခွန်အားက ဒီသံမဏိချိန်းကြိုးတွေကို ချိုးဖျက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

ယန်ယဲ့ "ငါကြိုးစားကြည့်လို့ရတယ်"

"မလိုအပ်ဘူး" ခေါင်းက ဘာမှမထူးခြားသလိုသာ ပြန်ပြောသည် “ဒီနေရာက ထွက်သွားရင်တောင်

ခန္ဓာကိုယ်အသစ်တစ်ခုရှာရမှာပဲ။

မဟုတ်ရင် ငါ့ရဲ့ ခွန်အားကို အပြည့်အဝ

အသုံးချနိုင်မှာ မဟုတ်ဘူး။ဒါပေမဲ့

သာမန်လူတွေက

ငါ့စွမ်းအားကိုလက်ခံထားနိုင်မှာမဟုတ်

ဘူး။ မင်းပဲတတ်နိုင်မယ်။ ဒါကြောင့်

ဘာကိုဆိုလိုတယ်ဆိုတာ

နားလည်သင့်တယ်”

ယန်ယဲ့ က ခဏမျှစဉ်းစားပြီး

"တကယ်ပြန်မစဉ်းစားတော့ဘူးလား"

"ဒါပေါ့" ခေါင်းက

စကားပြောပြီးသည်နှင့် တပြိုင်နက်

ပြင်းထန်သော စုပ်ယူအားတစ်ခု

ပျံ့လွင့်လာကာ ယန်ယဲ့အား ခေါင်းဆီသို့

စုပ်လိုက်လေသည်။

ယန်ယွဲ့ သည် တုံ့ဆိုင်းမနေဘဲ
သစ်သားဓားကို မြှောက်ကာ
ပိုင်းချလိုက်သည်။

ဘမ်း...

ဓားစွမ်းအင်တစ်စင်းက လေထဲသို့
ပျံ့လွင့်လာကာ စုပ်ယူအားကို
ချေဖျက်ပစ်လိုက်သည်။ သို့သော်လည်း
ခဏအကြာတွင် စုပ်ယူအားက

ပြန်ပေါ်လာသည်။

၎င်းသည်ယန်ယဲ့အပေါ်သို့

ဆွဲငင်လာသော

သံလိုက်ချည်မျှင်များစွာနှင့်တူသည်။

ယန်ယဲ့အား ခေါင်းဆီသို့

ဖြည်းညှင်းစွာဆွဲယူသွားလေသည်။

ယန်ယဲ့၏ အမူအရာသည်

တည်ငြိမ်သွားသည် ။ သစ်သားဓားကို

ဘယ်ဖက်လက်ဖြင့်

တင်းတင်းဆုပ်ကိုင်လိုက်ပြီး ဆတ်ခနဲ

လိမ်လိုက်သည်။ ထိုခဏလေးမှာပဲ

ဓားစွမ်းအင်လှိုင်းကြီးတစ်ခု

ပြေးထွက်လာပြီး စုပ်ယူအားကို

အပိုင်းပိုင်းခွဲလိုက်သည်။တစ်ချိန်တည်း

မှာပဲ ယန်ယွဲ့၏ပုံရိပ်က

နောက်ပြန်ဆုတ်သွားသည်။

"ပြေးဖို့ကြိုးစားနေတာလား။

ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ"

ယန်ယဲ့ ထွက်ပြေးရန်ပြင်နေမှန်း

သတိထားမိသောအခါ ခေါင်း က

လှောင်ပြောင်လေသည်။ ထို့နောက်

ယန်ယဲ့၏ ပတ်ပတ်လည်မှ

အာကာသပြင်ဟာ အလွှာလိုက်

ကျုံ့သွားပါတော့သည်။ ထိုနေရာက

စုပုံနေသောသတ္တုအပိုင်းအစများအလား

စုစည်းသွားကာ ယန်ယဲ့အပေါ်သို့

တဖြည်းဖြည်း ဖိချလာသည်။

ယန်ယွဲ့က သစ်သားဓား ကို

မြှောက်လိုက်ပြီး သူ့အပေါ် ဖိချလာသည့်

အာကာသပြင်ကို အလျားလိုက်

ခုတ်ပိုင်းလိုက်သည်။

အထက်အာကာသပြင်ဟာ ချက်ချင်း

ပွင့်ထွက်သွားသည်။ ထို့နောက်တွင်

ယန်ယွဲ့ရှေ့မှ အာကာသအက်ကြောင်း

တစ်ခု ပေါ်လာသည်။ အာကာသအက်

ကြောင်းထဲကို ဝင်ခါနီးတွင် သူ့ရှေ့ရှိ

အာကာသပြင်ဟာ ပုံမှန်အတိုင်း

ပြန်ဖြစ်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင်

ပေါက်ကွဲထွက်နေသော မီးတောင်ကဲ့သို့

ပြင်းထန်သော စွမ်းအင်လှိုင်းလုံးကြီး

ထွက်ပေါ်လာသည်။

အုန်း...

ယန်ယဲ့ သည် နောက်သို့

အကြိမ်ကြိမ်ဆုတ်သွားလိုက်ရ၏။

ဤအခိုက်အတန့်တွင် ယခင်က

သူရပ်နေသည့် နေရာကို

ပြန်ရောက်လာခဲ့သည်။

"မင်းရဲ့ ဓားတာအို အောင်မြင်မှုတွေက

မဆိုးပါဘူး" ခေါင်းက

ရုတ်တရက်ပြောခဲ့သည်

“ပြောစရာမလိုအောင် တကယ်ကို
ရှားမှရှားတဲ့ပါရမီရှင်တစ်ယောက်ပဲ”

ယန်ယဲ့ က ခေါင်းကို စိုက်ကြည့်ကာ
တိတ်ဆိတ်နေ၏။

ဤအခိုက်အတန့်တွင် သူသည်
ထပ်မံတိုက်ခိုက်ခြင်းမပြုတော့ပေ။
သို့မဟုတ်
တိုက်ခိုက်နိုင်စွမ်းမရှိတော့တာပါ။

အကြောင်းမှာ သူ့ခန္ဓာကိုယ်အနှံ့

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်ကြိုးများဖြင့်

ချုပ်နှောင်ခံထားရလို့ပါ။

လုံးဝမလှုပ်ရှားနိုင်ပေ။

ယခု သူလုပ်နိုင်သည်

လူသတ်လိုစိတ်အပြည့် အကြည့်များဖြင့်

ခေါင်းကို စိုက်ကြည့်နေရုံသာ။

ခေါင်းက မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"နောက်ဆုံးတော့ ဝင်လို့ရပြီ"

စကားပြောပြီးသည်နှင့်

အနက်ရောင်အလင်းတန်းအဖြစ်

ပြောင်းလဲကာ ယန်ယွဲ့၏နဖူးထဲသို့

ဝင်ရောက်သွားလေသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏

ပါးစပ်ထောင့်က

လှောင်ပြောင်နေသောအမူအရာတစ်ခု

မသိမသာလေး ပေါ်လာသည်။

ဒီသောက်ရူးခေါင်း က ငါ့ခန္ဓာကိုယ်ကို

ထိန်းချုပ်ချင်နေတာလား။

ယန်ယဲ့ က စိတ်ထဲကနေသော

လှောင်ပြောင်ရယ်မောလိုက်သည်။

ခေါင်းက သူ့ခန္ဓာကိုယ်ထဲ
ဝင်ရောက်သွားသည့်တိုင် ယန်ယဲ့ သည်
ကြောက်လန့်နေခြင်းမရှိပေ။
အဓိကကတော့ မူလစေတီ ရှိနေလို့ပါ။

မူလစေတီက ယန်ယဲ့၏စိတ်ဝိညာဉ်
နှင့်မူလဝိညာဉ်ကိုအကာအကွယ်ပေးထား
သည်။ တစ်စုံတစ်ယောက်ဟာ
သူ့ခန္ဓာကိုယ်ကို ထိန်းချုပ်လိုပါက

မူလစေတီကို အရင်ဦးဆုံး
ဖျက်ဆီးမှသာရပေမည်။

သို့ရာတွင် မူလစေတီ ကို
ဖျက်ဆီးနိုင်မည်လား။ ၎င်းသည်
လောကသုံးပါး၏ အထွတ်အမြတ်
ရတနာတစ်ပါးပင်။ အတိုချုပ်ပြောရလျှင်
ယန်ယဲ့ သည် မူလစေတီ အပေါ်
အကြွင်းမဲ့ယုံကြည်ပါသည်။

ထိုထူးဆန်းသော ခေါင်းက မူလစေတီကို

ဖျက်ဆီးနိုင်မည်မဟုတ်ပေ။

အနည်းဆုံးတော့ လက်ရှိသူ့ခွန်အားက

ဖြစ်နိုင်မည်မဟုတ်ပါ။

အစောပိုင်းက ခေါင်းကို

ငြင်းပယ်နေသည့် အကြောင်းအရင်းမှာ

သံသယဝင်လာမည်ကို

ကြိုကာကွယ်သည့်အနေဖြင့်ပါ။

အကယ်၍ သူသာ ခေါင်းမခါဘဲ

လက်ခံလိုက်ပါက ခေါင်းဟာ သူ့အား

သံသယဝင်သွားနိုင်လေသည်။

ထိုအချိန်တွင် ခေါင်းက

သူ၏ခန္ဓာကိုယ်ကို

တိုက်ရိုက်မထိန်းချုပ်ဘဲ

သတ်ပစ်ရန်ကြိုးစားပါလိမ့်မည်။

တစ်နည်းအားဖြင့် သူသည် ခေါင်းက

သံသယမဝင်အောင်သာ

ပြန်ပြီးတိုက်ခိုက်ပြခြင်းပင်။
သူ၏ဝှက်ဖဲအားလုံးကို
ထုတ်မသုံးလိုက်ပေ။

ဤအခိုက်အတန့်တွင် ခေါင်းက
ယန်ယွဲ့၏ စိတ်ဝိညာဉ်ပင်လယ်ထဲသို့
ဝင်ရောက်သွားပါတော့သည်။

ခေါင်းက ယန်ယွဲ့၏မူလစိတ်ဝိညာဉ်ကို
ထိန်ချုပ်ရန်ပြင်လိုက်သည်။

ထိုအချိန်တွင် အစွမ်းထက်

စွမ်းအင်လှိုင်းလုံးများ ရုတ်ချည်း

ထွက်ပေါ်လာခဲ့သည်။ ထို့နောက်တွင်

ခေါင်းက မသိလိုက်ခင်မှာပဲ

မူလစေတီထဲကို

ဆွဲယူခံလိုက်ရလေသည်။

မူလစေတီထဲသို့ ရောက်လာသည်နှင့်

ခေါင်း က အံ့သြသွားသည်။

သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး "ငါဘယ်မှာရောက်နေတာလဲ"

ထိုအချိန်တွင် ချုန်းချီ က ခေါင်းရှေ့တွင် ရုတ်တရက်ပေါ်လာသည်။ သူက ခေါင်းကို ဂရုမစိုက်သော အကြည့်တစ်ချက်ဖြင့် "မင်းဘာလို့ မှန်းဆမကြည့်ရတာလဲ"

ခေါင်းက ချုန်းချီကို စိုက်ကြည့်ပြီးနောက် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သူ၏မျက်လုံးများက ရုတ်တရက် ပြူးကျယ်သွားကာ "ချုန်းချီ၊ မင်းဟာ နတ်မိစ္ဆာဧကရာဇ် (၄)ပါးထဲက ချုန်းချီ ဆိုတဲ့ တစ်ယောက်ပဲ။ မင်းဒီမှာဘာလာလုပ်နေတာလဲ"

ချုန်းချီ က "ဘာလို့ ကိုယ့်ဘာသာကိုခန့်မှန်းကြည့်ဖို့ မကြိုးစားတာလဲ"

ခေါင်း၏အမူအရာက ချက်ချင်းပြောင်းသွားသည်။ သူသည် ရုတ်တရက် မျက်မှောင်ကြုတ်ကာ “မဟုတ်သေးဘူး၊ ဒါက မင်းရဲ့ မူလခန္ဓာကိုယ်မဟုတ်ဘူး။ ကိုယ်ပွားတစ်ခုပဲ"

ချုန်းချီ က ခေါင်းကို ဂရုမစိုက်ဘဲ
တစ်ချက်သာစိုက်ကြည့်ပြီး မြေပြင်ပေါ်
လှဲချလိုက်သည်။

ချုန်းချီ က လစ်လျူရှုလိုက်သောကြောင့်
ခေါင်း၏မျက်နှာသည်
အေးစက်သွားသည်။ သူ့ထံမှ
အစွမ်းထက်အော်ရာများ

ပေါက်ကွဲလာကာ ချုန်းချီ အပေါ်သို့

ကျဆင်းလာသည်။

ချုန်းချီ က ဘာမှမဖြစ်ဟန်ဖြင့်

လက်သည်းတစ်ဖက်မြှောက်ပြီး ရှေ့ကို

ရိုက်ထုတ်လိုက်သည်။

အုန်း...

နှစ်ဖက်တိုက်ခိုက်မှုများ

ထိပ်တိုက်တွေ့သွားသည်နှင့်

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။ ခေါင်းက

နောက်တစ်ကြိမ်

တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်လည်း ချုန်းချီ က ရုတ်တရက်

ပြောခဲ့သည် "ငါသာ မင်းနေရာမှာဆိုရင်

ငြိမ်ငြိမ်လေးပဲနေလိုက်မှာ"

"ငြိမ်ကုပ်နေရမှာလား" ခေါင်းက အေးစက်စွာ ပြောလိုက်သည်။ ထို့နောက်တွင် ကြောက်မက်ဖွယ်ရာ မကောင်းဆိုးဝါးစွမ်းအင်လှိုင်းကြီး ပေါ်လာသည်။ သို့သော်လည်း ချုန်းချီ က မလှုပ်ရှားဘဲ မြေကြီးပေါ်မှာသာ လှဲနေခဲ့လေသည်။

မကောင်းဆိုးဝါးစွမ်းအင်လှိုင်းက ချုန်းချီအပေါ် ရိုက်ချခါနီးမှာပဲ

ကောင်းကင်ထက်မှ

မမြင်နိုင်သောစွမ်းအားလှိုင်းတစ်ခု

ဆင်းသက်လာပြီး

ချေဖျက်ပစ်လိုက်သည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက် မကောင်းဆိုးဝါး

စွမ်းအင်များဟာ ချက်ချင်းပင် ပျောက်ကွယ်သွားတော့သည်။

ခေါင်း၏အမူအရာက သိသိသာသာပြောင်းသွားသည်။ ကောင်းကင်ကို မော့ကြည့်လိုက်ရင်း သူ့မျက်နှာက လေးနက်သော အမူအရာ ပေါ်လာသည်။ ခဏအကြာတွင် သူသည် ချုန်းချီ ကို စူးစိုက်ကြည့်ကာ "ဘာလို့ အပြင်လောက ဒါမှမဟုတ်

အရာခပ်သိမ်းရဲ့ နိယာမတွေကို ငါ

နားမလည်နိုင်တာလဲ။ ဒီနေရာက

ဘာလဲ”ဟုမေးလိုက်တော့သည်။

ချုန်းချီ က မျက်လုံးမှိတ်ထားလျက်ပင်။

စကားတစ်လုံးမှ ပြန်မပြောပေ။

ထိုအချိန်တွင်

အဖြူရောင်အလင်းတန်းတစ်ခု

ရုတ်တရက်လင်းလက်သွားသည်။

ထို့နောက် နှင်းပွင့်လေးက လက်ထဲတွင်

သစ်သားဓားကို ကိုင်ထားလျက်

သူတို့ရှေ့ မှာ ပေါ်လာသည်။

နှင်းပွင့်က ခေါင်းကို

စူးစိုက်ကြည့်နေသည်။

သူမ၏မျက်လုံးလုံးသေးသေးလေးများ

က စူးစမ်းချင်စိတ်များ အပြည့်နှင့်

ထပ်ခါတလဲလဲ

မျက်တောင်ခတ်နေသည်။

နှင်းပွင့်၏လက်ထဲမှ သစ်သားဓားကို
မြင်သောအခါ ခေါင်း၏အမူအရာက
ပြင်းထန်လာသည်။ ထို့နောက်တွင်
မကောင်းဆိုးဝါးစွမ်းအင်များက
နှင်းပွင့်လေး ဆီသို့ တိုးဝင်သွားသည်။

ခေါင်းက
ရုတ်တရက်တိုက်ခိုက်လာသောကြောင့်
နှင်းပွင့်၏မျက်လုံးသေးသေးလေးများ

က ပြုံးကျယ်သွားသည်။ သူမအတွက်
ခေါင်းက စကားပင်မပြောဘဲ
တိုက်ခိုက်မည်မဟု
မမျှော်လင့်ထားလို့ပါ။

ချုန်းချီ က မျက်လုံးကို
ရုတ်တရက်ဖွင့်လိုက်ပြီး
ခေါင်းကိုစိုက်ကြည့်နေသည်။
သူ့မျက်လုံးထဲမှာတော့

သနားနေသောအရိပ်အယောင်တစ်ခုပါရှိ

နေ၏။

နှင်းပွင့်လေး နှင့် ဇီအာ က မူလစေတီ၏

အထူးနှစ်သက်ခံရသူများပါ။

မူလစေတီထဲတွင် ထိုကလေးများကို

တိုက်ခိုက်ပါက ကိုယ့်သေတွင်းကို

တူးသလိုပင်။

မူလစေတီက ယန်ယဲ့ ကို အကြိမ်ကြိမ်
မကူညီသော်လည်း နှင်းပွင့် နှင့် ဇီအာ
ကိုတော့ အချိန်တိုင်းကူညီပေး၏။

အမှန်ပင်။ ခေါင်းက
တိုက်ခိုက်လိုက်သည်နှင့်
ကောင်းကင်ထက်ကနေ
ကြောက်မက်ဖွယ်ရာ စွမ်းအားလှိုင်းများ
ဆင်းသက်လာကာ ၎င်းအပေါ်
ရိုက်ချလိုက်သည်။

အုန်း...

ဘုန်း...

ခေါင်းက ၁၀ ကီလိုမီတာအကွာသို့ လွင့်ပျံထွက်ကာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့သည်။ မြေပြင်ကို ဝင်တိုက်မိသည်နှင့် တပြိုင်နက်

လျှောင်လှုပ်ခတ်သွားသလိုမျိုး

ပြင်းထန်စွာ တုန်လှုပ်သွားပါတော့သည်။

ခေါင်းက အတော်ကို

ထိတ်လန့်သွားသည်။ထိတ်လန့်လို့မှမပြီး

သေး စွမ်းအင်လှိုင်းတစ်ခုက ခေါင်းကို

ရိုက်ချလိုက်ပြန်သည်။

ဘုန်း…

ခေါင်း က တုံ့ပြန်နိုင်ခဲ့ခြင်းမရှိဘဲ
နောက်ထပ် ၁၀ ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။

သို့သော် ၎င်းသည်
အဆုံးမဟုတ်သေးပေ။

ကောင်းကင်ထက်မှ
စွမ်းအင်လှိုင်းအများအပြား
ဆင်းသက်လာပါသည်။

ဤ၅၅တစ်ကြိမ်တွင် ခေါင်းက

အစွမ်းထက်အော်ရာများ ထုတ်လွှတ်ကာ

ကောင်းကင်ထက်သို့ ပျံတက်သွားသည်။

ထိုခဏလေးမှာပဲ

အထက်ကောင်းကင်တစ်ခုလုံးရှိ

အာကာသပြင်သည် ပြင်းထန်စွာ

လှုပ်ခါလာပါသည်။ ချက်ချင်း

ပြိုကျသွားသလိုပင်။

.

.

.

.

.

.

###Book.131